
www.burmeseclassic.com

မိတ်ဆွေစာပေ

# ဝဋ်ကြွေးခံ ရဟန္တာ
နှင့်
# ထိတ်လန့်ဖွယ် ပြိတ္တာတစ္ဆေများ



ကောန်မင်း

BURMESE CLASSIC

ပန်းချီ ...င်မောင်ဦး (လှည်းကူး

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ် - ၂၀၁၆ ဒီဇင်ဘာလ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ခင်မောင်ဦး(လှည်းကူး)
ကွန်ပျူတာ - ရှုသိရိမေ
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၀၃၇၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ကောန်မင်း ၃၉၈.၂
ဝင့်ကြွေးခံရဟန္တာနှင့် ထိတ်လန့်ဖွယ် ပြိတ္တာတစ္ဆေများ/ကောန်မင်း။
ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၂၆-စာ၊ ၁၂ x ၁၈ စင်တီ

# ဝင့်ကြွေးခံ ရဟန္တာ

## နှင့်

# ထိတ်လန့်ဖွယ် ပြိတ္တာတစ္ဆေများ

**ကောန်မင်း**

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ ကျမ်းဂန်လာ ပြိတ္တာအမျိုးမျိုး ၃
၂။ ကျိန်ဆိုကောက်ကျစ်၍ ပြိတ္တာဖြစ်သူ ၁၀
၃။ အုပ်ချုပ်သမား ပြိတ္တာများ ၂၇
၄။ လူခေါင်း မြွေခန္ဓာနှင့်ပြိတ္တာ ၄၂
၅။ စပါးကြီးမြွေပြိတ္တာနှင့် အငြိုးကြီးသူ ၅၄
၆။ မစ္ဆရိယစိတ်ကြီးသူ မတ္တာပြိတ္တာ ၆၆
၇။ လူမိုက်တို့ရဲ့ သွားရာလမ်း ၁၀၅
၈။ ဆုတောင်းများ၍ ကိုယ်လုံးတီးဖြစ်ရသော ပြိတ္တာမ [illegible]
၉။ သဒ္ဒါနည်း၍ဖြစ်ရသော အရိုးစုပြိတ္တာ [illegible]
၁၀။ ဆုတောင်းများ၍ ပြိတ္တာဖြစ်ခဲ့ရသူ [illegible]
၁၁။ နှုတ်ဝစီကြမ်း၍ ပြိတ္တာတစ္ဆေဖြစ်ရသူ [illegible]
၁၂။ ဝက်ပြိတ္တာ [illegible]
၁၃။ မကောင်းမှုကံ ဝင့်ကြွေးခံရသည့် နန္ဒာကျွန်ပါလမထေရ် [illegible]
၁၄။ ပြိတ္တာဖြစ်သွားသော မိသားစု [illegible]


# "ကျမ်းဂန်လာ ပြိတ္တာအမျိုးမျိုး"

ပေတဝတ္ထု အဋ္ဌကထာများတွင် ပြိတ္တာလေးမျိုး ပြထားသည်။

**ပြိတ္တာလေးမျိုး**

(၁) **ပရဒတ္တူပ ဇီဝိတပြိတ္တာ**

(သူတစ်ပါးပေးသော အစာရေစာကိုသာ စားသုံးပြီး အသက်ရှင်ရသောပြိတ္တာ)

(၂) **ခုပ္ပိပါသိကပြိတ္တာ**

(မည်သည့်အစားအစာမှ မစားရဘဲ အမြဲငတ်မွတ်နေသည့် ပြိတ္တာ)

(၃) **နိဇ္ဈာမတဏှိကပြိတ္တာ**

(အမြဲတမ်း ပူပန်လောင်ကျွမ်းနေရသောပြိတ္တာ)

(၄) **ကာလကဉ္စိကပြိတ္တာ**

(အသူရကာယ်ဘုံသားများကို ကာလကဉ္စိကပြိတ္တာဟု ခေါ်သည်)

www.burmeseclassic.com

www.burmeseclassic.com



## စတုတ္ထပါရာဇိက ပါဠိတော်လာ ဂိဇ္ဈကူဋ်တောင်မှ ပြိတ္တာ (၂၁)မျိုး

(၁) **အရိုးစုပြိတ္တာ**

အတိတ်ကံ – နွားသတ်သမားဖြစ်ခဲ့သည်။

(၂) **အသားတစ်ပြိတ္တာ**

အတိတ်ကံ – နွားသတ်သမားဖြစ်ခဲ့သည်။

(၃) **အသားတုံးပြိတ္တာ**

အတိတ်ကံ – ငှက်သတ်သမားဖြစ်ခဲ့သည်။

(၄) **အရေမပါပြိတ္တာ**

အတိတ်ကံ – ဆိတ်သတ်သမားဖြစ်ခဲ့သည်။

(၅) **သံလျက်အမွေးပေါက်ပြိတ္တာ**

အတိတ်ကံ – ဝက်သတ်သမားဖြစ်ခဲ့သည်။

(၆) **လှံအမွေးပေါက်ပြိတ္တာ**

အတိတ်ကံမှာ – သားသတ်မုဆိုးဖြစ်ခဲ့သည်။

(၇) **မြားအမွေးပေါက်ပြိတ္တာ**

အတိတ်ကံမှာ – လက်မရှိ အာဏာသားဖြစ်ခဲ့သည်။

(၈) **အပ်အမွေးပေါက်ပြိတ္တာ**

အတိတ်ကံမှာ – ရထားထိန်းဖြစ်ခဲ့သည်။



(၉) **အပ်အမွေးပေါက်ပြိတ္တာ**

အတိတ်ကံမှာ – ကုန်းတိုက်သမားဖြစ်ခဲ့သည်။

(၁၀) **ဝှေးဥထမ်းပြိတ္တာ**

အတိတ်ကံမှာ – လာဘ်ပေးလာဘ်ယူ တရားသူကြီးဖြစ်သည်။

(၁၁) **မစင်တွင်းကျပြိတ္တာ**

အတိတ်ကံမှာ – သူများသားမယား ဖျက်ဆီးခဲ့သည်။

(၁၂) **အရေမပါပြိတ္တာမ**

အတိတ်ကံမှာ – လင်ငယ်နှင့် ဖောက်ပြားခဲ့သည်။

(၁၃) **အနံ့ဆိုးပြိတ္တာ**

အတိတ်ကံမှာ – နတ်ကတော်ဖြစ်ခဲ့သည်။

(၁၄) **မီးစားပြိတ္တာ**

အတိတ်ကံမှာ – သူတစ်ပါးကို မီးအိုးကင်းဖြင့် ပစ်ပေါက်ခဲ့သည်။

(၁၅) **မစင်စားပြိတ္တာ**

အတိတ်ကံမှာ – သံဃာတော်များကို မစင်စားဟု ပြောခဲ့သည်။

(၁၆) **ခေါင်းပြတ်ပြိတ္တာ**

အတိတ်ကံမှာ – သူသတ်ယောက်ျားဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၇) ရတန်းပြိတ္တာ

အတိတ်ကံမှာ – ယုတ်မာသော အကျင့်ကိုကျင့်ခဲ့သည်။

(၁၈) ရတန်းမပြိတ္တာ

အတိတ်ကံမှာ – ယုတ်မာသော အကျင့်ကိုကျင့်ခဲ့သည်။

(၁၉) ထိကွမာန်ပြိတ္တာ

အတိတ်ကံမှာ – ယုတ်မာသော အကျင့်ကိုကျင့်ခဲ့သည်။

(၂၀) သာမဏောပြိတ္တာ

အတိတ်ကံမှာ – ယုတ်မာသော အကျင့်သာကျင့်ခဲ့သည်။

(၂၁) သာမဏောမပြိတ္တာ

အတိတ်ကံမှာ – ယုတ်မာသော အကျင့်ကိုကျင့်ခဲ့သည်။

ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆွမ်းခံကြွလေ့ရှိသော အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး ကြုံတွေ့ရသည့် ပြိတ္တာများဖြစ်သည်။

မန်လည်ဆရာတော်ဘုရားကြီး၏ ပေယျာလ ပြိတ္တာရှင်းတမ်း၌ ပြိတ္တာ(၁၂)မျိုး ဖော်ပြထားသေးသည်။

(၁) ဝန္တာသပြိတ္တာ

အန်ဖတ်စားပြိတ္တာ (ရဟန်းသံဃာတော်များကို ရှုတ်ချပစ်ငြင်းလျှောခဲ့သူ)



(၂) ကုဏပဝပြိတ္တာ

အပုပ်စားပြိတ္တာ (အလိုဆိုးဖြင့် မရှိမသေ ပေးလှူခဲ့သူ)

(၃) ဂူထခါဒကပြိတ္တာ

မစင်စားပြိတ္တာ (သူတစ်ပါးကို အပူဖြင့် နှိပ်စက်ခဲ့သူ)

(၄) အဂ္ဂိဇာလပြိတ္တာ

မီးစားပြိတ္တာ (သူတစ်ပါးကို အပူဖြင့်နှိပ်စက်ခဲ့သူ)

(၅) သူစိမုခပြိတ္တာ

အပ်ခံတွင်းပေါက်ပြိတ္တာ (သူတစ်ပါးအလှူကို ပိတ်ပင်သူ)

(၆) တဏှဋ္ဌိတပြိတ္တာ

အငတ်ပြိတ္တာ (ရေတွင်းရေကန်ဖျက်ဆီးခဲ့သူ)

(၇) သုနိဇ္ဈာမကပြိတ္တာ

မီးလောင်သစ်ငုတ်ပြိတ္တာ (သက်ကြီးရွယ်အိုများကို မရိုမသေပြုလုပ်ခဲ့သူ)

(၈) သတ္တင်္ဂပြိတ္တာ

ဓါးသွေးသားပြန်စားပြိတ္တာ (အစဉ်ဖြင့် မုဒိမ်းမှုပြုခဲ့သူ)

(၉) ပဗ္ဗတင်္ဂပြိတ္တာ

မီးလောင်ခံပြိတ္တာ (သူတစ်ပါးနေအိမ်ကို မီးရှို့ဖျက်ဆီးခဲ့သူ)

www.burmeseclassic.com

www.burmeseclassic.com



### (၁၀) အဇရဂ်ပြိတ္တာ

ဓါးမပါပြိတ္တာ (သူတစ်ပါးကြောက်အောင် ခြောက်လှန့်ခဲ့သူ)

### (၁၁) ဝေမာနိတပြိတ္တာ

နတ်တလှည့်၊ ငရဲတလှည့်ခံ ပြိတ္တာ (ကုသိုလ်ပြုပြီး လင်ငယ် မယားငယ်နေခဲ့သူ)

### (၁၂) မတိန္ဒိကပြိတ္တာ

နတ်ဗိမာန် ခံစားရင်း ငတ်နေသောပြိတ္တာ

(ကျောင်းတကာဖြစ်သော်လည်း နေအိမ်သဖွယ် သုံးစွဲခဲ့သူ)

ပြိတ္တာတစ္ဆေဟူသည်ကား ဘုရားရှင်အဆက်ဆက်မှာလည်း ဖြစ်ခဲ့သည်။ ယခုခေတ်အခါမှာလည်း ပြိတ္တာဖြစ်နိုင်သည်။ လော ဒေါသ၊ မောဟတို့နှင့် မကင်းနိုင်သရွေ့ ပြိတ္တာလောကသို့ရောက်ရ သေချာသလောက်ပင်ဖြစ်သည်။

အပါယ်၊ အုဂ္ဂတိ၊ ပြိတ္တာ၊ တစ္ဆေအသူရကာယ်ဘုံတို့မှ လွတ်ငြ ကင်းဝေးရန် ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို အခါအားလျော်စွ အားထုတ်သင့်ကြပေသည်။

အပါယ်ဘုံတစ်ခုခုသို့ ရောက်ရန် လွယ်ကူသော်လည်း သုဂ ဘုံသို့ရောက်ရန် ခဲယဉ်းလှသည်။

အပါယ်ဘုံသား တစ္ဆေပြိတ္တာများကို ရောက်ရာဘဝမှ ကျွ



တန်းဝင်နိုင်အောင် အလှူအိန္ဒြိယ အမျှအတန်းပေးဝေကာ သာဓုခေါ် စေရပါမည်။

ပြိတ္တာလေးမျိုးတို့တွင် ပြိတ္တာတိုင်း သာဓုမခေါ်နိုင်ကြပါ။ သာဓု မခေါ်ဆိုနိုင်သော ပြိတ္တာအမျိုးအနွယ်ဖြစ်သွားပါက အမျှအတန်း ပေးဝေသော်လည်း မရကြပါ။

အလှူပေးပြီး အမျှအတန်းဝေ၍ သာဓုခေါ်နိုင်ပါသော်လည်း ခံယူမည့် ပြိတ္တာသိအောင်လုပ်ရပါမည်။

သိအောင်၊ ကြားအောင် ဂရုတစိုက် ဖိတ်ကြားကြရပါမည်။

အလှူပေးခြင်းကို ခံယူသည့် အလှူခံပုဂ္ဂိုလ်သည်လည်း အကျင့် သိက္ခာ၊ သီလ၊ သမာဓိတို့နှင့် ပြည့်စုံသူဖြစ်ရပါမည်။ သို့ကြောင့် အမျှအတန်းပေးဝေသော အဖို့ဘာဂကို ခံယူရရှိပြီး သာဓုခေါ်နိုင် မှသာ ထိုထက်ပို၍ မြင့်သော မြတ်သောနေရာသို့လည်းကောင်း၊ အစာအာဟာရ၊ အဝတ်အထည်တို့သည်လည်းကောင်း ထိုက်တန်မှု တစ်ခုခု ရရှိနိုင်ကြပေလိမ့်မည်ဖြစ်သည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ကျိန်ဆိုကောက်ကျစ်၍ ပြိတ္တာဖြစ်သူ

မြတ်စွာဘုရား ပွင့်တော်မူစဉ်ကာလ ရဟန်းတစ်သယ့်နှစ်ပါးတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကျင့်စဉ်တရားများကို တောင်း၍ သင့်လျော်ရာနေရာများသို့ တရားအားထုတ်ရန် ထွက်ခွာသွားကြသည်။

တရားလည်း အားထုတ်ပွားများနိုင်သလို ဆွမ်းကွမ်းကိစ္စတို့လည်း ပြေလည်မှုရှိရန် ရည်ရွယ်၍ ရွာနှင့်လည်းမဝေးသော တောအုပ်ကို အမှီပြု၍ နေထိုင်သီတင်းသုံးခဲ့သည်။

ဝါဆိုရန်လည်း နီးကပ်လာခဲ့ပြီး ရဟန်းတော်များ အမှီပြု၍ နေထိုင် သီတင်းသုံးသောအရပ်နှင့် နီးသည့်ရွာသည် ရက်ကန်းသည် တစ်ဆယ့်တစ်ဦးနေသောရွာဖြစ်သည်။





ထိုရက်ကန်းသည်တို့သည် ဆွမ်းခံကြွလာကြသော ရဟန်းတို့ကို ကြည်ညိုသဖြင့် မိမိတို့အိမ်များသို့ ပင့်ဖိတ်ကာ နှမ်းမြတ်သော ခဲဖွယ်ဘောဇဉ်များကို ဝမ်းမြောက်ဝမ်းသာ ဆက်ကပ်ကြလေသည်။

ဤရွာမှာပင် ဝါဆိုကြပါရန် လျှောက်ထားလေသော် ရဟန်းတော်တို့ကလည်း သဘောတူ လက်ခံခဲ့ကြသည်။

ရဟန်းတော်များ သီတင်းသုံးနိုင်ရန် တစ်ပါးကျောင်းများ ဆောက်လုပ်လှူဒါန်းကြသည်။

ရက်ကန်းသည်တို့က ဝါတွင်းလှူဒါန်းရန် တစ်ဦးကို တစ်ပါးစီ တာဝန်ယူကြသည်။ ထိုအခါ ရဟန်းတစ်ပါးပိုနေသဖြင့် ရက်ကန်းသည်ခေါင်းဆောင်လုပ်သူက ရဟန်းနှစ်ပါး တာဝန်ယူလိုက်တော့သည်။

ထိုအထဲတွင် ရက်ကန်းသည်မှူး၏ ဇနီးမယားက သဒ္ဓါမရှိ၊ စေတနာတရား ခေါင်းပါးလှသည်။

ဗုဒ္ဓသာသနာအပြင်ဘက်တွင် ကျင့်ကြံနေထိုင်တတ်သော ဘာသာတရားကို ယုံကြည်ကိုးကွယ်သူဖြစ်သည်။ ရဟန်းတော်တို့ သဒ္ဓါ လှူဒါန်းမှုကို သဘောမကျနိုင်ခဲ့။

"ဘယ့်နှယ့်တော် သူများတစ်ပါးဆို ကိုယ်လည်းတစ်ပါးပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

အခုတော့ မဟုတ်ပါဘူး၊ မျက်နှာလို မျက်နှာရ၊ နှစ်ပါးတောင်မှ တာဝန်ယူလိုက်သေးတယ်"

"ရှင်မ အဲဒီစကားမျိုး မပြောပါနဲ့၊

ရက်ကန်းသည်က ဆယ့်တစ်ယောက်မဟုတ်လား၊ ရဟန်းတာ ဆယ့်နှစ်ပါးမဟုတ်လား၊ တစ်ယောက်တစ်ပါး ဝေမျှယူလိုက်ရင်း တစ်ပါးကို တာဝန်ယူမယ့်လူ ရှိမှာမဟုတ်ဘူး၊

ဒါက ဒီရွာမှာ ခေါင်းဆောင်အကြီးအမှူးမဟုတ်လား၊ ဒါကြောင့် အများတာဝန်မယူနိုင်တဲ့ ကျန်နေတဲ့ရဟန်းတစ်ပါးကို တာဝန်ယူလိုက်တာ"

"အလုပ်ပျက် အကိုင်ပျက်တော်၊ သူလိုကိုယ်လို စားရင် အကြောင်းမဟုတ်ဘူး။ ဒီကိုယ်တော်တွေအတွက် တကူးတက ချက်ပြုတ်ကြော်လှော်ရဦးမယ်၊

ရှင်တာဝန်ယူတဲ့ ကိုယ်တော်တွေ ရှင်သင့်သလို ရှင်ကိုယ်တိုင် ချက်ကျွေး ကျုပ်တော့မအားဘူး၊

ရက်ကန်းအလုပ် အပျက်မခံနိုင်ဘူး"

ထိုသို့ အကြောင်းအမျိုးမျိုးပြပြီး တစူစူတဆောင့်ဆောင့် လုပ်ခဲ့သည်။

"မင်းက အိမ်ရှင်မဖြစ်တဲ့အတွက် ချက်ရေးပြုတ်ရေး မင်း





တာဝန်ပေးရတာ။ မင်းမှ မလုပ်ပေးနိုင်ရင် ငါက ဘယ်သူ့ကို ချက်ပြုတ်ခိုင်းရမှာလဲ"

"အဲဒါတော့ ကျုပ်မသိဘူး၊ ရှင်ကိုယ်တိုင် တာဝန်ယူမချက် ပြုတ်နိုင်ဘူးဆိုရင် မယားငယ်တစ်ယောက်သာ ယူလိုက်တော့"

"မင်းမလည်း ဒီလောက်အချိန်ကုန်တာလေးကို ဇီဇာကြောင်ပြီး အန့်လန့်တိုက်နေတယ်၊ ငါမယားငယ်တော့ မယူနိုင်ဘူး၊

ဒီအိမ်မှာ မင်းညီမတစ်ယောက်လုံးရှိနေတာ၊ ငါ့ခယ်မကိုပဲ ချက်အပြုတ်တာဝန် ယူခိုင်းမယ်"

"ရှင် ခေါ်ခိုင်းလို့ရရင်ခိုင်း၊ ကျုပ်ကိုတော့ ဒီရဟန်းတွေကျွေးဖို့ တစ်ခုမှ လာမခိုင်းနဲ့၊ တကယ် အလုပ်ပျက်အကိုင်ပျက်"

ရက်ကန်းသည်မှူးသည် ထိုကဲ့သို့ ဇနီးသည်၏ အပြုအမူ အပြောအဆိုကို သဘောမကျ၊ မခိုင်းလိုတော့သဖြင့် ဇနီးသည်အား ညွှန်ကြားခြင်းကိုမအပ်ဘဲ၊ ဇနီးသည်၏ ညီမဖြစ်သော ခယ်မအား တာဝန်အပ်ခဲ့သည်။

ဇနီးသည်နှင့် သူ၏ညီမတို့က ဆန့်ကျင်ဘက်ဖြစ်သည်။ ညီမက ဘာသာတရား ကိုင်းရှိုင်းသည်၊ စိတ်ထားဖြူစင်သည်။ ခယ်မဖြစ်သူ၏ ခွင့်ပြုချက်ရသည်နှင့် ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ညီမရေ၊ ညည်းခဲအို ... ရဟန်းနှစ်ပါး ဆွမ်းလုပ်ကျွေးမယ့် ကိစ္စ၊ ချက်ရေးပြုတ်ရေး တာဝန်ယူပေးလိုက်၊ ငါကတော့ သူ့ရဲ့ အလှူအတန်းကိစ္စ စိတ်မဝင်စားသလို တာဝန်လည်း မယူနိုင်ဘူး"

ရက်ကန်းသည်မှူးကလည်း ...

"ကဲ ... ညီမရေ ... ရှော ဈေးဝိုး၊ နေ့စဉ်လောက်အောင် ထုတ်ယူသုံးစွဲပေတော့။ ဆွမ်းတင်းကို ဖွယ်ဖွယ်ရာရာ ဖြစ်အောင်ချက်"

"စိတ်ချအစ်ကိုကြီး၊ အသပြောလည်း များစွာမကုန်အောင် ဆွမ်းကွမ်းကိစ္စ ဖွယ်ဖွယ်ရာရာဖြစ်အောင် ချက်ပြုတ်စီမံပေးပါ့မယ်"

ထိုခယ်မဖြစ်သူမှာ စေတနာတရား ထက်သန်သူဖြစ်၍ ရဟန်းတော်များကို ရိုသေလေးစားစွာ ပြုစုလုပ်ကျွေးသည်။ ဤသည်ကို သိလေလေ၊ မယားဖြစ်သူသည် ရဟန်းတော်တို့အပေါ် ဆထက် တိုးပြီး မကျေမနပ်ဖြစ်မိသည်။

လင်ယောကျ်ားဖြစ်သူကိုလည်း အမြဲတမ်း ဆဲဆိုမောင်းမဲ လုပ်နေသည်။

"ရဟန်းဆိုတာ ဆွမ်းခံစားရမှာ၊ အခုတော့ သူတစ်ပါးအိမ်မှာ ဆွမ်းမခံစားဘဲ၊ အခန့်သား လာထိုင်စားနေတယ်"

"တဲ့ ဒီမိန်းမ ဘာမှဝင်မလုပ်ဘဲ ဖြူစုစောင်းမြောင်း ပြောနေပြန်ပြီ။ တို့မှာ ဆွမ်းဘုဉ်းပေးနေတဲ့ ရဟန်းတော်တွေ ကြားတန်ပါ့မယ်"

ရက်ကန်းသည်မှူး၏ ခယ်မဖြစ်သူက ရဟန်းနှစ်ပါး အနီးမှာ သိုအပ်သမျှယူ၍ ဆက်ကပ်နေသည်ကိုကြည့်ပြီး သဒ္ဓါပျက်ကာ ရှုစိမ့်နိုင် ဖြစ်နေသည်။

"ဟိုကောင်မကလည်း ပို့က်ဆံရမယ့် အလုပ်လုပ်တာ မဟုတ်ဘူး။ ရဟန်းတွေ ဆွမ်းကပ်မယ့်ကိစ္စဆို အမြဲတက်ကြွနေဘယ်။ ယောကျ်ားကိုများ သဘောကျနေလားမသိဘူး"

"ရှင်မ ... အဲဒီလို စောင်းလား၊ ချိတ်လား ပြောမနေနဲ့။ မလုပ်ချင်တဲ့အလုပ်ကို ဝင်လုပ်ပေးနေတာ၊

ရဟန်းတော်တွေ မိုးတွင်းကာလကြီး ဆွမ်းထွက်ခံရင်း သင်္ကန်းတွေ မိုးစိုကုန်မယ်၊ ရွာအနီးပတ်ဝန်းကျင်ကလည်း ရေ အင်တန် ကုန်းတစ်တန်နဲ့ ဆွမ်းခံစားဖို့ လွယ်တာမဟုတ်ဘူး၊ ဒါတွင်းသုံးလမှာ ဒကာ ဒကာမတွေက တာဝန်ယူပြီး ဆွမ်းကပ်ရင် မိုးနဲ့လေနဲ့ ရဟန်းတွေ ဆွမ်းခံစားဖို့ မလွယ်ဘူး"

"ရဟန်းဆိုတာ ဆွမ်းခံစားရမှာပဲ၊ ဆွမ်းမခံချင်ရင် လူထွက်ကြပေါ့။ လူထွက်လိုက်ရင် အလုပ်က ပေါ်မှပေါ၊ လယ်လုပ်၊







www.burmeseclassic.com

www.burmeseclassic.com



ယာလုပ်၊ သစ်ခုတ်၊ ဝါးခုတ်၊ ထင်းခွေလုပ်လို့ရနေတာပဲ"

"တော်ပါတော့ ရှင်မရယ် မင်းပြောနေတဲ့စကားတွေက မင်းတို့
ကောင်းကျိုးမပေးဘဲ၊ အပါယ်ရောက်အောင် တွန်းပို့နေတာ မင်း
မသိဘူး"

ဤသို့ဖြင့် ဝါတွင်းသုံးလပတ်လုံး ဇနီးသည်ဆိုဆိုဆဲဆဲ ပြုနေ
မှုကို ဥပက္ခာပြုပြီး ဆွမ်းလုပ်ကျွေးလာခဲ့ကြရာ ဝါတွင်းသုံးလ
ကုန်ဆုံး၍ သီတင်းကျွတ်လသို့ ရောက်ခဲ့ပြီ။

သီတင်းကျွတ်သော် ရဟန်းတော်များကို သင်္ကန်းတစ်ထည်
ကထိန်ခင်းသည့်အနေနှင့် လှူဒါန်းကြသည်။

ထိုသို့ ရဟန်းတော်များအား ဆွမ်းဘောဇဉ်များကျွေးမွေး
လှူဒါန်းရုံမကဘဲ၊ သင်္ကန်းများပါ လှူဒါန်းသဖြင့် ရက်ကန်းသည်မှူး
မယားသည် လင်ယောကျ်ားအား ဆဲဆိုမောင်းမဲသည်။ ကျိန်စာ
တိုက်လေသည်။

"ကျုပ်မကျေနပ်ဘဲ ရှင်လှူတဲ့အတွက် ရှင်လှူသမျှအားလုံး
ကုသိုလ်မရပါစေနဲ့၊ သာကီဝင်မင်းသား ရဟန်းများကို သင်လှူသမျှ
စားပွယ်သောက်ပွယ်တို့သည် နောင်ဖြစ်လေရာ ဘဝများမှာ သင့်
အတွက် ကျင်ကြီးကျင်ငယ်တွေ သွေးပြည်တွေသာ ဖြစ်ပါစေ
သတည်း၊





ရဟန်းတွေကို သင်္ကန်းလှူတဲ့အတွက် သင့်အတွက် နောင်
ဖြစ်လေရာ ဘဝတိုင်းမှာ မီးလျှံစွဲနေသည့် သံပြားအဝတ်အထည်
များသာဖြစ်ပါစေသတည်း"

ဒေါသရှေ့ထားပြီး လင်သားအပေါ် ကြမ်းကြုတ်ဆိုးဝါးသော
ကျိန်စာများ တိုက်ခဲ့သည်။

ထို့နောက်မှာတော့ သက်တမ်းကုန်သဖြင့် ကံအားလျော်စွာ
သေလွန်ကြသော် ရက်ကန်းသည်မှူးသည် "ဝိဇ္ဈာ"မည်သော
တောနက်ကြီးမှာ တန်ခိုးကြီးမားသော ရုက္ခစိုးနတ်မင်းဖြစ်သွားသည်။

သူ၏ ဇနီးမယားမှာလည်း ပြုခဲ့သော အကုသိုလ်အလျောက်
ထိုတောအုပ်၌ပင် ပြိတ္တာမကြီးသွားဖြစ်ရလေသည်။

ထိုပြိတ္တာမသည် အဝတ်မပါ ဗလာကိုယ်ထီးနေရသည်။ ရုပ်ဆင်း
အင်္ဂါမှာလည်း အလွန်ဆိုးဝါး၏။ ဇမင်း ရေစာမစားရ၊ အမြဲတမ်း
ဆာလောင်မွတ်သိပ်သော ဆင်းရဲဒုက္ခကို ခံနေရသည်။

ရုက္ခစိုးထံ မကြာခဏရောက်လာ၍ အစားအသောက် တောင်း
လေ့ရှိသည်။ သို့သော်လည်း ရုက္ခစိုးနတ်မင်းပေးသော အစားအစာ
ကိုမူ တစ်ခါမှ စားရသည်ဟူ၍ မရှိပေ။ အပုပ်အသိုး အကျိအချွဲ
များသာ စားရသည်။

အကြောင်းမှာ လူ့ဘဝက လင်ယောကျ်ားအား ကျိန်စာတိုက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးသော နှုတ်ဝစီကံကြောင့် ပေးသမျှ အစာအာဟာရတို့မှာ ကျင်ကြီး၊ ကျင်ငယ်များသာ ပြောင်းလဲသွားသောကြောင့်ဖြစ်သည်။

ပြိတ္တာမသည် သူ့အဖြစ်ကြောင့် ဝမ်းနည်းစွာ ငိုကြွေးမိသည်။

"အသင် မငိုလင့်၊ ဝမ်းမနည်းလင့်၊ သင်ပြုခဲ့တဲ့အကုသိုလ်က သင့်အပေါ် ဒဏ်ခတ်ခဲ့တာပဲ"

"မှားမှန်းသိပါပြီ၊ နောင်တရပေမယ့် နောက်ကျခဲ့ပါပြီ။ အသင် ရက္ခစိုးပေးသော အစားအစာတွေက ကျွန်ုပ်လက်ထဲရောက်သည် နှင့် ကျင်ကြီး၊ ကျင်ငယ်၊ ပြည်သွေးပုပ်တွေ ဖြစ်ကုန်၍ ကျွန် အဖြစ်နှင့်ကျွန်ုပ် စားသုံးနေရပါသည်"

ရက္ခစိုးလည်း စိတ်မကောင်း၊ နတ်၌ဖြစ်သော နတ်ပြဇာမျ စားစေလို၍ အကြိမ်ကြိမ်ပေးသော်လည်း ပြိတ္တာမ မစားရကြော သိသဖြင့် အဝတ်အစား ဆင်ရန်ပေးပြန်သော်လည်း ပြိတ္တာ လက်တွင်းရောက်သည်နှင့် မီးရဲရဲတွဲနေသည့် သံပြားများဖြစ် ဝတ်လိုက်သည့် အခါမှာလည်း ပူလောင်စွာခံနေရသည်။

ထိုအပူဒဏ်မခံနိုင်၍ အော်ဟစ်ညည်းညူပြီး ဆွဲချွတ် လည်း ချွတ်၍မရ ဖြစ်နေတော့သည်။

ရက္ခစိုးလည်း ဘဝဟောင်းက ဇနီးတော်စပ်ခဲ့ဖူးသူ၏ ဝဋ် ခံစားနေသည်ကို မြင်ရသဖြင့် စိတ်မကောင်း၍ နည်းမျိုးစုံနှင့်





သော်လည်း ကူညီ၍မရခဲ့ပါ။ သို့ကြောင့် ရက္ခစိုးမင်းလည်း ဘာမှ ေတတ်နိုင်တော့ပါ။

*******

အခါတစ်ပါး၌ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားရှင်အား ပြော်ရန် လှည်းကုန်သည်များနှင့်အတူ 'ဝိဇ္ဈာ' တောအုပ်ကို တ်ကျော်ကာ သာဝတ္ထိပြည်သို့ ကုန်ရောင်းသွားကြမည်ဖြစ်သည်။

ရှေးအခါက ယခုခေတ်လို လမ်းပန်းအဆက်အသွယ်က ကောင်းသဖြင့် လှည်းကိုသာ အားကိုးကြရသည်။ ထို့ကြောင့် အခါ ခရီးသွားကြပြီး နေ့အခါ အရိပ်ကောင်းသည့် နေရာဒေသ၊ အလွယ်တကူရှိမည့် နေရာဒေသများတွင် လှည်းများကို ရပ်နား ေရှိသည်။

ယခုလည်း ဝိဇ္ဈာတောအုပ်သို့ ခရီးကြုံလိုက်ပါလာသော ဟန်းတစ်ပါးနှင့်အတူ လှည်းများသည် အေးမြသော အရိပ်အာဝါ နှင့် ပြည့်စုံသည့်နေရာကို တွေ့ရသဖြင့် နွားများကိုဖြုတ်၍ ည်များရပ်နားကာ အနားယူကြသည်။

ရဟန်းတော်သည် ခရီးလမ်းသင့်သည်ဖြစ်၍ လှည်းကြုံလိုက် ာသော်လည်း လူအများနှင့် ရောနှောနေလိုစိတ်မရှိပေ။

ထို့ကြောင့် လှည်းဝိုင်းမှ ခပ်လှမ်းလှမ်းရှိအရပ်၌ အေးမြ



www.burmeseclassic.com

www.burmeseclassic.com



သည့် အရိပ်ရှိသော သစ်ပင်အောက်တွင် နှစ်ထပ်သက်နှီးခင်း၍ လဲလျောင်းနေသည်။

တစ်ညလုံး ခရီးကပန်း လှည်းကဆောင့်လွန်းသဖြင့် ကိုယ်လက်များ နာကျင်ကာ ခေါင်းချလိုက်သည်နှင့် ခေတ္တခဏ အိပ်ပျော်သွားသည်။

လှည်းကုန်သည်များသည်လည်း အပန်းဖြေနားနေပြီးနောက် ရှေ့ခရီးဆက်ကြပြန်သည်။

သစ်ပင်အောက်မှာ အိပ်ပျော်နေသော ရဟန်းလည်း နိုးလာသောအခါ လှည်းကုန်သည်များကို မတွေ့ရတော့၊ ထွက်သွားကြပြီဖြစ်သည်။

သို့ဖြင့် ရဟန်းလည်း လှည်းကုန်သည်များ သွားသည်ဟု ထင်ရသည့်လမ်းအတိုင်း နောက်မှလိုက်သွားသည်။ သို့သော် အတော်လေး လျှောက်လှမ်းပြီးမှ ကုန်သည်တို့သွားသော လမ်းမဟုတ်ဘဲ လမ်းမှားနေပြီဟု သိလိုက်သည်။

ရဟန်းသွားနေသော လမ်းကြောင်းက ရက္ခစိုးနတ်နေရာ ဗိမာန်ဆီသို့ ဦးတည်နေသည်။

ရက္ခစိုးနတ်မင်းသည် ရဟန်းတော်မြတ်ကို မြင်သဖြင့် လူအသွင် ဖန်ဆင်းကာ ခရီးလမ်းမှ ကြိုဆိုပြီး ရှိခိုးဦးချလိုက်သည်။





ရဟန်းတော်ကလည်း လူသွားလူလာမရှိသော တောတောင်အတွင်း လူကိုမြင်သဖြင့် စုံစမ်းမေးမြန်းရန် စိတ်ကူးလိုက်သည်။

"အရှင်ဘုရား ဘယ်ကိုကြွမှာပါလဲ"

"အသင်ဒကာ ဦးပဥ္စင်း သာဝတ္ထိပြည်ကိုကြွမှာ ဖြစ်ပါတယ်။ ...သင်က လှည်းကုန်သည်များနှင့် လိုက်လာခဲ့တာဖြစ်တယ် ဒကာ၊ အခု လှည်းလမ်းကိုမှန်းပြီး လာခဲ့တာ လမ်းမှားပြီး ဒီတော...ပ်ထဲ ရောက်လာတာပဲ၊ အသင်က ဒီလိုတောအုပ်ထဲမှာ တစ်ဦး...စ်ယောက်တည်း ခရီးသွားလည်းမဟုတ်ပေဘူး၊ လူသားစစ်စစ် ...ဟုတ်နိုင်ဘူး"

"အရှင်ဘုရား တပည့်တော်က လူသားစစ်စစ် မဟုတ်ပါဘူး ...ရား၊ ဒီတောအုပ်ထဲက သစ်ပင်တစ်ပင်မှာ ဗိမာန်နဲ့နေရတဲ့ ...က္ခစိုးတစ်ဦးပါ"

အကြောင်းစုံ ရက္ခစိုးက လျှောက်တင်ပြီးသည်နှင့် ရဟန်း...တ်အား ဗိမာန်သို့ ပင့်ဆောင်သွားသည်။

ဗိမာန်သို့ ရဟန်းတော်ရောက်ပြီး မကြာခင်မှာပင် သစ်ပင်...တ်သို့ ပြိတ္တာမ ရောက်လာပြန်သည်။

"အရှင် ရက္ခစိုးမင်း ကျွန်ုပ်အား အစားအစာနှင့် အဝတ်...ည်များကိုပေးပါ"ဟူ၍ တောင်းပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရက္ခစိုးနတ်မင်းလည်း ပြိတ္တာမ တောင်းသမျှကို လိုလိုချင်ချ
ပေးပြန်သည်။

အစာတောင်း၍ အစာပေးလိုက်သည်နှင့် ပြိတ္တာမလက်နှင့်
ကိုင်လိုက်ရာ အစာမှန်သမျှ ကျပ်ကြီး၊ ကျင်ငယ်၊ သွေးပြည်များ
ဖြစ်ကုန်သည်။

အဝတ်အထည်များ ဝတ်ဆင်ရန် ပေးပြန်တော့လည်း ခန္
ကိုယ်မှာ ဝတ်လိုက်သည်နှင့် မီးရဲရဲတောက်လောင်၍ ပူပြင်းလှသော
သံပြားကြီးများအဖြစ်ပြောင်းကာ ခန္ဓာကိုယ်မှာ ကပ်နေတော့သည်

ထိုအခြင်းအရာအားလုံးကို တွေ့မြင်လိုက်ရသော ရဟန်
လည်း သံဝေဂတရား ဖြစ်ပွားသွားရသည်။

ထို့နောက် ပြိတ္တာမ၏ အကြောင်းကို ရဟန်းတော်
ရက္ခစိုးနတ်မင်းအား မေးသည်။

ရက္ခစိုးနတ်မင်းလည်း သူ့ဘဝနှင့် ပြိတ္တာမဘဝ ဆက်စပ်
အကြောင်း အတိတ်ဟောင်းကို အကုန်အစင် လျှောက်ထားလိုက်
သည်။

ရဟန်းတော် မေးသမျှကို ရက္ခစိုးက အားလုံးလျှောက်ကြား
ပြီးနောက် ဇနီးဟောင်းဖြစ်ခဲ့ဖူးသည့် ပြိတ္တာမကို သနားခြင်း
ဖြစ်မိသောကြောင့် ရဟန်းတော်အား သိလိုသမျှ မေးမြန်း စုံစမ်း



မိသည်။

"အရှင်ဘုရား ... ပြိတ္တာမရဲ့အဖြစ်ကို မကယ်နိုင်တော့
ဘူးလားဘုရား။

ကယ်တင်လို့ရမယ့် အကြောင်းတရားရှိပါက တပည့်တော်
အား ညွှန်ကြားပြသပါဘုရား"

ရက္ခစိုးနတ်မင်း၏ စကားဆုံးသည်နှင့် ရဟန်းတော်က ...

"အသင်ရက္ခစိုးမင်း ... ပြိတ္တာမ၏ ခံစားနေရသော ဝဋ်
ဒုက္ခကလွတ်အောင် ကယ်တင်လိုသော ဆန္ဒရှိပါက ကယ်တင်
နိုင်မည့်လမ်းစ ရှိပါသည်"

ရက္ခစိုးမင်းလည်း ရဟန်းတော် မိန့်ကြားသည့်စကားကြား
သည်နှင့် အားတက်ရွှင်လန်းသွားကာ ...

"လမ်းညွှန်ပြပါ အရှင်ဘုရား"

"ရက္ခစိုးနတ်မင်း မြတ်စွာဘုရားကိုဖြစ်စေ၊ သံဃာကိုဖြစ်စေ၊
သီလရှိသော ဥပါသကာကိုဖြစ်စေ ပြိတ္တာမအား ရည်စူးပြီး လှူဖွယ်
ဝတ္ထုတို့ကို ပေးလှူလို့ အမျှဝေပေးပါ။

ထိုအလှူရဲ့ အမျှပေးဝေခြင်းကို ပြိတ္တာမက ခံယူပြီး သာဓု
ခေါ်ဆိုနိုင်လျှင် ပြိတ္တာဘဝမှ လွတ်မြောက်ပါလိမ့်မည်၊

ထို့ပြင် ချက်ချင်းမကြာ နတ်၌ဖြစ်သော အစားအစာနှင့်

www.burmeseclassic.com

www.burmeseclassic.com



အဝတ်တန်ဆာတို့ကိုလည်း ရရှိခံစားနိုင်မှာဖြစ်ပေတယ် ဒကာ ရက္ခစိုးနတ်မင်း”

“ဤသို့ဆိုပါလျှင် တပည့်တော်အနေနှင့် အရှင်ဘုရားကို လှူမည်ဆိုပါက ဖြစ်နိုင်ပါ၏လော”

“ရက္ခစိုးနတ်မင်း၊ အလှူအတွက် စေတနာသုံးတန်ပြတ်ပြီး လှူမယ်ဆိုက ကျွန်ုပ်က သင့်အလှူထမြောက်အောင် လက်ခံပေးပြီး အလှူတရားဟောကြားပေးနိုင်ပါသည်”

ရက္ခစိုးနတ်မင်းလည်း ရဟန်းတော်ခွင့်ပြုစကားကြားသည်နှင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထိုရဟန်းအား နတ်ဒိဗ္ဗဖြစ်သော အစားအစာများနှင့် သင်္ကန်းတို့ကို လှူဒါန်းပြီးလျှင် ပြိတ္တာမအား အမျှအတန်းဝေသည်။

သစ်ပင်ဗိမာန်အနီးမှာ ရောက်ရှိနေသော ပြိတ္တာမအား ဤဝဋ်ဒုက္ခမှ လွတ်မြောက်ရန် ရဟန်းတော်အား အလှူပေးတရားနာကာ အမျှဝေမည်ဖြစ်၍ တရားလာနာပြီး သာဓုခေါ်ရန် ကြိုတင်မှာထားသည့်အတွက် အမျှပေးဝေမှုကို ချက်ချင်းရရှိကာ ပြိတ္တာမလည်း ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ဆိုလေသည်။

သာဓုခေါ်ဆိုလိုက်ပြီးသည်နှင့် ထိုပြိတ္တာမသည် ချက်ချင်းပင် နတ်ရှိဖြစ်သော အစားအစာများကို စားသောက်ရခဲ့သည်။



သင်္ကန်းလှူလိုက်သည့်အတွက် အဝတ်အထည်များကို ဝတ်ဆင်ရတော့သည်။ ပြိတ္တာမ၏ ရုပ်သွင်အဆင်အပြင်မှာ လှပတင့်တယ်စွာ ရှိနေတော့သည်။

ထိုအလှူ၏ အကျိုးပေးပုံကို ဒိဗ္ဗစက္ခုမြင်တွေ့လိုက်ရသော ရက္ခစိုးမင်းလည်း စေတနာတရား ပိုမိုထက်သန်လာကာ မြတ်စွာဘုရားအား နတ်ဒိဗ္ဗဖြစ်သော သင်္ကန်းကို ရဟန်းတော်မှတစ်ဆင့် လှူလိုက်ပြီး ပြိတ္တာမကို အမျှပေးဝေလိုက်ပြန်သည်။

ပြိတ္တာမသည် မြတ်စွာဘုရားရှင်အား ရည်မှန်း၍လှူသော အလှူ၏ အဖို့ဘာဂကို အမျှဝေ သာဓုခေါ်ဆိုလိုက်ရသဖြင့် နဘ်သမီး အမျှ လှပတင့်တယ်လာတော့သည်။

နတ်ဒိဗ္ဗဖြစ်သော အစားအစာများလည်း စားသုံးနိုင်ပြီဖြစ်၍ အားလုံး ပြည့်စုံသွားတော့သည်။

ရဟန်းတော်အားလည်း ရက္ခစိုးနတ်မင်းက တန်ခိုးတော်စွမ်းနှင့် သာဝတ္ထိပြည်အရောက် ပို့လိုက်လေတော့သည်။

ရဟန်းတော်လည်း ဇေတဝန်ကျောင်းတော်သို့အရောက်သွားပြီး ရက္ခစိုးနတ်မင်း ပြိတ္တာမအား ရည်စူးလှူဒါန်းလိုက်သော သင်္ကန်းအား ဆက်ကပ်ပြီး သူကြုံတွေ့ခဲ့ရသမျှကို မြတ်စွာဘုရားအား လျှောက်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်တော်ဘုရားလည်း ထိုရဟန်းတော် လျှောက်ထားသည့် အကြောင်းအရာများကို အခြေခံ၍ တရားနာ ရောက်လာကြသော ပရိသတ်အား တရားရေအေး အမြိုက်ဆေးတိုက်ကျွေးလိုက်လေသည်။

(မဟာပေသကာရပေတဝတ္ထု)

❖ ❖ ❖ ❖ ❖



# ဆွမ်းချက်သမား ပြိတ္တာများ

"ဟီး ... ဟီး"

"အား ... အား ... အား ..."

"ဝူး ... ဝူး ... ဝူး ..."

"ကယ်ကြပါ ကယ်ကြပါ"

"မင်းကြီး ကယ်ကြပါ၊ မင်းကြီးကျုပ်တို့ကို ပစ်မထားပါနဲ့"

"အား ... ကယ်ကြပါ"

"ဟင် ... ဋ ... ဋ ... အမန်းပတ်ပတ်လည်မှာ ဘာကောင်ကြီးတွေလဲ"

"သ ... သရဲတွေလား ... ပုံမကျ ပန်းမကျနဲ့"

"သွား ... သွား ... သွားကြ ... အခန်းထဲက ထွက်ကြ"



www.burmeseclassic.com

www.burmeseclassic.com



"ကယ်ကြပါ ... အမျှပေးဝေပါ ... ပစ်မထားပါနဲ့"

"သွားကြ ... ဒီမလာကြနဲ့"

မင်းကြီးလည်း သရဲလိုလို တစ္ဆေလိုလို ပုံပန်းမကျ သတ္တဝါများကိုမြင်ပြီး ထိတ်ထိတ်လန့်လန့်နှင့် အော်ဟစ်ထုတ်နေသည်။

သလွန်ညောင်စောင်းပေါ်မှာ စက်တော်ခေါ်မည်ကြံကာရှိသေးသည်၊ စားလုံ့လက်နက်ကိုင် အစောင့်များ ရှိပါလျက် မိမိအဆောင်အခန်းအတွင်း နေရာအနှံ့ ကယ်ပါယူပါ တစာစာနှင့် ရောက်ရှိအော်ဟစ်နေသော ဘုံသားများကြောင့် ဗိမ္ဗိသာရမင်းကြီး မျက်လုံးကြောင်သွားရတော့သည်။

"အသင်တို့ ဘယ်သူတွေလဲ"

"ကယ်ပါ ... ကယ်ပါ ... မင်းကြီးကယ်ပါ"

"အား ... အား ... ကယ်ပေးပါ"

"အသင်တို့ အော်ဟစ်မနေနဲ့လေ ... သင်တို့ဘယ်သူလဲ"

"အသင့်မင်းကြီး ကျွန်ုပ်တို့ ပြိတ္တာတွေပါ"

"အသင်မင်းကြီးရဲ့ အလှူမှာ အမျှပေးဝေပါ"

"ဟီး ... ဟီး ..."

"အား ... ကယ်ပါ ... အမျှဝေပေးပါ"

အသံမျိုးစုံ အော်ဟစ်နေကြရင်း ခန်းလုံးပြည့်မျှ ရောက်ရှိ





နေသော အသူရကာယ်ဘုံသား ပြိတ္တာများမှာ ဘုရင်ကြီးအနီးမှ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

ထို့ကြောင့် တစ်ညလုံး အိပ်မပျော်တစ်ချက် ပျော်တစ်ချက်နှင့် နိုးဝင်စဉ်လင်းခဲ့သည်။

နောက်နေ့ မိုးလင်းသည်နှင့် ဗိမ္ဗိသာရမင်းလည်း မြတ်စွာဘုရားကျောင်းတော်သို့ လှူဖွယ်များသယ်ဆောင်၍ ရောက်သွားလေသည်။

ဂေါတမမြတ်စွာဘုရားအား ဦးချကန်တော့ပြီး ညက တွေ့ရသော အဖြစ်အပျက်တို့ကို မင်းကြီးလည်း အထိတ်တလန့်ဖြင့် ဘုရားရှင်အား ဖြစ်ကြောင်းကုန်စင် လျှောက်တင်လေတော့သည်။

ထိုအခါ ဘုရားရှင်က ...

"မင်းကြီး သင်၏ဆွေမျိုးဖြစ်ခဲ့ဖူးသော ပြိတ္တာဘို့သည် ကိုးဆယ်နှစ်ကမ္ဘာပတ်လုံး တော်မွတ်ခဲ့ကြ၍ ဖုဿနောင်တော်ဂ..သသပထံ လျှောက်တဲ့အခါ ဘုရားသခင်က မိန့်တော်မူခဲ့တယ် ဖုဿ နောင်တော်က ...

ဇါဘုရားရှင် ပွင့်တော်မူတဲ့အချိန် ဗိမ္ဗိသာရမင်းကြီး နန်းစံလိမ့်မယ်၊ အဲဒီမင်းကြီး အလှူပေး၍ အမျှဝေပေးလိမ့်မည်။ မင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



အလှူပေး၍ အမျှဝေလတ္တံ့အချိန်မှာ အမျှရ သာဓုခေါ်နိုင်မှ ဒီဘဝက လွတ်လိမ့်မယ်လို့ ကဿပဘုရားရှင်ရဲ့စကား ကြားတော်မူပြီး ထိုအချိန်မှ စကာ တောင့်တနေခဲ့ကြတာ ဖြစ်တယ်မင်းကြီး။

"သင်မင်းကြီး ငါဘုရားနှင့်တကွ သံဃာတော်တို့အား အလှူ ပေးသော ကာလ အမျှမဝေမိသဖြင့် ညည့်အခါ ထိုပြိတ္တာတို့သည် ငါတို့မှာတော့ ရှည်ကြာမြင့်စွာ ငံ့လင့်၍ စောင့်မျှော်နေရပါလျက် ငါတို့အား အမျှမဝေပေးပါလားဟု လွန်စွာသော ဝမ်းနည်းခြင်းတို့ ဖြင့် နန်းတွင်းဝင်၍ ကယ်ပါယူပါ အော်ဟစ်ကြကုန်၏။

"နောင်တော် ကဿပဘုရားရှင်၏စကားကြောင့် သာဓုခေါ်ရန် စောင့်စားပေမဲ့ အသင်မင်းကြီးက အလှူမှာ အမျှမဝေခဲ့သဖြင့် ချမ်းသာရာမရ၍ မလှသောစိတ်နှင့် သင်မင်းကြီးအား အသိလာပေး ခြင်းဖြစ်ပေသည်"

ဟူ၍ ဂေါတမဘုရားရှင်က ရှင်းပြတော်မူသည်။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးက သူနှင့် ပြိတ္တာများ မည်ကဲ့သို့ အကျိုးအကြောင်း ပတ်သက်ခဲ့သည့်အကြောင်းအား မြတ်စွာဘုရား ရှင်က သနားကရုဏာထားကာ ရှေးဘဝအကြောင်း ဟောပြပါရန် လျှောက်ထားတောင်းပန်ခဲ့သည်။

မြတ်စွာဘုရားအရှင်မြတ်က ဝတ်ချက်သမားပြိတ္တာများ





အကြောင်းကို တရားနာပရိသတ်နှင့် သံဃာတော်တို့၏ ရှေ့မှောက်မှာ ဗိမ္ဗိသာရမင်းကြီးအား ဟောပြတော်မူသည်။

"မင်းကြီး ဤပြိတ္တာတို့အကြောင်း ပြောပြရမည်ဆိုလျှင် ဥရုဝေလကဿပ မပါမပြီး ဖြစ်ပေသည်။

ထိုဥရုဝေလကဿပ ညီနောင်တို့သည် ပဒုမုတ္တရ ဘုရားရှင်၏ သက်ထက်တော်ကပင် (ကဝိဿမိကာရပ္ပရိတ) ပါရမီရှိလျက် ဆက်ဆက်သော ဘဝဖြင့်လာခဲ့ကြရာ၊ ဤကမ္ဘာမှပြန်၍ရေသော် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တိဿမည်သော ဘုရား၊ ဖုဿအမည် ရှိသော ဘုရားတို့သည် ပွင့်တော်မူကုန်၏။

ထိုဘုရားနှစ်ဆူတို့တွင် ဖုဿဘုရားသခင်၏ ခမည်းတော်ကား မဟိန္ဒမင်းမည်၏။

ထိုမင်း၏ ညီတော်မှ မွေးသောသားသည် လက်ယာ၏ အဂ္ဂ သာဝကဖြစ်၏။

ပုရောဟိတ်ပုဏ္ဏား၏သားသည် လက်ဝဲရံအဂ္ဂသာဝကဖြစ်၏။ အမတ်တော်၏သားသည် အလုပ်အကျွေး ရဟန်းဖြစ်သည်။

ထိုမဟိန္ဒမင်းကြီး၌ ဖုဿဘုရားသခင်မှတစ်ပါး သားတော် သုံးယောက်ရှိသေးသည်။

ထိုသားတော်သုံးယောက်တွင် သားအကြီး၌ အခြံအရံ သူ့ရဲ



www.burmeseclassic.com

www.burmeseclassic.com



ငါးရာ၊ သားလတ်၌ အခြံအရံ သူရဲသုံးရာ၊ သားငယ်၌ အခြံအရံ သူငဲ့နှစ်ရာရှိ၏။

ထိုညီနောင်သုံးယောက်တို့ကား ဥရုဝေလကဿပ ညီနောင် အလောင်းအလျာများတည်း။

ဗုဿဘုရားသခင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး သော် ခမည်းတော်၏ပြည်သို့ ကြွတော်မူသည့်အတွက် ခမည်းတော် မဟိန္ဒမင်းကြီးလည်း ဘုရားရှင်ထံသွား၍ ငါးပါးသောရှိခိုးခြင်းတို့ နှင့် ရှိခိုးလျက် သားဘုရားကို တစိမ့်စိမ့်ရှုကာ ဤသို့ အကြံသည် ဖြစ်၏။

“ငါ့သားပင် ဘုရား၊ ငါ့သား၏ စကားသည်ပင် တရား ငါ့သားပင် သံဃာ၊ ဤလူ့ရွာ၌ ငါကဲ့သို့ ကောင်းမြတ်ခြင်း အသရေနှင့် ပြည့်စုံသောမင်းသည် ရှေးရှေးသောကာလ၌လည်း မဖြစ်ဘူးရာ၊ နောင်အခါလည်း မဖြစ်လတ္တံ့၊

ငါကား ကောင်းမြတ်လှစွာသော လူမင်းအဖြစ်ကို ရပေသည် တကား”

ဟု စဉ်းစားတွေးတောမိသဖြင့် ကြက်သီးမွေးညင်းထလျက် အားရဝမ်းသာစွာ မြတ်စွာဘုရားနှင့် စကားပြောပြီးလျှင် ဘုရားသခင် အား ဤသို့ နားတော်လျှောက်ပေသည်။





“သားတော်ဘုရား အကျွန်ုပ်၏အသက်သည် အလွန်ရှည်သည် ဖြစ်ပါမှ အနှစ်ကိုးသောင်းခန့်သာ ရှည်ပါမည်။ ကြမ်းငှက်များ၌ သည်းကောင်း၊ ကမ်းပါးပြတ်၌လည်းကောင်း အိပ်ရသော သူကဲ့သို့ သခြင်းသဘော နီးလွန်းလှပါသည်၊

အကျိုးရှိရှိဖြင့် အသက်ရှည်လိုပါသည်၊

သို့ဖြစ်၍ ခမည်းတော် အသက်ရှိသမျှ ကာလပတ်လုံး ဘုရားသည် သံဃာတော်များနှင့်တကွ၊ သူတစ်ပါး၏မဝသို့ ကြွမူ၍ ခမည်းတော်၏ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကို ခံတော်မူပါ ခမည်းတော်ကချည်း လုပ်ကျွေးပါ စေ”

ဟူ၍ ဘုရားရှင်အားလျှောက်တော်မူ၏။

ဘုရားရှင်လည်း ဖခင်၏ ဆန္ဒကို ငဲ့လင့်၍ သည်းခံတော်မူ၏။

ထိုနေ့မှစ၍ တစ်စုံတစ်ယောက်သောသူမှ လှူဒါန်းပူဇော် ခြင်းတို့ မရကြကုန်။

မင်းသားညီနောင် သုံးယောက်တို့လည်း ခမည်းတော်အား နောင်တော်ဘုရားကို လုပ်ကျွေးပါရမည့်အကြောင်းဖြင့် တောင်းပန် သော်လည်း အခွင့်မရကြကုန်။

တစ်ရံသောအခါ ပစ္စန္တရာဇ်ရွာ၌ ကြီးစွာသော စစ်မက်သား



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်၍ သားတော်သုံးယောက်ကို စေတော်မူ၏။

သားတော်တို့လည်း ထိုရန်ကို ငြိမ်းစေပြီးသော် ခမည်းတော်ထံ ပြန်လာကြ၏။ ထိုအခါ မဟိန္ဒမင်းကြီးလည်း ဝမ်းမြောက်တော်မူလှ၍ ...

"ငါ့သားတို့အား လိုသောဆုကိုငါပေးအံ့၊ သင်တို့ တောင်းကြကုန်" ဟုဆိုသည်။

ထိုမင်းသားတို့ကလည်း ...

"တစ်ပါးသောဆုကိုမလိုပါ၊ နောင်တော်ဘုရားကိုသာ အသက်ထက်ဆုံး လုပ်ကျွေးပါရစေ"

ဟူ၍ လျှောက်လေသည်။

"ငါ့သားတို့ ... ဤဆုကိုကား ငါမပေးနိုင်၊ တစ်ပါးသော ဆုကိုသာ ငါပေးအံ့"

ဟူ၍ဆိုရာ သားတော်သုံးပါးကလည်း ...

"ခမည်းတော် အရှင်မင်းကြီး အသက်ထက်ဆုံး မပေးနိုင်လျှင် အနှစ်တစ်သောင်းမျှသာ ပေးတော်မူပါ"ဟု တောင်းတော်မူ၏။

"ဤရွေ့ ဤမျှကိုလည်း ငါမပေးနိုင်ဟုဆိုလျှင် ထိုအောက်၌ လျှော့၍ လျှော့၍ တောင်းသဖြင့် ဝါတွင်းသုံးလသာလျှင် ကျန်တော့ သည်။





ဤတွင် ခမည်းတော်မင်းကြီးကလည်း ...

ဝါတွင်းသုံးလတာမျှ ငါမပေးခဲ့ပါမူ ငါ့သားတို့သည် ငါ၏ ရန်သူ ဖြစ်ချိမ့်မည်ဟု အတွေးဝင်သဖြင့် ...

"အမောင်တို့သုံးယောက်တွင် တစ်ယောက်တစ်လခန့်ရည်၍ ဝါတွင်းသုံးလကို ငါပေးတော့အံ့"ဟု ဆို၏။

*******

အခွင့်အရေးရသည်နှင့် မင်းသားတို့သည် မိမိတို့အိမ်သို့သွား၍ ဘဏ္ဍာရေးသူကြီး၊ ဘဏ္ဍာစိုး၊ စချိ၊ စမာတို့ကိုခေါ်၍ ဘဏ္ဍာတိုက်ကို အပ်နှင်းပြီးလျှင် ...

"ဤဝါတွင်းသုံးလကို ဘုရားအမှူးရှိသော သံဃာတော် ကိုးသောင်းနှင့်တကွ၊ ငါတို့နှင့်ပါသော ပရိသတ်တို့အား ပစ္စည်း လေးပါးဖြင့် ပြည့်စုံလုံလောက်အောင် ထောက်ပံ့လုပ်ကျွေးကြကုန်"

ဟုဆို၍ ထိုမင်းသားညီနောင်တို့သည် အခြံအရံတစ်သောင်းနှင့် အတူ ဘုရားထံတော်သို့လာ၍ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ပြီး လျှင် ဆယ်ပါးသော သီလကို ဆောက်တည်၍ ဘုရားရှင်ထံ၌ နေကြကုန်သည်။

ဘဏ္ဍာစိုး စချိ စမာတို့လည်း ရှစ်သောင်းလေးထောင် ရှိလာက်သော ဝတ်ချက်သမားတို့ကိုရှာလျက် ယာဂုထမင်းအဖျော်



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ကို စိရင်လျက် နေ့စဉ်မပြတ် လုပ်ကျွေးလေသတည်း။

**"ဝတ်ချက်(ဆွမ်းချက်)သမားများ ပြိတ္တာများဖြစ်ကြခြင်း"**

ထိုအခါ သံဃာအပေါင်း ကိုးသောင်းမျှ များလှသောကြောင့် ချက်ပြုတ်လုပ်ကိုင်နေသူတို့သည် မိမိတို့၏ သားငယ် သမီးငယ်တို့အား ယာဂုကြွင်း၊ ဆွမ်းကြွင်းမျှမပေး၊ မကျွေးရကုန်၊ ချက်တိုင်းချက်တိုင်းပင်ကုန်၍ လောက်ငရုံသာရှိသည်။

ထိုအခါ ဝတ်ချက်သမားများသည် သားသမီးတို့၏ ဆာလောင်နေသော မျက်နှာများကိုမြင်ပြီး တစ်မျိုးကြံကြတော့သည်။

"မင်းသားတွေကလည်း အလှူတော့လုပ်ပါသည်။ သူတို့ပင့်ထားသည့် သံဃာနှင့် ချက်ပြုတ်ရန် ခွင့်ပြုထားသော ရိက္ခာအသပြာက ကွက်တိပဲ အပိုအလိုမရှိဘူး။ ဒီအတိုင်းဆို ရှင်မတို့ ကျုပ်တို့ ကလေးတွေအတွက် အခက်ပဲ"

"ဟိုတော် ကလေးတွေကိုတော့ အငတ်မခံနိုင်ပါဘူး။ ဆွမ်းမကပ်ခင် အရင်ယူထားပြီး တစ်နေရာမှာ သွားဖွက်ထားလိုက်၊ ကလေးတွေလာရင် စားနိုင်းလိုက်ကြတာပေါ့"

"ဟုတ်တယ် တစ်နေ့တစ်နေ့ ဆွမ်းချက်ရတာ မီးဖိုနဲ့ ချွေးတလုံးလုံး၊ ဗိုက်ဆာလို့ စားမယ်ဆိုတော့ ဘာမှမကျန်ဘူး"

"ကျုပ်တို့ ဗိုက်ပြည့်အောင် အရင်စားပြီးမှ ဆွမ်းကပ်ရ



ကြတာပေါ့။ မင်းသားနဲ့ သူဌေးတွေလည်း လာကြည့်တာ ဘုတ်ဘူး။ ဘုရားနားမှာ တစ်ချိန်လုံး သွားနေကြတာ၊ ကလေးတွေကိုလည်း အငတ်မခံနဲ့၊ ဝအောင်သာကျွေး"

"သံဃာတွေ ဆွမ်းမလောက်ရင် တို့ကို မင်းသားတွေ အပြစ်ပေးလိမ့်မယ်"

"နင်ကြောက်ရင်မစားနဲ့၊ ကလေးတွေဟော့မငတ်စေနဲ့"

ထိုကဲ့သို့ သံဃာအပေါင်းအား ဆွမ်းအပြည့်အဝကပ်သည့် အခါတိုင်း သားငယ်သမီးငယ်တို့ကို မကျွေးကြရသဖြင့် သံဃာတော်တို့၏ စားဦးစားဖျားများကို ဖွက်ထား၍ သားငယ် သမီးငယ်တို့အား ပေးကျွေးလိုက်ကြလေသည်။

ထိုဝတ်ချက်သမားတို့သည် မင်းသားသုံးပါး၏ ဝါတွင်းသုံးလ ကာလပတ်လုံး ဆွမ်းချက်ပြုတ်သည့်အခါတိုင်း ဆွမ်းအဦးအဖျားတို့ကို သားသမီးတို့အား ဖယ်ထားပြီး ကျွေးမွေးခဲ့သည်။

ထိုဝတ်ချက်သမားအပေါင်းတို့သည် သံဃာတော်တို့အား ဆိုင်အပ်သော ပစ္စည်း စားဖွယ်များကို သုံးစားပေးကမ်းကြသော ကြောင့် သေလွန်ကြသောအခါ ပြိတ္တာဘုံ၌ ပြိတ္တာများသွားဖြစ်ကုန် ကြတော့သည်။

မင်းသားသုံးယောက်တို့သည် ဝါကျွတ်သောအခါ သံဃာတော်

www.burmeseclassic.com



တို့အား ရှစ်ပါးသော ပရိက္ခရာတို့ဖြင့် လှူဒါန်း၍ "ဤသို့ပြု
သော ဒါန၊ သီလ၊ ဘာဝနာ၏ အကျိုးအားဖြင့် နောင်ဘုရားရှင်တို့
၏အထံ၌ အရံတစ်ထောင်နှင့်တကွ၊ အရဟတ္တဖိုလ်ကိုရပါလိုသော"

ဟူ၍ ဆုတောင်းခဲ့လေသည်။

ထိုဘဝမှ စုတေကြကုန်သော် နတ်ပြည်၌ နတ်ဖြစ်ကြကု
သည်။ ဤသို့ဖြင့် လူ့ပြည်၊ နတ်ပြည် လှည့်ပတ်ကာ ကိုးဆယ့်
နှစ်ကမ္ဘာပတ်လုံး စံစားခဲ့၍ ငါတို့ဘုရားလက်ထက်တော်၌ ဥရုဝေ
ကဿပညီနောင်သုံးဦး နောက်လိုက်နောက်ပါ ရှင်တစ်ထောင်ဗိုန်
ဖြစ်ကုန်သတည်း။

ထို့ကြောင့် သူတို့တောင့်တသော ဆုအတိုင်းသာရကြကု
သည်။ ငါမျက်နှာကိုကြည့်၍၊ အရာပေးတော်မူသည်မဟုတ်
မိန့်တော်မူ၏။

ထိုမင်းသားတို့၏ တရားသူကြီးဖြစ်သော စချီသည် ယခုအ
ဗိမ္ဗိသာရမင်း ဖြစ်လာသည်။

ကျီစိုးသည် 'ဝိသာခ' ဥပသကာဖြစ်လာ၏။

ဆွမ်းချက်သမားတို့သည် ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး အ
သုဂတိအလားဖြင့် များစွာကျင်လည်ပြီးမှ ဤဘဒ္ဒကမ္ဘာဝယ် ရာဇ
ပြည်အနီး တောင်ကြီးငါးလုံးတို့၏အကြား၌ ကြီးမားသောတ



ယ်သောဦးခေါင်းရှိသည့် အရိုးစုပြိတ္တာ၊ အသားစုပြိတ္တာဖြစ်လာ
ကုန်၍ ကကုသန် ဘုရားပွင့်တော်မူသောကာလ ဖူးတွေ့ကြလေ
လျှင် ...

"အရှင်ဘုရား ကျွန်ုပ်တို့အား အစာအာဟာရကို ဘယ်သော
အခါမှ သုံးဆောင်ရပါအံ့နည်း"

ဟူ၍ မေးလျှောက်ကြလျှင် ဘုရားသခင်လည်း ...

"သင်တို့ ငါ့အား မလျှောက်ကြလင့်၊ ငါလွန်သည့်နောက်
မြေကြီးတစ်ယူဇနာမြောက်သောအခါ ငါ၏ညီတော်ကောဏဂုံဘုရား
ပွင့်လတ္တံ့၊ ထိုအခါမှ လျှောက်ကြကုန်"

ဟူ၍ မိန့်တော်မူသဖြင့် ငံ့လင့်၍ နေကြကုန်၏။

ကောဏဂုံဘုရား ပွင့်တော်မူသောအခါ၌လည်း ရှေ့နည်း
အတိုင်းပင် လျှောက်ကြပြန်သည်။

ကောဏဂုံဘုရားသခင်ကလည်း ...

ငါ၏လက်ထက်တော်တွင်း သင်တို့ မလျှောက်ကြလင့်ဦး၊
ငါလွန်ပြီးနောက် မြေကြီးတစ်ယူဇနာမြောက်သောကာလ ကဿပ
အမည်ရှိသော ဘုရားပွင့်လိမ့်မည်။ ထိုအခါမှသာ လျှောက်ကြလေ
ကုန်တု မိန့်တော်မူသဖြင့် ငံ့လင့်နေကြရကုန်၏။

ကဿပဘုရားပွင့်တော်မူသောကာလ ယခင်နည်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြပြန်လျှင် ဘုရားသခင်က ...

"သင်တို့သည် ဝါလက်ထက်တော်တွင် မစားရ မဝတ်ရ ဖြစ်ရသေး၏။ ဝါလွန်ပြီးနောက် မြေကြီးတစ်ယူဇနာနှင့် သုံးဂါဝုတ် မြောက်သောအခါ ငါ၏ညီတော် ဂေါတမဘုရားပွင့်တော်မူလိမ့်မည်၊

ထိုအခါ သင်တို့၏အလှူငွေက အဆွေအမျိုးဖြစ်ဖူးသော တရား သူကြီးသည် ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်း အမည်ရှိသော မင်းဖြစ် လာပေလိမ့်မည်၊

မင်းကြီးတော ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူ ပေး၍ တရားတော်ကို နာပြီးလျှင် သင်တို့အား အမျှပေးဝေလိမ့်မည်၊ ထိုအခါ သင်တို့လောက်အောင် စားရ၊ သောက်ရ၊ ဝတ်ရပေလိမ့် မည်"

ဟူ၍ မိန့်တော်မူခဲ့သည်။

ထိုစကားကိုကြားလျှင် ဘုရားတစ်ဆူနှင့်တစ်ဆူကြား ကာလ ကိုပင် နက်ဖြန်သန်ဘက်ကဲ့သို့ထင်၍ ရွှင်လန်းဝမ်းသာကြကုန်၏။

ဂေါတမဘုရားပွင့်တော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ကြွရောက် သောအခါ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားအမှူးရှိသော သံဃာတော် တို့အား အလှူပေးသောကာလ အမျှမဝေမိသဖြင့် ညည့်ရောက် သောအခါ ပြိတ္တာတို့သည် "ငါတို့ရှည်မြင့်စွာ စောင့်မျှော်လင့်နေ



ကျက် ငါတို့အား အမျှမပေးဝေပါကလား"ဟု လွန်စွာဝမ်းနည်းခြင်း ဖြင့် နန်းတော်သို့ဝင်၍ ရုပ်သွင်ကို ပြသကြခြင်းဖြစ်သည်။

"ဒကာတော်မင်းကြီး"

ဟူ၍ မြတ်စွာဘုရားက ပြိတ္တာများသည် ဖုဿဘုရားရှင် ထက်ထက်တော်မှ ဆွမ်းဦး ဆွမ်းဖျားများ ခိုးစားမိ၍ ငရဲကျွ များစွာ ခံကြရသည့်အကြောင်း ဗိမ္ဗိသာရမင်းကြီးနှင့် သံဃာ၊ လူ ပရိသတ်တို့အား ပြောဆိုရှင်းပြတော်မူသည်။

ထိုအခါ မင်းကြီးလည်း အသိတရားရသွားသဖြင့် မြတ်စွာ ဘုရားရှင်၏ ရှေ့တော်မှောက်မှာ သူပြုခဲ့သမျှ ကုသိုလ်အဖို့ဘာဂကို ထိုဟောင်းက အမျိုးအဆွေ တော်စပ်ခဲ့သော ပြိတ္တာများအား ရည်ညွှန်းလျက်ပဲ့စွာ အမျှပေးဝေလိုက်သည်။

ရာဇဂြိုဟ်ပြည်ဝန်းကျင်ရှိ တောင်ကြီးငါးလုံးပတ်ဝန်းကျင်မှာ နေထိုင်ကြသော ပြိတ္တာများမှာ လိုက်လိုက်လှဲလှဲ သာဓုခေါ်ကြ၍ စားရခြင်း၊ အဝတ်အထည်ဝတ်ရခြင်းတို့ ခံစားရရှိပြီး ပြိတ္တာ ဘဝမှ လွတ်မြောက်သွားကြလေတော့သည်။

(တိရောကုဋ္ဋသုတ် - ခုဒ္ဒကပါဌ)

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# လူခေါင်း မြွေခန္ဓာနှင့် ပြိတ္တာ

42

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် ရှင်မဟာ မောဂ္ဂလာန်နှင့် အရှင်လက္ခဏတို့သည် ရာဇဂြိုဟ်မြို့တော်သို့ ဆွမ်းခံဝင်ရန် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းလာကြသည်။

ထိုသို့ ဆရာတပည့်နှစ်ပါး တောင်ပေါ်မှဆင်းလာကြရာ တောင်ခြေသို့ အရောက်တွင် ရှင်မဟာ မောဂ္ဂလာန်သည် မြွေပြိတ္တာတကောင်ကို မြင်သဖြင့် ပြုံးမိသည်။

မြွေပြိတ္တာ၏ ဦးခေါင်းမှာ လူကဲ့သို့ပင်ဖြစ်၍ ကျန်သမျှတကိုယ်လုံးမှာ မြွေကဲ့သို့ဖြစ်၏။

နှစ်ဆယ့်ငါးယူဇနာမျှ ရှည်လျား၏ မီးများက တစ်ကိုယ်လုံး လောင်နေ၏။ ရှင်လက္ခဏက မိမိဆရာ၏ အရိပ်အခြည်ကို အကဲခတ်နေသည်ဖြစ်ရာ ...





မိမိဆရာပြုံးတော်မူလျှင် အကြောင်းတစ်ခုခုရှိပြီဆိုသည်ကို အတတ်သိသည်။

ထိုမှ ထူးဆန်းသော အဖြစ်အပျက်များကို သိရသည်၊ မိမိမှာ အခြားဘုံမှ သက်ရှိသတ္တဝါများကို မြင်နိုင်သော အစွမ်းမရှိသဖြင့် မြင်နိုင်သော ဆရာသမားကိုသာ အရိပ်အကဲကြည့်၍ သိလိုသမျှ မေးရသည်။

"အရှင်ဘုရား မည်သည့်အရာကိုမြင်၍ ယခုကဲ့သို့ ပြုံးတော်မူသလဲဘုရား"

"ငါ့ရှင် သင့်အမေးကို ငါယခု မဖြေသေး၊ ဆွမ်းခံပြန်ပြီး ဘုရားသခင် ရှေ့တော်ရောက်မှ ပြုံးရခြင်းအကြောင်းကို ဖြေတော်မူမည်"

ယခု ဆရာသခင် ပြုံးသည်ကို မြင်လိုက်၍ မေးလျှောက်သော်လည်း ဆွမ်းခံပြန်ကြ၍ မြတ်စွာဘုရား ရှေ့တော်မှောက်မှ ပြောကြားမည်ဟု ဆိုသည်။

မိမိ၏ ဆရာသခင်ပြောကြားပြီးသည်နှင့် သုံးလူ့ထွတ်ထား မြတ်ဘုရားကလည်း ထိုဘုံသား၏ အတိတ်ဇာတ်ကြောင်းကို ဟောကြားတော်မူသည်။ ထိုအခါ သတိသံဝေဂ ရကြသည်။

ယခု ဆရာသခင်ပြုံးခဲ့ပြီ၊ ဆရာသခင်က တရားသဘောင်ကျမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြမည်ဆို၍ ဆက်မလျှောက်ဝံ့တော့ဘဲ ဆရာသခင်နောက်ပါးမှ တိတ်ဆိတ်စွာလိုက်ပါရင်း ရာဇဂြိုဟ်မြို့အတွင်း ဆွမ်းခံထွက်ခဲ့သည်။

ဆွမ်းသပိတ် အပြည့်နီးပါးရပြီဖြစ်၍ အရှင်မဟာမောဂ္ဂလာန်က

“ဖုရှင် ကျောင်းပြန်ကြွဖို့သင့်ပြီ”

“တပည့်တော်လည်း ဆွမ်းသပိတ်ပြည့်ပါပြီဘုရား”

သို့ဖြင့် ဝေဠုဝန်ကျောင်းတော်သို့ သပိတ်ပိုက်ပြီးပြန်ကြွခဲ့သည်။

ဘုရားရှင် ရှေ့တော်မှောက်သို့ ရောက်သောအခါ မြေပြိတ္တာကို မြင်၍ ပြုံးရခြင်းအကြောင်းကို ပြောပြသည်။

ဘုရားရှင်ကလည်း ရှင်မဟာမောဂ္ဂလာန် ပြောဆိုချက်ကို ထောက်ခံတော်မူသည်။

ရှေးလွန်လေပြီးသောအခါတုန်းက ဂင်္ဂါမြစ်ကမ်းအနီး သီတင်းသုံးနေသော အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးသည် သစ်ပင်တစ်ပင်အောက်၌ သီတင်းသုံးနေသည်ကို ဗာရာဏသီ မြို့သူမြို့သားတို့ တွေ့ကြရသည်။

“အရှင်ဘုရား ဤအရပ် ဤဒေသမှာ သီတင်းသုံးနိုင်ဖို့ ကျောင်းသင်္ခမ်း ဆောက်လှူပါ့မယ်”





ထိုကဲ့သို့လျှောက်ပြီးသည်နှင့် အရှင်ပစ္စေကဗုဒ္ဓါလည်း ဆိတ်ဆိတ်နေတော်မူသဖြင့် သင့်တော်သည့်နေရာကိုရွေး၍ ကျောင်းသင်္ခမ်းကို ဆောက်လုပ်လှူဒါန်းကြ၏။

ပစ္စေကဗုဒ္ဓါလည်း ဒကာ၊ ဒကာမများ ဆောက်လုပ်လှူဒါန်းသော ကျောင်းသင်္ခမ်းမှာ သီတင်းသုံးပြီး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခဲ့သည်။

ထိုအခါ မြို့သူမြို့သားတို့သည် အရှင်ပစ္စေကဗုဒ္ဓါကို ကြည်ညို[illegible]လှသဖြင့် နေ့ရောညပါ အခါမလပ် ကျောင်းသင်္ခမ်းသို့သာ သွားကြကုန်သည်။

ထိုသို့ ကျောင်းသင်္ခမ်းသို့ သွားရာလမ်းသည် လယ်သမားတစ်ဦး၏ လယ်ကွက်ကို ဖြတ်ပြီးမှသာ ကျောင်းသင်္ခမ်းသို့ ရောက်သည်။

လယ်ပိုင်ရှင် လယ်သမားလည်း သူ့လယ်ကန်သင်းပေါ်၌ လမ်း[illegible]၍ ဖြတ်သွား ဖြတ်လာ လုပ်သည်ကို မကျေနပ်ချေ။

“ဟေ့ လူတွေ ဒီမှာ စပါးတွေ ကျဲပက်ထားတာ မတွေ့ဘူး[illegible] လယ်ကွက်ထဲ မဆင်းနဲ့ ကန်သင်းပေါ်ကသွား၊ တစ်ယောက်လည်းမဟုတ်၊ နှစ်ယောက်လည်းမဟုတ်[illegible]နေ့ တစ်နေ့သွားလိုက် လာလိုက်ကြတာ၊ ခင်များတို့ [illegible]ရေး



www.burmeseclassic.com

www.burmeseclassic.com



သွားနေတာက အကြောင်းမဟုတ်ဘူး၊ ကျုပ်ရဲ့လယ်တွေ ပျက်တယ်။

ခင်ဗျားတို့ ကူသိုလ်ရဖို့ သွားတဲ့ကိစ္စမှာ ကြားက ကျုပ် စီးပွားပျက်ရတော့မယ်"

"တို့တွေကလည်း တခြားလမ်းက သွားလို့မရလို့ သွားကြရတာပါ၊

ပျက်စေလိုတဲ့ ဆန္ဒမရှိပါဘူး"

"အဲဒီလိုလည်း ကျုပ်လယ်ကွက်ထဲက မသွားကြနဲ့ပေါ့"

ထိုသို့ပြောနေစဉ် နောက်မှလူတစ်စုက တိုးဝှေ့ပြီး ကျော်တက် သွားသည်ကို မြင်သဖြင့် ...

"တောက် ... ပြောလည်း အပိုပဲ ... တစ်ယောက် ပြောလည်း နောက်တစ်ယောက်က လာနေတာပဲ"

လယ်သမားကြီးလည်း ဘာမှမပြောတော့ဘဲ အလုပ်ကိုသာ ဆက်လုပ်နေလိုက်တော့သည်။

လူများကလည်း 'ပျက်စေလိုသောဆန္ဒမရှိ'ဟုပြောပြီး နေ့စဉ် လျှောက်နေကြသဖြင့် လယ်ကန်သင်းများ ခဏခဏပျက်နေ ပြန်ပြီး ပေါက်တင်ရလွန်းသည့်အတွက် စိတ်မရှည်နိုင်တော့။

ပျိုးကြဲချိန်ရောက်တော့ ပျိုးခင်းထဲ ဖြတ်နင်းကြသည်။ ပျိုး ပေါက်များ နင်းမိကုန်သည်။





ယခု ... စပါးစိုက်ချိန်ရောက်၍ စပါးများ စိုက်ခဲ့ပြီးပြီး မြို့သူမြို့သားတို့ တရုံးရုံးနှင့် ဖြတ်သွားဖြတ်လာလုပ်ကြပြန်သည်။ စပါးပင်များပေါ် ခြေချော်ကျပြီး စပါးပင်များ နင်းမိပြိုလဲကျကုန်သည်။

"ဘယ်လိုတွေလဲဗျ၊ စပါးပင်တွေ နင်းမိလို့ ပြိုလဲကျကုန်ပြီ၊ ကန်သင်းရိုးတွေလည်း ခင်ဗျားတို့ နင်းလွန်းလို့ လမ်းဖြစ်နေပြီ၊ ...တယ်စိတ်ကုန်တယ်ဗျာ၊

ဒီကိုယ်တော်ရှိနေသမျှ ငါ့စီးပွားပျက်တော့မှာပဲ၊

ဟော့လူတွေ လမ်းကြည့်လျှောက် တုန်တုန်ချိချိ အဘိုးကြီး ...ွားကြီးတွေကလည်းပါသေး၊

ဟော့ အဒေါ်ကြီး ... ဘယ်လိုလဲဗျ၊ စပါးပင်တွေ နင်းမိ ...ပြီ"

"အဒေါ်ယိုင်သွားလို့ နင်းမိသွားတာပါ"

"တာ... ဒီမှာ ပြောနေတုန်း ရှေ့ကလူတွေ နင်းချသွားပြန်ပြီ၊ ...ပြီ ... သွားပါပြီ စီးပွားတော့ ပျက်ပါပြီ"

လယ်သမားလည်း မိုးစကတည်းက အရှင်ပဓ္ဓကဗုဒ္ဓ ကျောင်း ...သို့ သွားလာကြသည့် လူအုပ်ကို ဘယ်လိုမှ တားမြစ်ပြော ...ခဲ့။

တစ်လပြီးတစ်လ စပါးပျိုးချိန်၊ စိုက်ချိန်မှသည် ရိတ်သိမ်းချိန်



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်တော့မည်။

နောက်မကြာခင် သိတင်းကျွတ် တန်ဆောင်မုန်းရောက်ပြီဆိုလျှင် စပါးများ ရင့်မှည့်တော့မည်။

စပါးရင့်မှည့်ချိန် လူနင်းခံရလျှင် သူ့စီးပွားရေး ထိခိုက်ပေတော့မည်။ ထိုသို့တော့ အဖြစ်မခံနိုင်။

တစ်ခုခု ကြံမှဖြစ်တော့မည်။ သို့ကြောင့် အကြံထုတ်သည်။ လူတွေဖြတ်သွားဖြတ်လာမလုပ်နိုင်အောင် လယ်ကွက်ထိပ်မှာ စည်းရိုးကာလိုက်သည်။

ထိုသို့ ခြံပိတ်ကာသော်လည်း စည်းရိုးကိုဖျက်ကာ သွားကြပြန်သည်။

"တောက် လူတွေကတော့ တရားလွန်လာပြီ"

ထို့နောက် မကောင်းသော အကြံအစည်ကို သူကြံတော့သည်။ ညဘက်ဝါးများချွန်ပြီး ကန်သင်းများပေါ် ငြောင့်ထောင်ထားသည်။ မနက်လင်းရောင်လာချိန်ရောက်သည်နှင့် အာရုံဆွမ်းကပ်ရန် မြို့မြို့သားများ ဆွမ်းခဲဖွယ် ဘောစဉ်များ အသီးသီး ယူဆောင်လာနေကြသည်။

ကန်သင်းရိုးပေါ် ခြေချလိုက်သည်နှင့် ...

"အား"





"ဟာ ... ငါ့ခြေထောက်ကို ငုတ်စူးသွားပြီ"

"အား"

နောက်တစ်ယောက်လည်း ငြောင့်စူးသွားပြန်ပြီ။

"ဟာ ... ရှေ့မှာလည်း ငြောင့်တွေရှိတယ် ... သတိထားကြဟေ့ ... ငြောင့်ထောင်ထားတယ်"

"ဟင် ... ဒီလူကြီးတော့ အကုသိုလ်တွေ အကုံးလိုက် အတစ်လိုက် ယူနေပြီ"

ငုတ်ထောင်ထားမှန်းသိသဖြင့် လူတွေလည်း အသေအချာကြည့်ကာ နှုတ်ပစ်လိုက်ကြသည်။

လယ်သမားလည်း တစ်မျိုးမရ တစ်မျိုးကြံပြန်သည်။

"ငါ ဒီလမ်းကို လူတွေမသွားရအောင်လုပ်နေလို့ကတော့ အလကားပဲ၊ ဒီရဟန်းကြီး ဒီကျောင်းမှာ မရှိမှ သူတို့လာကြတော့မှာ"

"ဟုတ်ပြီ ... ငါဒီရဟန်းကြီးနေတဲ့ ကျောင်းသင်္ခမ်းကို သွားဖျက်ဆီးရမယ်"

လယ်သမားလည်း အကြံအစည်ရှိသည့်အတိုင်း အခွင့်သာသည့်အချိန်ကို စောင့်နေလေသည်။

အရှင်ပစ္စေကဗုဒ္ဓါ မြစ်ကမ်းနဘေးမှ ကြွလှမ်းသွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်သည်နှင့် ကျောင်းသင်္ခန်းသို့ အမြန်သွားကာ ကျောင်း
အတွင်းမှာ ရှိသမျှအားလုံး ရိုက်ခွဲဖျက်ဆီးပစ်လိုက်သည်။

"အင်း ကျောင်းဟောင်းလောင်းသာ ကျန်ခဲ့တာဆိုတော့ ရဟန်း
ကြီး နေရထိုင်ရခက်သွားပြီ၊ ဒီကျောင်းကိုထားပြီး ထွက်သွားတော့မှ
အသေအချာပဲ"

လယ်သမားကြီးလည်း အိုးခွက်၊ ပန်းကန်၊ ရေအိုး အစရှိသည်
ကျောင်းသင်္ခန်းအတွင်းရှိ အသုံးအဆောင်များကို ဖျက်ဆီးပြီး ကျေနပ်
အားရကာ တဲသို့ပြန်သွားတော့သည်။

သို့သော် လယ်သမားကြီး ထင်ထားသလို မဟုတ်ဘဲ
ရှင်ပစ္စေကဗုဒ္ဓါလည်း ကျောင်းမှာပင် ဆက်၍သီတင်းသုံးနေသည်။

မြို့သူမြို့သားတို့လည်း လာမြဲလာလျက်ရှိသည်။

"အင်း ... ငါလုပ်ရပ်က ဒီရဟန်းကြီးကို ကျောင်းက
ခွာအောင် မလုပ်နိုင်ဘူး ... အဲဒီတော့ ... ငါ ဒီရဟန်းကြီး
ကျောင်းသင်္ခန်းက ခွာသွားမှပဲ စိတ်ဖြောင့်ဖြောင့် အိပ်ပျော်နိုင်
တော့မယ်၊

အင်း ... ကြံစမ်း ... အကြံထုတ်စမ်း"

လယ်သမားကြီးလည်း စပါးပင်များ ကြီးရင့်လာသည်နှင့်အမျှ
လူတွေ ဖြတ်သွားဖြတ်လာလုပ်တိုင်း စိတ်ကသိကအောင့် ဖြစ်နေ





သည်။ ဒေါသပွကြီး ပွနေတော့သည်။

သူ့စိတ်က သူ့ကို အပူမီး ပွားစေသည်။ အချိန်နှင့်အမျှ
မြို့သူမြို့သားများနှင့် အရှင်ပစ္စေကဗုဒ္ဓါအပေါ်မှာသာ သက်ရောက်နေ
သည်။

အလုပ်ကို စိတ်ဖြောင့်ဖြောင့် မလုပ်နိုင်တော့။

"ငါ့နှယ် တတ်နိုင်ရင် ... မြို့နဲ့ဒီကျောင်း လမ်းဖောက်ပေး
လိုက်ပါတယ်။ ဒီကျောင်းကိုသွားနေကြတဲ့လူတွေကလည်း ငါ့လယ်
ကန်သင်းပေါ်ကသွားတာ မကြိုက်မှန်း သိနေတာတောင် လမ်းသစ်
ဖောက်ပေးဖို့ စိတ်မကူးကြဘူး၊

အင်း ... ကြံစမ်း ... လူတွေမလာမယ့်အကြံမျိုး ထွက်စမ်း
ထွက်စမ်း ... ဟုတ်ပြီ ... အဲဒီအကြံကောင်းတယ် ...
ပြင်ဆင် အကောင်အထည်ဖော်ရမယ်"

လယ်သမားကြီးလည်း အရှင်ပစ္စေကဗုဒ္ဓါ ကျောင်းသင်္ခန်းသို့
အကြိမ် ရောက်သွားပြန်သည်။

အရှင်ပစ္စေကဗုဒ္ဓါ အပြင်သို့ကြွမည့်အချိန်ကို ချောင်းနေသည်၊
လင့်နေသည့်အချိန်သို့ ရောက်လာခဲ့သည်။

"ဟုတ်ပြီ ရဟန်းကြီး ကြွသွားပြီ၊
အခုနေ လူတွေတစ်ယောက်မှမရှိတုန်း၊ လုပ်စရာရှိတာကို

www.burmeseclassic.com

www.burmeseclassic.com



အရင်ပြီးအောင် လုပ်ရမယ်”

လယ်သမားလည်း ဘာမှ စဉ်းစားမနေတော့၊ ကျောင်းသခ်န်း ကို မီးရှို့ပစ်လိုက်သည်။

ကျောင်းသခ်န်း မီးလောင်နေသည်ကိုကြည့်ပြီး လယ်သမား ကြီး သဘောအကျကြီး ကျနေသည်။

“ဟား ... ဟား ... ဟား ... ရဟန်းကြီး ကျောင်းလည်း မရှိ၊ အိုးခွက်ပန်းကန်လည်းမရှိ၊ ဒီမှာဘာယ်လိုနေတော့မလဲ၊ စောစော ကသာ ဒီအကြံရခဲ့မယ်ဆိုရင် စောစောကတည်းက အိပ်ရေးဝ အိပ်ရမှာ၊

ငါ့လယ်တွေလည်း ပျက်စီးရမှာမဟုတ်ဘူး အခု ... အသိ နောက်ကျခဲ့ရတယ်”

ထို့နောက်တော့ ... ပစ္စေကဗုဒ္ဓါအရှင်မြတ်လည်း ကျောင်း မီးလောင်သွားသည်ကိုတွေ့ရသဖြင့် ဤနေရာမှာ မနေသင့် ပိုင်းဖြတ်လိုက်ကာ အရပ်တစ်ပါးသို့ ကြွသွားတော်မူသည်။

ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ကိုးကွယ်ဆည်းကပ်ကြသူတို့ လယ်သမားကြီး၏ လက်ချက်မှန်းသိကြသည်။

ထို့ကြောင့် အရှင်ပစ္စေကဗုဒ္ဓါထွက်သွား၍ ဝမ်းနည်းပူ နေသူတို့၏ အပူမီးက လယ်သမားကြီးထံ ရောက်ရှိသွားတော့သ



ဒေါသမီး တဟုန်းဟုန်းတောက်လောင်ကာ သူ၏လယ်များကို ဖျက်ဆီးပစ်ကြသည်။

လူထုကြီး၏ ဒေါသက ထိုမျှနှင့် မကျေအေးနိုင်သေး။ လယ် သမားကြီးအား သူမြတ်နိုးသော လယ်ကွက်ထဲမှာပင် ဝိုင်းဝန်း ထိုးနှက်လိုက်ကြသဖြင့် အရိုးကျေကာ သေပွဲဝင်ခဲ့ရတော့သည်။

လယ်သမားကြီးသေဆုံးပြီး အဝီစိငရဲ၌ နှစ်ပေါင်းများစွာ ခံရပြီးလျှင်၊ အရိုးအကျန်ဖြင့် ဂိဇ္ဈကုဋ်တောင်၌ မြွေပြိတ္တာကြီး ဖြစ်နေရပေသည်။

ဘုရားရှင်လည်း မြွေပြိတ္တာကြီး၏ ဘဝပေးကုသိုလ်ကံကို ဟောကြားတော်မူပြီးလျှင် ထိုအကုသိုလ်ကံနှင့် အနုသန္ဓေဆက်စပ်၍ ရောက်လာကြကုန်သော ရဟန်းလူပရိသတ်အား တရားတော်များ ဟောကြားပြီး အထက်ပါ ဒေသနာကို ဟောကြားတော်မူလေသည်။

(ဓမ္မပဒ)

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# စပါးကြီးမြေပြိုက္ဏာနှင့် အငြိုးကြီးသူ

ဂေါတမမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာ
ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသည့်အချိန် ...

ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးသည် ရှင်လက္ခဏနှင့်အတူ
ဂိဇ္ဈကုဋ်တောင်သို့ ကြွတော်မူခဲ့ကြသည်။

ဂိဇ္ဈကုဋ်တောင်မှအဆင်းတွင် အလွန်ကြီးမားရှည်လျားလှသော
မြေပြိုက္ဏာကြီးတစ်ကောင်အား တန်ခိုးတော် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်
တွေ့မြင်ရသည်။

ထိုမြေပြိုက္ဏာသည် နှစ်ဆယ့်ငါးယူဇနာမျှ ရှည်လျားသည့် ကော
ကြောတစ်ခုလုံးနီးပါး ရှိနေသည်။

ထိုမြေပြိုက္ဏာ၏ ဦးခေါင်းမှ မီးတောက်မီးလျှံတို့သည် အမြီး
များသို့ တောက်လောင်သွားကြ၏။





"အလိုလေး ... နည်းတဲ့အကောင်ကြီး မဟုတ်ပါလား၊ ဝင့်ကြွေးဒုက္ခကလည်း မသေးလှပါလား"

ရှင်မဟာမောဂ္ဂလာန်သည် ထိုမြေပြိုက္ဏာကြီး၏အဖြစ်ကို မြင်သောအခါ သနားကရုဏာသက်စွာ ပြုံးမိလေသည်။

အရှင်မြတ်ကြီး၏ အပြုံးကို ရှင်လက္ခဏက သတိထားမိလိုက်သည်။

"အရှင်ဘုရား ဘာကိုသဘောကျပြီး ပြုံးတော်မူပါသနည်း"

ရှင်မောဂ္ဂလာန်က ထိုအမေးကို ချက်ချင်းပြန်၍ ဖြေတော်မူချေ။ ထိုမြေပြိုက္ဏာကြီးကို ရှင်လက္ခဏကမမြင်၊ ရှင်မောဂ္ဂလာန်သာ တန်ခိုးတော်နှင့် မြင်တော်မူခြင်းဖြစ်သည်။

ထို့ကြောင့် ရှင်လက္ခဏအား ဤသို့ပြန်၍ မိန့်ကြားခဲ့လေသည်။

"ရာဇဂြိုဟ်ပြည်ထဲဝင်ပြီး ဆွမ်းခံကြွကြစို့၊ ဆွမ်းခံကြွပြန်မှ ဘုရားရှင်ရှေ့တော်မှောက်ဝင်ပြီး ငါ့ရှင်ရဲ့ အမေးကို ဖြေပါမယ်"

ရှင်လက္ခဏလည်း ဘာမှထပ်မမေးတော့ဘဲ ရှင်မဟာမောဂ္ဂလာန်နှင့်အတူ ရာဇဂြိုဟ်ပြည်အတွင်းသို့ ဆွမ်းခံဝင်ခဲ့တော့၏။

ဆွမ်းခံခြင်းကိစ္စပြီး၍ ဝေဠုဝန်ကျောင်းတော်သို့ ပြန်ရောက်သောအခါ ဘုရားရှင်ကိုဝင်၍ ဖူးမြော်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ ဘုရားရှင်၏ရှေ့တွင်ပင် ရှင်မောဂ္ဂလာန်အား ရှင်လက္ခဏက မေးခွန်းပြန်မေးတော်မူ၏။

"အရှင်ဘုရား ဂိဇ္ဈကုဋ်တောင်မှာတုန်းက ပြုံးတော်မူတဲ့ အကြောင်းကို အခုမြေပါတော့ဘုရား"

"ကောင်းပါပြီငါ့ရှင် … ဖြေပါမယ်၊

ဂိဇ္ဈကုဋ်တောင်မှာ … တပည့်တော်က အလွန်ကြီးမားတဲ့ မြွေပြိတ္တာကြီးတစ်ကောင်ကို မြင်ခဲ့ပါတယ်၊ သူ့ရဲ့ခန္ဓာကိုယ်ဟာ အင်မတန်ကြီးမား ရှည်လျားလှပါတယ်၊

တစ်ကိုယ်လုံးမှာလည်း မီးတွေတဟုန်းဟုန်း တောက်လောင်နေတယ်။ အဲဒီ မြွေပြိတ္တာကြီးကိုကြည့်ပြီး ကရုဏာသက်မိလို့ ပြုံးမိတာပါအရှင်"

ထိုအဖြေစကားကို မြတ်စွာဘုရားအရှင်မြတ်ကြီးကလည်း ထောက်ခံသည်။

"အင်း … ငါဘုရားရဲ့ ချစ်သားသံဃာတော်တွေဟာ မြင်သင့်မြင်ထိုက်တဲ့ သံဝေဂတရား ရစရာတွေကို မြင်နိုင်တဲ့အစွမ်း ရှိပါပေတယ်၊

ငါဘုရားဟာ အဲဒီ စပါးကြီးမြွေပြိတ္တာကြီးကို ဗောဓိပင်ခြေမှာ သီတင်းသုံးနေစဉ်ကတည်းက မြင်ခဲ့ပြီးသားပါ၊



ဒါပေမဲ့ မမြင်နိုင်တဲ့သူတွေကို ပြောပြလို့ ယုံကြမှာမဟုတ်ဘူး၊ အကျိုးလည်း ရှိမှာမဟုတ်လို့ မပြောပြခဲ့တာပဲ … တကယ်တော့ မြွေပြိတ္တာကြီးဟာ အဲဒီသင်းရဲလှတဲ့ … ငရဲကို … ခံစားနေရတာ ကြာလှပါပြီ"

ထိုအခါ အနားတွင်ရှိသော ရဟန်းသံဃာအပေါင်းတို့က မြတ်စွာဘုရားအား ဝိုင်းဝန်းလျှောက်ထား တောင်းပန်ကြသည်။

"ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၊ တပည့်တော်တို့ကို အဲဒီ မြွေပြိတ္တာကြီးအကြောင်း ဟောကြားပြတော်မူပါဘုရား"

"ကောင်းပါပြီ ချစ်သားတို့ သင်တို့သတိသံဝေဂရပြီး ဆင်ခြင်နိုင်အောင် ဟောပြမယ်၊ နားထောင်ကြပေတော့"

*******

အချိန်ကာလက ကဿပဘုရားရှင် ပွင့်တော်မူချိန်ကဖြစ်သည်။ ထိုအချိန်က ရတနာသုံးပါးကို အလွန်ရိုသေကိုင်းရှိုင်းလျက် အလှူ ဒါနတွင် သဒ္ဓါတရားထက်သန်လွန်းသော ဥပါသကာတစ်ဦး ရှိခဲ့သည်။

ထိုသူသည်ကား သူဌေးကြီး ဦးသုမင်္ဂလဖြစ်သည်။ ဦးသုမင်္ဂလသည် ရတနာသုံးပါးနှင့်ပတ်သက်လာလျှင် အလွန်ကြည်ညိုသဒ္ဓါ အလှူဒါနအရာတွင် စေတနာသဒ္ဓါတရား ထက်သန်စွာ ဆောင်ကြဉ်း အလှူရှင်လေ့ ရှိသူတစ်ဦးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း သူဌေးကြီး ဦးသုမင်္ဂလအိမ်ရှေ့မှာ အလှူမဏ္ဍပ် ကြီးထိုး၍ လာသမျှလူအပေါင်းတို့ကို စတုဒိသာ ကျွေးမွေးနေပါ သည်။

အယုတ်အလတ် အမြတ်မရွေး ကျွေးမွေးသည်၊ မည်သူမဆို ဤအလှူပွဲမှာ ဝင်စားနိုင်သည်။

စားသောက်ရသူတိုင်းလည်း သူဌေးကြီးကို ဆုတောင်းပေးကြ သည်။

"သူဌေးကြီးတို့ကျတော့ ရှိလို့လှူ လှူလို့ရှိ ဒီတစ်သက် မပြောနဲ့ ဆယ်သက်လှူရင်တောင် ကုန်နိုင်ဖွယ်မရှိဘူး"

"ကျန်းမာချမ်းသာပါစေ သူဌေးကြီး၊ သည်ထက်ပိုပြီး လှူနိုင် ကျွေးမွေးနိုင်ပါစေ"

အလှူပွဲလာ အရပ်လေးမျက်နှာမှ လူများလည်း ဝမ်းသာ အပြည့်နှင့် ဆုပေးသံတွေက သူဌေးကြီးကို ... ဝမ်းသာပီတိ ဖြာစေသလို လှူချင်စိတ်လည်း ပိုပိုလာခဲ့သည်။

"ငါအခုလို ကောင်းမှုလုပ်နိုင်တာ ငါ့အလှူကို ဝမ်းမြောက် ဝမ်းသာ ခံယူတဲ့လူတွေရှိလို့ပဲ ... ငါဒီအလှူကြီးကို ခုနစ်ရက် ခုနစ်လီ ကျွေးမယ်"

လူတကာတွေ ... အလှူပွဲကြီးမှာ စားကြသောက်ကြ ကြည်နူးနေကြချိန် ထိုအလှူအတန်းကို မနာလို မရှုစိမ့်နိုင်သူတွေ တလည်း ရှိသေးသည်။

ထိုသူတို့က မြို့အစွန်တဲငယ်လေးမှာနေသော သူခိုးအလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြုသူ ခိုးသားဗလနှင့် သူ့ဇနီးတို့လင်မယား နှစ်ယောက်ဖြစ်သည်။

"ရှင်က ကောင်းရောင်းဖောကောင်းဝယ်လည်း ရှာမကျွေးဘူး၊ သူများပစ္စည်း ခိုးယူပြီး သူများစိတ်ဆင်းရဲမှ အစားဝင်ရတာ၊ ကြာတော့ ကျုပ်စိတ်ကုန်လှပြီ။ အခုလည်း ရှင်ခိုးလို့မရတာ နှစ်ရက် ရှိပြီ၊ အိမ်မှာ စားပို့ဘာမှမရှိလို့ ပြောနေတာ"

ဇနီးဖြစ်သူက သူဌေးကြီးလှူနေသော စတုဒိသာသို့သွားစားရန် ထိုခွစ်သူအား စကားစမိကာမှ သူ့ကိုပင်သွားခွင့်မပြု။

"ရှင်လည်း ဝအောင်ရှာမကျွေး၊ သူများကျွေးတော့လည်း မသွားနဲ့ဆိုတော့ ... မလွန်ဘူးလား"

"ဟဲ့ကောင်မ စကားမရှည်နဲ့၊ ငါက မသွားနဲ့ဆို မသွားနဲ့"

"ရှင် ရှာဖွေခိုးယူလို့ရတာ စားနေရပေမဲ့ သူဌေးကြီးကျွေးတဲ့ အလှူထမင်းဟင်းရဲ့ အရသာနည်းနည်းတောင်မမီဘူး၊ အခွင့် ကြုံတုန်း သွားစားချင်တာ"

"တော် နင့်ပါးစပ်ပိတ် ... နင့်ခြေတစ်လှမ်း မြေပေါ်ချကြည့်







www.burmeseclassic.com

www.burmeseclassic.com



လိုက် နင့်ခြေထောက်ကို ရိုက်ချိုးပစ်မယ်"

"သူဌေးကြီးအလှူက ခုနစ်ရက်တောင် ... ရှင် ဒီရက်တွေမှာ ကျုပ်ကို ဝအောင်ရှာကျွေးနိုင်လို့ကတော့ ... အလှူအိမ်ကို ခြေဦးတောင် မလှည့်ဘူးမှတ်"

"တောက်... ငါ့ရှာလို့ရရင် အင်းပါးစပ်ပိတ်အောင် ထောင်းသွင်းပြမယ်၊ တွေ့မယ် အစားမက်တဲ့ကောင်မ၊

ငါ အပြင်ခဏသွားမယ်၊ အဲဒီအလှူကို သွားစားတယ်လို့ ကြားရင် ငါ့အကြောင်းသိစေရမယ် ... ဟင်း"

ကြိမ်းမောင်း ခြိမ်းခြောက်ပြီး ယောကျ်ားဖြစ်သူ တဲပြင် ထွက်သွားသည်။

တဲမှာ ကျန်ရစ်ခဲ့သော ဇနီးဖြစ်သူလည်း မကျေမနပ်ပြောရင်း ကျန်ရစ်ခဲ့တော့သည်။ စိတ်မထင်လျှင် ပါးစပ်ပင်မက၊ လက် ပါတတ်သော လင်ဖြစ်သူအကြောင်း သိသဖြင့် မသွားစေချင်သော အလှူသို့သွားရန် စိတ်မကူးဝံ့တော့။

*******

လောကတွင် အကောင်းလုပ်သူရှိသကဲ့သို့ အဖျက်လုပ်သူ လည်း ရှိနေတတ်ပါသည်။

တစ်ဦးကောင်းစားလျှင် ထိုလူကို မနာလိုမရှုစိမ့်နိုင်သူ





လည်း ရှိတတ်စမြဲဖြစ်သည်။

ယခု ဦးသုမင်္ဂလလို သူတော်ကောင်း သူဌေးတစ်ဦးက ရတနာသုံးပါးကြည်ညို၍ အလှူဒါနများကို စေတနာသုံးတန် ပြတ်သားစွာနှင့် လှူဒါန်းကုသိုလ်ပြုပေမဲ့ ခိုးသားဗလတို့လို လူမိုက် များက မနာလို မရှုစိမ့်နိုင်ကြပါ။

"တောက် အလကားနေ အလှူလုပ်ပြီး စတန့်ထွင်နေတယ်၊ သူ့ကို လူအထင်ကြီးအောင် လုပ်နေတယ်၊

အခွင့်သာလို့ကတော့ ... အင်းမှာရှိသမျှ ကုန်အောင် ငါ ခိုးယူသုံးဖြုန်းပစ်မယ်၊

ဦးသုမင်္ဂလရေ ... ပျော်ထားဦးပေါ့ ... ခင်ဗျားချမ်းသာ သမျှ ကျုပ်ရအောင်ခိုးမယ်၊ ခိုးလို့မရရင် နောက် ခင်ဗျား စတန့် ထွင်နိုင်အောင် ဖျက်ဆီးပစ်မယ်"

မြွေပိုရ်တောင်ကို ဦးခေါ့နှင့်ပေါက်သလို ခိုးသားတစ်ယောက်ရဲ့ ကြုံးဝါးမှုကို ဦးသုမင်္ဂလမသိပါ။

လောကကြီးကား ဆန်းကြယ်လွန်းလှသည်။ ခိုးသားဗလ နာလိုမရှုစိမ့်နိုင်အောင် အကြောင်းတရားက ဖန်တီးလာခဲ့ပြန်သည်။

အကြောင်းက ဦးသုမင်္ဂလကိုးကွယ်ဆည်းကပ်နေသော သသပဘုရားရှင်အား ကိုယ်ခွေးနဲ့စာ အာသပြာစိုက်ထုတ်၍ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆောင်လှူလိုသော ဆန္ဒဖြစ်လာခဲ့သည်။

ဦးသုမဂ်လသည် အလှူကြီး အတန်းကြီး အမြဲလိုလိုပေးနေ ရင်းမှ ထိုရရှိလိုက်သော ကျောင်းဆောင်ဆောက်လုပ်မည့်အလှူကို အမြန်အကောင်အထည်ဖော်မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

ကျောင်းဆောင်ဆောက်လုပ်ရန်မြေအပိုမရှိ၍ မြေကောင်း နေရာကောင်း မြေတစ်ကွက်ဝယ်ရန် မြေပိုင်ရှင် မိတ်ဆွေတစ်ဦးထံ သွား၍ မြေကောင်းမြေသန့်တို့ ရွှေငွေကျောက်သံတို့နှင့် စက်၍ ပေးဝယ်သည်။

"ကျုပ် ဒီမြေကို ဘုရားရှင်အတွက် ကျောင်းဆောက်လှူမယ် ဆိုလို့ရောင်းတာ ... စိတ်ကတော့ တယ်မရောင်းချင်ဘူး နှမြော သားဗျ"

"အရှိမြတ်ကြီး သိတင်းသုံးရင် ... ခင်ဗျားလည်း ကုသိုလ် ရတာပေါ့၊ ခင်ဗျားကုသိုလ်ယူနိုင်ရင် အများကြီးရမှာ"

"အေးဗျာ စိတ်ထဲက အလိုရှိမှုကို ဖြတ်လိုက်ပါပြီ ..."

"သာဓုဗျာ ... သာဓု ... သာဓု"

ထို့နောက် အလုပ်သမားအင်အားများစွာနှင့် သူဌေးကြီးလည်း ကျောင်းတော်ကြီး ဆောက်လုပ်စေခဲ့သည်။

ကျောင်းတော်ကြီးက ပြီးစီးခဲ့ပြီ။





ကျောင်းတော်ကြီး ရေစက်ချပွဲက စည်ကားလှသည်။ မြတ်စွာ ...ရားရှင်နှင့်တကွ နောက်လိုက်နောက်ပါ သံဃာအပေါင်းအား ...င်းအလှူပေးသည်။

အရပ်ရှစ်မျက်နှာမှလာသမျှ လူအပေါင်းတို့ကိုလည်း အယုတ် ...လတ်၊ အမြတ်မရွေး ကျွေးမွေးလှူဒါန်းသည်။

"ဘုရားရှင်နှင့်တကွ ... သံဃာတော်တွေအတွက် ရည်စူး ... ဆောက်လှူတဲ့ ကျောင်းတော်ကြီးက တကယ့်ကို ခမ်းနား ...ကျယ်လှတယ်"

"သူဌေးကြီးရဲ့ သဒ္ဓါတရားကတော့ ရှားမှရှားပဲ ... သာဓု... ...ဓု ... သာဓုပါ ... သူဌေးကြီး"

လူတကာ အားရဝမ်းသာ သာဓုခေါ်ကြပေမယ့် ဒိုးသား ...တာတော့ လူကောင်းတွေလုပ်သမျှ ဘဝင်မကျနိုင်။

"တောက် ... ငါတို့မှာကတော့ စားစရာမရှိ၊ သူကတော့ ...ပြီး စားမကုန်လို့ အလှူတွေတောင် လှူနိုင်သေးတယ်"

လူမိုက်က လူမိုက်ပီပီပင် တွေးနေမိသည်။

"တဲ့ကောင်မ ... ကျောင်းရေစက်ချပွဲ သွားမျိုဆို့ ခဲ့သေး ...း"

"ရှင် အတိတ်ကံမကောင်းခဲ့လို့၊ သူများပစ္စည်းခိုးမှ ...းနေ



www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ လက်ကြောတင်းအောင်လည်း ရှာမကျွေး၊ သူများကျွေးတ
လည်း မနာလို"

"တော်တိတ် ... နင့်ပါးစပ်ပဲကြည့်၊ နင့်ပါး ရှစ်စိ
ကွဲသွားမယ်၊ ငါတို့အရက်နဲ့မြည်းဖို့၊ သရက်သီးစိတ်ရှိရင် ယူ
စမ်း"

"မရှိတော့ဘူး၊ သူများခြံထဲက ကောက်ထားတာ ကုန်သွာ
ပြီ"

"ထွီ ... အမြည်းမရှိတော့ အရက်က သောက်မကော
တော့ဘူး"

"သွားကွာ"

လက်ထဲဟခွက်ကို ကြမ်းပေါ် ပစ်ပေါက်လိုက်သည်။ အ
က အရက်ကုန်နေပြီ၊ ဇနီးဖြစ်သူအား မူးမူးနှင့် ပြဿနာ ရှာ
ဖြစ်သည်။

"ငါ ဒီညပြန်မလာဘူး၊ နောက်နေ့ရက်ကွာပြည့်ဖို့ နိ
လျှောက်နိုးလိုက်ဦးမယ်"

"သွားသွား ... ရှင်ချေချော်လက်ချော်ဖြစ်လို့ ပြန်မလာ
တဲ့တစ်နေ့ ကျုပ်ဝင့်ကျွတ်တဲ့နေ့ပဲ"

အသံမထွက်ဘဲ စိတ်ထဲကပြောရင်း ကျန်ခဲ့သည်။ နိုး





လာတော့ မမှောင်ခင်ကတည်းက ခိုးဝှက်လုယက်ရန် ထွက်သွား
ခဲ့သည်။

*******

အရက်မတက်ခင်ကတည်းက ဦးသုမင်္ဂလ နိုးနေ၏။ အိပ်ရာ
အတော်ကြီးနိုးနေပေမဲ့ စိတ်ကထူးခြားစွာ လန်းဆန်းတက်ကြွ
နေသည်။

"ဒီလိုရက်မျိုး ဘုရားရှင်ရဲ့ ကျောင်းတော်ကို စောစောစီးစီး
သွားပြီး ဘုရားဖူး၊ တရားနာရရင်ကောင်းမယ်"

ကိုယ်လက်သန့်စင် မျက်နှာသစ်ပြီး မီးအိမ်ကို လက်မှဆွဲ၍
ဦးသုမင်္ဂလ အိမ်မှ ထွက်လာခဲ့သည်။

မနက် မိုးက မလင်းသေး။ အမှောင်ထုက ရှိနေသေးသည်။
ကျောင်းတော်ဆီ လျှောက်လာနေရင်း မလှမ်းမကမ်းမှ ဇရပ်တစ်ဆောင်
ဆီသို့ တက်သွားသော လူရိပ်တစ်ခုကို လှမ်းမြင်လိုက်သည်။
သူဌေးကြီး စိတ်ဝင်စားသွားသည်။

"ဘယ်လိုလူလဲ ... အချိန်အခါမဟုတ်"

စပ်စုချင်စိတ်နှင့် ဦးသုမင်္ဂလ ထိုဇရပ်ပျက်ကြီးနားရောက်
သွားခဲ့သည်။

"ဟင် ... ရဟန်းတစ်ပါးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိုယ်တော် ... ဘယ်ကလာတာပါလိမ့်... ဘယ်ဝ
ကြောင့် ဒီမှာ လာအိပ်နေပါလိမ့် ... ခရီးသွားကိုယ်တော်များလား
ဦးသုမင်္ဂလစိတ်ထဲမှာ သင်္ကာမကင်းဖြစ်မိ၍ မီးအိမ်ကိုမြှောက်
ကာ အနားကပ်ပြီး အသေအချာကြည့်မိသည်။

သင်္ကန်းခြုံ၍ အိပ်နေသောရဟန်းမှာ ခြေထောက်နှစ်ချောင်း
ပေါ်နေသည်ကို တွေ့သဖြင့် အခြေအနေကြည့်ရန် အနီးသို့ တိုး
သွားသည်။

"ဟင် ... ခြေထောက်မှာ ... ရွံ့တွေနဲ့၊

သူ့အနီးမှာ သပိတ်တွေလည်း မပါဘူး။ ဒါရဟန်းအစ
မဖြစ်နိုင်ဘူး။ အိမ်ကြိုအိမ်ကြား လျှောက်သွားပြီး ခိုးစားနေတဲ့သူ
ဖြစ်ရမယ်၊

အင်း လူတွေများ ငရဲမကြောက်၊ ဘာမကြောက် သင်္ကန်း
ခြုံပြီးများ ခိုးစားနေရတယ်လို့ တယ်လည်းမိုက်လုံးကြီးသကိုး

ဦးသုမင်္ဂလလည်း ထိုနေရာမှ စိတ်ပျက်စွာ လှည့်ထွက်ခဲ့ပြီး
ဘုရားကျောင်းတော်ဆီ ဆက်လျှောက်ခဲ့သည်။

ဦးသုမင်္ဂလ ကျောပေးပြီး လျှောက်လှမ်းသွားသည်နှင့်
အိပ်နေသူက သင်္ကန်းကိုဖယ်၍ လှမ်းကြည့်လိုက်သည်။

ထိုသူက သူခိုးဗလပင်ဖြစ်ပါသည်။





"တောက် ... ငါ့ကိုများ ချိုးချိုးဖွဲ့ဖွဲ့ ပြောသွားရသေးတယ်၊
ဦးသုမင်္ဂလ ခင်ဗျားရဲ့ အသုံးမကျတဲ့ စကားအတွက် ကျုပ်ကို
ပြန်ပေးဆပ်ရတော့မယ်၊ ခင်ဗျားနဲ့ကျုပ် ဒီနေ့ဒီအချိန်ကစပြီး
ဆိပ်တိုက်တွေ့ပြီပေါ့"

ခြုံထားသော သင်္ကန်းကိုဖယ်ရှား ရေပ်ပေါ်က ခုန်ဆင်းလိုက်
သည်။ ပြီးတော့ အမှောင်ထဲသို့ အလျင်အမြန် ပြေးဝင်သွားသည်။

ဦးသုမင်္ဂလကတော့ ဗလ၏ ကြိတ်မနိုင်ခဲမရ၊ ကြုံးဝါးသံကို
ကြားလိုက်ပါ။ ရတနာသုံးပါးကို အာရုံပြုလျက် ဘုရားကျောင်း
တော်ဆီသို့သာ ခပ်သွက်သွက်သွားလျက်ပင်ရှိနေပါသည်။

ဤကဲ့သို့ ခိုးသားဗလနှင့် ဦးသုမင်္ဂလ ဆုံတွေ့ခဲ့ကြပြီး
ကြာခဲ့ရက်မှာ လူတွေအိပ်၍ သန်းခေါင်သို့အရောက် စပါးခင်းမှာ
မီးရှို့ခံလိုက်ရသည်။

ဦးသုမင်္ဂလ၏ စပါးခင်းများပင်ဖြစ်သည်။

အော်ဟစ်သံ မီးလောင်သည့်အသံ လယ်တွင်းကြီးအတွင်းမှာ
ရှုပ်ထွေးနေပါသည်။

လယ်သမားတော်တော်များများက လယ်ကွင်းထဲမှာရှိ မီးက
တိုနားတစ်ကွက် ဒီနားတစ်ကွက်လောင်နေသည်။

လယ်သမားခေါင်းဆောင်က သူရင်းငှားတစ်ယောက်ကို ဦး



www.burmeseclassic.com

www.burmeseclassic.com



သုမင်္ဂလအား သွားအကြောင်းကြားစေသည်။

သွားအကြောင်းကြားသော သူရင်းငှားနှင့် လယ်ကွင်းအတွင်းသို့ လိုက်ပါလာခဲ့သည်။

သူဌေးကြီးရောက်သွားတော့ ဝိုင်းဝန်းငြိမ်းသတ်ထား၍ မီးက ငြိမ်းလုလု ဖြစ်နေပြီ။

မီးလောင်ရာ လယ်ကွက်အတွင်း မီးငြိမ်းသတ်နေသော သူရင်းငှားများ သူဌေးကြီးအနီးသို့ ရောက်လာကြသည်။

"ဘယ်လိုဖြစ်ကြတာလဲ"

"ကျွန်တော်တို့လည်း မပြောတတ်တော့ပါဘူး သူဌေးမင်း။ အချိန်က သန်းခေါင်ယံ မီးလောင်နေတဲ့အကွက်တွေ မြင်မှသိတာပါ။ မီးက ဟိုတစ်ကွက် သည်တစ်ကွက်လောင်တာပါ။ တစ်ယောက်ယောက်ရှို့တာ ဖြစ်နိုင်တယ် သူဌေးကြီး"

"ဟေ့သူငယ် ... သေသေချာချာမတွေ့ဘဲ မစွပ်စွဲကြပါနဲ့... အလကား ... အကုသိုလ်ရနေပါဦးမယ်၊

ကဲ ... ကဲ ... မလောင်ဘဲကျန်ခဲ့တဲ့ စပါးကွက်တွေ အမြန်သာ ရိတ်ကြတော့"

"မီးရှို့တဲ့လူကို မစုံစမ်းတော့ဘူးလား သူဌေးကြီးခင်ဗျာ"

"ထားလိုက်ပါ ... ဖို့မှာ လယ်ကွက်တွေ အများကြီးရှိသေး





[illegible] ... ကျန်တဲ့လယ်ကွက်တွေကိုသာ ဂရုတစိုက်လုပ်ကိုင်ကြ"

"ဟုတ်ကဲ့ ... ခင်ဗျ"

မီးလောင်သည့်အသံကြား၍ လာကြည့်သူများကြားတွင် သူနိုး[illegible]လလည်း ရောက်နေသည်။

သူဌေးကြီး ဆွေ့ဆွေ့ခုန် ဒေါသထွက်သည်ကို မြင်ချင်၍ [illegible]ရှိကာမှ ဦးသုမင်္ဂလက အပြုံးမပျက် လုပ်ငန်းကို စီစဉ်နေသေးသည်။

နှမြောပုံလည်းမရ၊ ဝမ်းနည်းပုံလည်းမရ၊ ဒေါသလည်းမဖြစ်။ [illegible]သမဲ့ သူနိုးဗလကတော့ ဒေါသ အကြီးအကျယ် ထွက်လာသည်။

"တောက် ... ဒီလောက်နဲ့မဖြစ်ရင် နောက်ထပ်၊ နောက်ထပ် အကြိမ်ကြိမ်ပေါ့၊ တွေ့ကြသေးတာပေါ့ကွာ"

သူနိုးဗလရင်ထဲမှာ ဗလောင်ဆူပွက်ပြီး မီးတောက်နေခဲ့ပါသည်။ ကိုယ်ရှို့သည့်မီးက သူဌေးကြီးရင်ကိုမထိဘဲ ... သူ့ရင်မှာ [illegible]ငြီးငြီး လောင်မြိုက်နေပါသည်။

တကယ်လည်း အကြံရှိခဲ့သည့်အတိုင်း ဦးသုမင်္ဂလ၏ သည်းခံစိတ်ကို အနိုင်ယူနိုင်ရန် လယ်ကွက်များကို မီးဆက်ရှို့ခဲ့သည်။

တစ်ကြိမ်ပြီးတစ်ကြိမ် ခုနစ်ကြိမ်တိုင်တိုင် ပြည့်အောင်ရှို့ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်း ရှိသူကို မိစေချင်သည်။

ဒါပေမဲ့ ဦးသုမင်္ဂလက အကြိမ်တိုင်း ခွင့်လွှတ်နိုင်ခဲ့ပါသည်။

နောက်ဆုံး ခုနစ်ကြိမ်မြောက်ရှိ အပြီးမှာတော့ သူခိုးဗလ ဦးသုမင်္ဂလ၏ သတင်းကို နားစွင့်နေခဲ့သည်။

"ဒီရှိ လိုက်တဲ့ လယ်ကွက်တွေကလည်း သူမရိတ်ဖြစ်သေး တဲ့ စပါးခင်းတွေ အကုန်ပဲ၊ အခုလောက်ဆိုရင် ... ခင်းကြိတ် ငိုနေလောက်ပြီ"

ဒါပေမဲ့ ဗလမြင်ချင်သလို ကြားချင်သလို မဟုတ်ပါ။ ဦးသုမင်္ဂလ ကတော့ အပြစ်မယူသလို၊ တိုင်တန်းခြင်းလည်း မပြုခဲ့ပါ။

သူတော်ကောင်း၏ သည်းခံခွင့်လွှတ်မှုကို သူခိုးဗလ အံ့မတု နိုင်ပါ။ ဒါပေမဲ့ သူလက်မလျှော့နိုင်ပါ။

"ငါ စပါးခင်းတွေ ဖျက်ဆီးပစ်လို့ သူက လယ်ပြန်စိုက် မယ်တဲ့ ဒီလောက်တောင် လယ်ပြန်စိုက်ချင်နေတာ ငါလယ်မစိုက် ဖြစ်အောင် လုပ်မယ်၊

လယ်ဆိုတာ လူနဲ့ ထွန်ယက်တာ မဟုတ်ဘူး၊ နွားနဲ့ ထွန်ယက်ရတာ ... နွားမရှိရင် တဲ ... တဲ ..."

အကုသိုလ်တို့ အတုံးလိုက် အတစ်လိုက် လိုချင်နေသူ သူခိုးဗလကတော့ ရဲခင်းတစ်လက်ကို မြဲနေအောင်သွေးနေခဲ့သည်။





"ဒီလောက်မြဲနေတဲ့ရဲခင်းနဲ့ ခုတ်လို့ကတော့ နွားလည်ပင်း ဟိခနဲပဲ"

လမိုက်ညရောက်ရင် ဒီရဲခင်းတစ်ချောင်းနှင့် နီးရာနွားများ၏ ခြေထောက်ကို လွဲ၍လွဲ၍ ခုတ်တော့သည်။

နွားများလည်း မချိမဆန့် အော်ဟစ်ကာ ကြောက်လန့် တကြား ပြေးလွှားကြကုန်တော့သည်။ နွားများ ရပ်တည်ခြင်းငှာ [illegible]တတ်နိုင်ဘဲ ပြိုလဲကုန်တော့သည်။

"ဟော့ ... နွားခြံထဲမှာ ဘာဖြစ်လဲမသိဘူး။ မီးတုတ်ထွန်း ကြစမ်း၊

နွားခြံထဲ သူခိုးဝင်တယ်ထင်တယ် လာကြဟော့"

မီးတုတ်များကိုကိုင်ရင်း နွားခြံထဲရောက်လာချိန်မှာတော့ သူခိုး [illegible]တော ရှိမနေတော့ပါ။ သူခိုးဗလက နွားခြံနှင့်ဝေးရာမှာ ရောက်နေ [illegible]သည်။

"ခင်ဗျားရဲ့ နွားတွေ ခြေတစ်ချောင်းစီကျိုးကုန်ပြီ၊ ခင်ဗျား [illegible]တယ်လိုလုပ်မလဲ ကျုပ်ကြည့်မယ်"

ဒါပေမဲ့ ဦးသုမင်္ဂလမှာ နွားတွေ များလှစွာရှိနေသည်။ [illegible] [illegible] နွားက အနည်းငယ်သာ။

နောက်နေ့ သေဆုံးသွားသော နွားများကို ဖျက်ပြီး ဈေးမှာ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမား လယ်သမား ဇနီးမယားတို့က သွားရောင်းကြသည်။ သူခိုးဗလက လူကြားထဲ စနဲနာနေသည်။

တစ်ယောက်က ...

"နွားတွေ ဒီလိုဖြစ်ကုန်တော့ လယ်ပြန်စိုက်ဖို့ ခက်ပြီပေါ့"

"သူဌေးကြီးက ဒဏ်ရာရတဲ့နွားတွေကို ဆေးကုပြီး ဘေးမဲ့ ပေးမယ်တဲ့"

"နွားတွေ ထပ်ဝယ်တန်ဝယ်ပြီး ရှိတဲ့နွားတွေနဲ့အတူ လယ် ပြန်စိုက်မှာတဲ့၊ သူဌေးကြီးကတော့ လုပ်သွားတဲ့လူကို စုံစမ်းဖို့ တိုင်တန်းဖို့ စိတ်မဝင်စားဘူးတဲ့"

ဈေးတန်းထဲက သူဌေးကြီးအကြောင်းကြားခဲ့ပြီး သူခိုးဗ အိမ်ပြန်လာသည်။

"တောက် နွားတွေသေတာတောင် ဘာမှမခံစားဘူးတဲ့လ ဒီလိုနဲ့ရှိုးလား ... တောက်"

တွေးလေတွေးလေ၊ ဒေါသအစိုင်အခဲပိုကြီးလာကာ၊ သူဌေ ကြီး၏ နွားခြံအတွင်းမှ နွားများကို ခုနစ်ကြိမ်တိုင်တိုင်သွားခုတ် လေသည်။

ခုနစ်ကြိမ် ခုနစ်ခါ နွားများကို သွားခုတ်သတ်ခဲ့သော်လည် သူဌေးကြီးက စိတ်မဆိုး ဘာခံစားချက်မှ မဖြစ်သဖြင့် သူခိုး



သအမျက်ထွက်ခဲ့သည်။

သူ့အမြိုးက ပိုကြီးလာလေပင်ဖြစ်သည်။

အမှန်ဆိုလျှင် သူဌေးကြီး ဦးသုမင်္ဂလက ပြောလိုက်မိသော မန်စကားတစ်ခွန်းကို သူခိုးဗလက နာလိုခံခက်ကာ မလိုအပ်ဘဲ သောတတရားက ကြီးလွန်းလှသည်။

ထို့အပြင် သူမကောင်းကြံစည်သမျှကို သူဌေးကြီးက မည်သို့ ဖြစ်ခဲ့သည့်အတွက်လည်း စိတ်မှ မခံချိမခံသာ ဖြစ်ရပြန်သည်။

သို့ကြောင့် သည်တစ်ခါတော့ သူခိုးဗလတစ်ယောက် ဒေတင့် •မိုက်မိုက်ကန်းကန်း ကြံစည်ပြန်သည်။

မီးတုတ်များကို ခြံဝင်းထဲပစ်သွင်းပြီး အမှောင်ထဲသို့ သူခိုး လျင်မြန်စွာ ပြေးထွက်သွားသည်။ နောက်ပိုင်းမှာတော့ ရေနံ သည့် သစ်သားအိမ်ကြီး မီးဟုန်းဟုန်းတောက်လောင်ပြီး ကျန် ည်။

သူဌေးကြီးခြံဝန်းအတွင်းနှင့် အနီးနားနေထိုင်ကြသော သူယုံ တွန်များက အလျင်အမြန်ရောက်လာပြီး ဝိုင်းဝန်းငြိမ်းသတ် သည်။

သူဌေးကြီးကိုလည်း အိမ်ကြီးအပြင်သို့ အထိအခိုက်မရှိ တ်နိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးက လူနိုင်သဖြင့် မကြာခင် ငြိမ်းသွားတော့သည်။

သူဌေးကြီးက မီးငြိမ်းပေးသူများအား ကျေးဇူးတင် စကား
ဆိုသည်။

"အေး ... အေး၊ ဘယ်သူမှ အန္တရာယ်မဖြစ်လို့ တော်သေး
တာပေါ့။ ဥစ္စာပစ္စည်းဆိုတာ ကုန်သွားရင် ပြန်ရှာလို့ရတယ်ကွဲ
... လူ့အသက်က အရေးကြီးတယ်၊

ကဲ ... နောက်ရက် ... ပျက်တာပြန်ပြင်ဖို့ လုပ်ကြကွဲ"

မကြာခင်မှာပင် အလုပ်သမားအင်အားနှင့် ရက်ပိုင်းအတွင်
မှာပင် ဦးသုမင်္ဂလက အိမ်အသစ်ကြီးကို ပြန်ဆောက်နိုင်ခဲ့သည်

ထိုကဲ့သို့ အသစ်ပြန်လည်ဆောက်လိုက်သည်နှင့် သုခိုးဗလ
အိမ်ကိုအကြိမ်ကြိမ် ဖျက်ဆီးမီးတိုက်ခဲ့သည်။

ထိုသို့ မိမိမှာ မကြာခဏ တိုက်ခိုက်ဖျက်ဆီးခြင်း ခံနေ
သဖြင့် တရားသဘောနှင့် နှလုံးသွင်း၍ ဆင်ခြင်နေမိသည်။

"အင်း ... ငါလည်း ဒီဘဝမှာသာ ဘုရားတရားနဲ့တွေ့
လူကောင်း သူကောင်းဖြစ်နေပေမဲ့ ယခင်ဘဝတုန်းက ဘယ်
တွေကို အကြီးအကျယ် ဒုက္ခပေးခဲ့လဲ မသိဘူး၊

အဲသည်ဝင့်ကြွေးတွေ ငါအခုပြန်ပြီး ခံစားနေရပြီလ
မသိဘူး"





ဒါပေမဲ့ အငြိုးကြီးလှသူ သုခိုးဗလကတော့ အခွင့်အရေး
သည်နှင့် ဦးသုမင်္ဂလအိမ်ကို ခုနစ်ကြိမ် ခုနစ်ခါတိတိ မီးရှို့ခဲ့သည်။

ဒါပေမဲ့ သူဖြစ်စေချင်သလို သူဌေးကြီးက စီးပွားရေးလည်း
ဆုတ်ယုတ်မသွား၊ စိတ်ဒုက္ခလည်းမဖြစ်၊ အသွားအလာမပျက်၊
အနေအထိုင်မပျက် ရှိခဲ့သည်။

ထိုအခါ သုခိုးဗလ သူ့လုပ်ရပ်ကို ပြန်စဉ်းစားသည်။

"ငါလုပ်သမျှ ဒီသူဌေးဘာမှ မခံစားရဘူး ... သူ့ရင်ထဲကို
နာကျည်းခံစားမှုမရောက်ဘူး။ တကယ်တော့ ကိုယ်အမြတ်နိုးဆုံး
တန်ဖိုးထားတဲ့ အရာကို ဖျက်ဆီးခံရမှ နာတတ်တာအမှန်ပဲ ...
ဒါဆို ငါပစ်မှတ် ရှာရမယ်"

ထို့ကြောင့် ဦးသုမင်္ဂလ၏ တပည့်များစွာထဲတွင် သေရည်
အလွန်ကြိုက်သူတစ်ယောက်ပါသည်။ ဦးသုမင်္ဂလက အရက်သောက်
ခြင်းကို လုံးဝမကြိုက်။

အရက်သောက်ခြင်းကို မစွန့်နိုင်သူက ခြံဝန်းအတွင်းမှ
ထွက်၍ အရက်ပုန်းဆိုင်သို့ ရောက်နေခဲ့ပြီ။

အချိန်အခါ အခွင့်အရေးကို ချောင်းမြောင်းနေသူ သုခိုးဗလ
အရက်ဆိုင်သို့ ရောက်သွားသည်။

"ငါ မင်းနဲ့အတူ အရက်သောက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



လူမသိအောင် လာသောက်ကာမှ အနားမှာလာထိုင်သည့်လူ
ကြောင့် တုန်လှုပ်သွားရသည်။

"နောင်ကြီး ဟိုမှာ နေရာလွတ်နေတယ်၊ အဲဒီမှာ သွားထိုင်
ပါလား၊

ကျုပ်က တစ်ယောက်တည်း သောက်ချင်တာ"

"နှစ်ယောက်ထိုင်တော့ စကားပြောဖော်ရတာပေါ့"

"ကျုပ်က စကားပြောရင် မသောက်တတ်ဘူး"

"ဟဲ ... ဟဲ ... ဟဲ ... မင်းသူဌေးကို မင်းအရက်
နိုးသောက်တဲ့အကြောင်း ငါမပြောပါဘူးကွ"

"ဗျာ ... ခင် ... ခင်ဗျား ကျုပ်အကြောင်း သိနေတာလား"

"သိလို့လာတာပေါ့ ... မင်းသူဌေးကို ပြန်မပြောစေချင်ရင်
ငါမေးတာဖြေ မှန်မှန်ဖြေရင် ... ငါပြန်မပြောဘူး"

"ဟုတ် ... ဟုတ်ကဲ့ ဖြေပါ့မယ် ... သူဌေးကိုတော့
မပြောပါနဲ့ဗျာ"

"မင်းသူဌေးက ဘာအမြတ်နိုးဆုံးလည်း မင်းသိရင် ငါ့ကို
ပြောပြ"

"ကျုပ်က ဘာမေးမလဲလို့ လန့်နေတာ၊ သူဌေးကြီးဘဝမှာ
တန်ဖိုးအထားဆုံး အမြတ်နိုးဆုံးက ဘုရားရှင်သိတင်းသုံးနေတဲ့





သုလျှုထားတဲ့ ရွှေကျောင်းတော်ကြီးပဲ၊

သူက သူ့အလှူကို အမြဲပြောတာ၊ အဲဒီကျောင်းကြီးကို
မြင်တိုင်း သူစိတ်ချမ်းသာတဲ့ အကြောင်းတွေပေါ့"

"ကဲ... ကျေးဇူးပဲ ... ငါ့အရက်ဖိုးပါရှင်းလိုက်ကွာ"

သူခိုးဗလ ကျေနပ်နှစ်သိမ့်စွာဖြင့် အရက်ဆိုင်ထဲက ထွက်
လာခဲ့သည်။

ရဲခင်းကို မြို့နေအောင်လွှေးပြန်သည်။

ဇိတ်ကျေနပ်မှ ထိုနေရာက ထွက်လာခဲ့သည်။

စပ်စုသောလူများနှင့် မတွေ့အောင် တောလမ်းအတိုင်း သူ
တစ်နေရာသို့ ဦးတည်သွားနေသည်။

"ဒီတစ်ခါတော့ ... ခင်ဗျားသိပ်မြတ်နိုးလှတဲ့ ကျောင်းတော်
ကြီး ဘာဖြစ်သွားမလဲကြည့် ... ဒီတစ်ခါတော့ ခင်ဗျားကြီး
ကြွေဝမ်းနည်းမှု အထွတ်အထိပ်ကို ရောက်စေရမယ်လို့ ကျုပ်
ခံရကြီး အာမခံဝံ့တယ် ... ဟား ... ဟား ... ဟား ..."

ဗိမိစကားကို သဘောကျပြီး အားရပါးရ ရယ်မောနေလိုက်
သေးသည်။

သူကျောင်းအနီးရောက်တော့ 'ကဿပ' မြတ်စွာဘုရားရှင်နှင့်
တပည့်သားသံဃာတော် နံနက်အာရုံဆွမ်းခံကြွနေကြပြီဖြစ်သည်။

www.burmeseclassic.com

မည်သူမျှမရှိသည့်အချိန်ကို ရွေးလာခဲ့ခြင်းဖြစ်သည်။ ကျောင်းဝန်းကြီးက ကြီးမားလှသည်။

လောင်စာဆီပုံးတစ်ဖက်၊ ရဲဒင်းတစ်ဖက်နှင့် ကျောင်းဝင်းကြီးအတွင်း လျှင်မြန်သော ခြေလှမ်းနှင့် ဝင်ခဲ့သည်။

ကျောင်းတော်ကြီးအတွင်းရောက်သည်နှင့် လောင်စာဖြစ်လွယ်သည့် ပရိဘောဂများကို ရဲဒင်းနှင့်ခုတ်ထစ်ပြီး လောင်စာဆီလိုက်ဖျန်းသည်။

ပြီးတော့ ကျောင်းတော်ကြီးကို မီးတင်ရှို့လိုက်တော့သည်။ မီးတောက်များ အရှိန်ရလာသည်နှင့် ရဲဒင်းကိုင်ပြီး ကျောင်းအပြင်သို့ ပြေးထွက်လာခဲ့သည်။

"ဟား ... ဟား ... ဟား ... လှလိုက်တာ တဟုန်းဟုန်း လောင်နေတဲ့ မီးက စုလစ်မွမ်းချွန်တွေဆီတောင် ရောက်နေပြီ ဦးသုမင်္ဂလရေ ... ခင်ဗျားရဲ့ကျောင်းကြီးအဖြစ်ကို ခင်ဗျားမမြင်လိုက်ရမှာတော့ ကျုပ်စိတ်မကောင်းပါဘူးဗျာ၊

ခင်ဗျားရောက်လာရင် ... မြေပေါ်လူးလှိမ့်ငိုမှာလား၊ နှလုံး သွေးရပ်ပြီး အသက်ပဲထွက်မလား၊ ကျုပ်စောင့်ကြည့်နေမယ်"

ထိုအချိန် မြို့တော်အတွင်းမှ လူများလည်း မီးငြိမ်းသတ်ရန် ရေပုံးကိုယ်စီနှင့် ရောက်လာကြသည်။





မီးရှိန်ပြင်းသဖြင့် အနားသို့မည်သူမှ ကပ်မရ။

မီးငြိမ်းမရသဖြင့် မီးလောင်နေသည်ကိုသာ လူအများရပ်ကြည့်နေကြသည်။ သူတို့အားလုံး သူဌေးကြီးအတွက် ဝမ်းနည်းနေကြသည်။

ထိုအချိန် အနီးနားသို့ သူဌေးကြီး ဦးသုမင်္ဂလ အလျင်အမြန်ရောက်လာသည်။ .

ရဲဒင်းကို မမြင်ကွယ်ရာမှာ ဖွက်ထားပြီး စနဲ့ဖာရုန်၊ သူခိုးဗလလည်း အနီးမှာ ရောက်နေသည်။ သူခိုးဗလက မီးလောင်သည့်နေရာကို မကြည့်ဘဲ ဦးသုမင်္ဂလကိုသာ အကဲခတ်နေသည်။

"ကဲ ဘယ့်နှယ်ရှိစ ... ခင်ဗျားကြီး ဘယ်လိုခံစားရမလဲဆိုတာ ကျုပ်အရသာခံမလို့ ကြည့်နေတယ်လေ ... ကဲ ခံစားချက်တွေ ဖွင့်ချလိုက်စမ်း၊

ငိုမှာဖြင့် ငိုလိုက်စမ်း"

အားလုံးကလည်း သူဌေးကြီးကို အကဲခတ်နေကြသည်။

"ဟား ... ဟား ... ဟား ... ကံထူးလိုက်တာ ... ဒီလောက် ကံထူးတဲ့ကောင် ရှိနိုင်ရိုးလား ... မီးရှို့တဲ့လူကို ကျေးဇူးတင်လိုက်တာ ... ကျေးဇူးရှင်ကြီး ကျန်းမာချမ်းသာပါစေ"

"ဟင် ... သူဌေးကြီး ကျောင်းကြီးမီးလောင်လို့ စိတ်က



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ယောင်ကတမ်းဖြစ်ပြီး ရှုံးသွားပြီလားမသိဘူး”

“ဒီ့အတွက် မဟာအခွင့်ရေးကြီးရပြီ”

အများက သူဌေးကြီးစကားကြောင်းကိုလိုက်၍ မေးခွန်း ထုတ်ကြသည်။

“သူဌေးကြီး မီးလောင်သွားတာ မဟာအခွင့်ရေးလို့ ဘာ ကြောင့် ပြောနေတာလဲ၊ သူဌေးကြီးအတွက် ဆုံးရှုံးသွားတာ မဟုတ်လား”

“ဟော့ သူငယ် ... ဒီကျောင်းကြီး မီးလောင်သွားတော့ နောက်ထပ် ဒီထက်သာတဲ့ ကျောင်းဆောက်လှူခွင့်ရသွားတာပေါ့ မီးမလောင်ရင် ဘယ်မှာကျောင်းလှူလို့ရမှာတုန်း။ ဘုရားရှင်တစ်ဆူ ကို ကျောင်းနှစ်ခါဆောက်လှူခွင့်ရတာ နည်းတဲ့ကုသိုလ်လား၊

ကဲ ... မီးလောင်သွားတဲ့ တိုင်တွေ သစ်တွေရှင်းဖို့ ရသမျှအလုပ်သမား၊ လက်သမား၊ ပန်းရံသမားတွေခေါ်၊ မြေနေရာ ရှင်းပြီးတာနဲ့ ရွှေကျောင်းတော်ကြီး အမြန်ဆောက်လှူကြမယ် လုပ်အားခလည်း အမြန်ဆောက်တဲ့အတွက် ပိုပေးမယ်၊

စေတနာထားပြီး မြတ်စွာဘုရားသခင် စိတ်ချမ်းသာစွာ သီတင်းသုံးနိုင်ဖို့ ရည်မှန်းပြီး လုပ်ကြ”

“အင်း ... သူဌေးကြီးကတော့ သူတော်ကောင်းပီသလိုက်





တာ ကျွန်တော်တို့ ... သူဌေးကြီးတွေးသလို မတွေးမိဘူး ... မှပါ သူဌေးကြီး သာဓု ... သာဓု ... သာဓု ...”

မြို့သူမြို့သားတို့ သာဓုအကြိမ်ကြိမ်ခေါ်နေသည့်အသံကို ကျောခိုင်းပြီး သူမိုးဗလ ရဲဒင်းဖွက်ထားရာသို့ လာခဲ့သည်။

ကျောင်းတော်ကြီး မပြီးမချင်း သူမိုးဗလက ဖျက်ဆီးမှု စင်န်း မစသေး။ သူနဲ့ သူ့ဇနီးစားသောက်ရေးအတွက် ခိုးဝှက်ဖို့ ခမ်းနေရသေးသည်။

*******

ရွှေကျောင်းတော်ကြီးက ပြီးစီးခဲ့ပြီး ယခင်မီးလောင်သွား သော ကျောင်းကြီးထက် ပိုလှ ပိုကျယ်အောင် ဆောက်လုပ်ခဲ့သည်။

ဒုတိယအကြိမ် ကျောင်းဆောက်လှူဒါန်း ရေစက်ချ အလှူ ကြီးလည်းဖြစ်သည်။

ဘုရားရှင် အမှူးပြုသော သံဃာတော်များနှင့် တရားအလာ သူ မြို့သူမြို့သားအပေါင်းအား လှူဒါန်းကျွေးမွေးရန် ထမင်း ဟင်းများကိုလည်း ချက်ပြုတ်ကြော်လှော်နေကြသည်။

အလှူကို ခုနစ်ရက် ခုနစ်လီ ကျွေးမွေးခဲ့သည်။ အလှူ နောက်ဆုံးရက်ရောက်ပြီဖြစ်၍ ဘုရားရှင်က အလှူပွဲကြီး အောင် မြင်က် အောင်မြင်သည့် အထိမ်းအမှတ်ဖြင့် အလှူရှင်နှင့်ဘကွ



www.burmeseclassic.com

www.burmeseclassic.com

မြို့သူမြို့သားတို့အား ရေစက်ချ တရားဟောကြားပေးမည်ဖြစ်သည်။

လူ့ဗာလ သူခိုးဗလကလည်း ထိုအချိန်မှာ ကျောင်းဝင်း အတွင်း ရောက်နေခဲ့သည်။ သူ့စိတ်တွေ ယခင်ကကဲ့သို့ မာကြော မနေတော့။

စိတ်က နှစ်ခွဖြစ်နေသည်။ သူဘယ်ကဲ့သို့ မကောင်းမှု ဖျက်ဆီးမှုတွေလုပ်ခဲ့ပေမဲ့ သူဌေးကြီး ဦးသုမင်္ဂလာ ဖျက် မသွားသည့်အပြင် ကြီးပွားသည်ထက် ကြီးပွားတိုးတက်မှုတွေ ကလည်း သူ့အမြင်ပင်ဖြစ်သည်။

ဒီလိုမထိတထိ ဖျက်လိုဖျက်ဆီး လုပ်နေလို့က သူသာလျှ စိတ်ဒုက္ခခံစားရပေမည်။ စိတ်ဒုက္ခလည်း မခံစားလိုတော့၊ သူဌေး ကြီးအတွက်နှင့် အကြိမ်ကြိမ် အလုပ်မရှုပ်ချင်တော့။ တစ်ခါတည်း သတ်ပစ်လိုက်လျှင် သူမမြင်ချင်သည့် သူဌေးကြီး၏ တိုးတက် တွေလည်း မြင်ရတော့မှာ မဟုတ်၊ သတ်မည်၊ သတ်ဖြစ်အောင် သတ်တော့မည်။

သူဌေးကြီးကိုသတ်ရန် ဓားမြှောင်ကို မြဲအောင်သွေးပြီး ကျောင်းဝင်းထဲမှာ လာစောင့်နေသည်။

သူဌေးကြီး၏ အရိပ်အယောင်ကိုမျှ မမြင်ရပါ။ သူဌေးကြီးက ဆွမ်းကပ်ပြီးသည့်အချိန်ကစပြီး ဘုရားရှင်ရှေ့ကမထသဲ ရှိနေသည်။





အတွက် သူခိုးဗလက သူဌေးကြီးနောက်မှာ ဝင်ထိုင်လိုက်သည်။

တရားနာ လူပရိသတ်များလှသဖြင့် တစ်ဦးနှင့်တစ်ဦး ထိကပ် နေကြရှိသည်။

"လူတွေ ဒီလောက်ညှပ်ကပ်နေတာ တရားပွဲပြီးလို့ ထတာနဲ့ ဒီများနံရိုးကြားထဲ ကျုပ်ဓားအဆုံးထိ ထိုးသွင်းခဲ့မယ်။ ရုတ်ရုတ် သဲ လူတွေကြားမှာ ကျုပ်ကောင်းကောင်းကြီး လစ်ပြေးမယ်"

သူခိုးဗလက မကောင်းကြံစည်တွေးတောနေပေမဲ့ သူဌေး ကြီးကတော့ ဘုရားရှင်အား ... သူ့စိတ်အမှန်ကို တင်လျှောက် နေပါသည်။

"အရှင်ဘုရား တပည့်တော်အတိတ်က ဝဋ်ကြွေးတွေ ကျန်ခဲ့ သေးတဲ့အတွက် ဒီဘဝမှာ တပည့်တော် လယ်တွေ၊ နွားတွေ၊ အိမ်တွေ အကြိမ်ကြိမ် ဖျက်ဆီးခံခဲ့ရပါတယ်ဘုရား၊

ဝဋ်ကြွေးကျေအောင် ဆပ်မယ်ဆိုတဲ့စိတ် ထားတဲ့အတွက် ဒေါသမှမခံစားခဲ့ရပါ။ တပည့်တော်ကတော့ တစ်ခါခံရတိုင်း ဝဋ်ကြွေး ချင် ကြေပါစေလို့ပဲ ဆုတောင်းနေခဲ့ပါတယ်ဘုရား"

နောက်ဆုံး အရှင်ဘုရား သီတင်းသုံးရန် လှူဒါန်းထားတဲ့ ကျောင်းတော်ကြီး မီးရှို့ခံလိုက်ရပါတယ်၊ သူ့ကျေးဇူးကြောင့် ခေါင်းလောင်းသွားတဲ့ ကျောင်းဆောက် သာလွန်တဲ့ ယခုရွှေကျောင်းတော်


www.burmeseclassic.com

www.burmeseclassic.com



ကြီးကို လျှော်နိုင်းခွင့်ရခဲ့ပြန်ပါတယ်ဘုရား”

ယခု ရွှေကျောင်းတော်ကြီး ရေစက်ချတဲ့အခါမှာ သူ့ရဲ့ အမိကထားပြီး အမျှဝေချင်ပါတယ်။ သူသိနိုင်ကြားနိုင်အောင် သူ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်အောင် အရှင်ဘုရား ထိုလူ အမိကထားပြီး အမျှပေးဝေပါရစေဘုရား”

“တင်”

သူဌေးကြီး စကားအဆုံး သူဌေးကြီး နံရိုးကြားထဲ ထို သွင်းရန် အသင့်ကိုင်ထားသော ဓားက လက်ထဲက လွတ် သွားသည်။

မျက်လုံးနှစ်ဖက်တို့မှလည်း မျက်ရည်တို့ကလည်း စီးကျ လာခဲ့သည်။ ထို့နောက် ရှိုက်ကြီးတငင် ငိုကြွေးပါတော့သည်။

ထိုအခါမှ သူဌေးကြီးလည်း မိမိကို တစ်ချိန်လုံး ဖျက်ဆီး ပြုနေသော သူခိုးဗလကို မျက်ဝါးထင်ထင် တွေ့မြင်ရတော့သည်။

‘ဂေါတမ’မြတ်စွာဘုရားရှင်လည်း အဂ္ဂသာဝကကြီးများနှင့် ရှင်လက္ခဏ၊ သံဃာအပေါင်းတို့အား မြွေပြိတ္တာကြီးအကြောင်း အဆုံးသတ်လေတော့သည်။

“ချစ်သားတို့ သူဌေးကြီးက သူခိုးလူမိုက်ကြီးကို အပြစ် မယူဘဲ ခွင့်လွှတ်ခဲ့တယ် ... အဲဒီပေမဲ့ သူပြုခဲ့တဲ့ သူ့အကုသိုလ်ကံ





တာတော့ သူ့ကိုခွင့်မလွှတ်နိုင်ခဲ့ဘူး၊

သူဟာ သေပြီးတဲ့နောက် နှစ်ပေါင်းများစွာ အဝီစိငရဲမှာ ခံစားခဲ့ရတယ်။ ငရဲကလွတ်ပြန်တော့ အခု ‘ဂိဇ္ဈကုဋ်’တောင်မှာ တစ်ကိုယ်လုံး မီးလောင်နေတဲ့ ဧပါးကြီးမြွေပြိတ္တာအဖြစ် နှစ်ပေါင်း များစွာ ဒုက္ခဆင်းရဲကို ခံနေရဦးမယ်၊

ချစ်သားတို့ လူမိုက်ဟာ အခွင့်ရေးရတိုင်း မိုက်ခဲ့တယ်၊ ရတိုင်းတိုင်း ဝမ်းမြောက်ပျော်ရွှင်တတ်ကြတယ် ... တစ်ချိန်ကျရင် သူပြုထားတဲ့အတိုင်း မကောင်းမှုကံက သူ့ကို ပြန်လောင်မြိုက် နေရှိခံရမှာ အမှန်ပဲ။ အဲဒါကြောင့် အခွင့်ရေးရလို့လည်း မမိုက်ကြနဲ့ ချစ်သားတို့”

ဘုရားရှင် ပြန်ပြောင်းဟောကြားတော်မူသော ဧပါးကြီးမြွေ ပြိတ္တာကြီး၏ ရှေးအတိတ်ဘဝ ဇာတ်ကြောင်းကို နာကြားရသော ရဟန်းရှင်လူအပေါင်းတို့ ထိတ်လန့်ကြောက်ရွံ့မှုဖြစ်လျက် သံဝေဂ ကြီးစွာရကြတော့သည်။

(ဓမ္မပဒ... ဧပါးကြီးမြွေပြိတ္တာ)

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# မစ္စရီယမိတ်ကြီးသူ မဏ္ဍာပြဲတွာ

သာဝတ္ထိပြည်တွင် သူကြွယ်တစ်ဦးမှာ ချောမောလှပသည့် မဏ္ဍာဆိုသော ဇနီးမယားတစ်ယောက်ရှိခဲ့သည်။

ရုပ်က ချောမောလှပေမဲ့ မိန်းမအချင်းချင်းအပေါ်မှာရော၊ မိသားစုအပေါ်မှာရော၊ အချိန်နှင့်အမျှ တစ်ခါမှ အကောင်းမမြင်တတ်သူဖြစ်သည်။

"ဟဲ့ … ဂုဏ္ဍာ … ဘာလုပ်လုပ် နှေးတုံ့နှေးတုံ့နဲ့ စိတ်နဲ့ကို မရဘူး … ကဲဟယ်"

"အား …"

အနိုင်းအစေများဆိုလျှင် သူ့ရှေ့မှာဖြစ်လျှောက်ရသည်ပင် ခြေလှမ်းမှားကြသည်။





အမှားမခံနိုင်ရိုးလား၊ လူတိုင်းကို မျက်စိဒေါက်ထောက် ကြည့်နေပြီး အလိုမကျသည်နှင့် နှိုးစပ်ရာဆွဲပြီး ကောက်ပေါက်တတ်သည်။

ပေါက်စရာမရှိလျှင် ခေါ်ပြီး ရိုက်နှက်တတ်သည်။ သို့ဖြင့် သူကြွယ်တစ်ဦးကလွဲလျှင် အိမ်ရှိလူများ မဏ္ဍာကို ဝေးဝေးကရှောင်တတ်ကြသည်။

"ဟဲ့ … ဘယ်သူမှ မရှိကြဘူးလား"

'ရှိ … ရှိပါတယ် သူဌေးမ'

"ရှိတယ်ဆိုလာခဲ့ ငါ့ဖက်ကြောတက်လို့ လာနှိပ်ပေးစမ်း"

အစေခံမိန်းကလေးလည်း သခင်မ ကျောနှပ်ခေရန် ကျောက်ကြောလာနှိပ်ပေးသည်။

"ဟဲ့ … ဟဲ့ … နင့်လက်နှစ်ဖက်လုံး စုံမနှိပ်နဲ့၊ တစ်ဖက်ကို ဒွေလေးနှိပ်၊ ကျန်တစ်ဖက်က နာနာလေးဖိနှိပ်၊

အေး … ဟုတ်ပြီ နှိပ်နှိပ်၊

ဒါနဲ့ နင်တို့သခင် သူကြွယ်ပြန်မရောက်သေးဘူးလား"

"ရောက်တာမတွေ့သေးပါဘူး"

"အင်း … တစ်နေ့တစ်နေ့ ငါ့နားမှာ ကပ်တယ်မရှိဘူး၊ သားမစုံတဲ့ အမြဲမဆိုပြီး အကြောင်းပြချက်တွေ လာလာပေး



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊

နောက်တစ်ယောက်ယူချင် ယူချင်တယ်ပေါ့၊

"အမြုဆိုတဲ့ငါ့ကြောင့် သူ့စိတ်မချမ်းသာဘူးတဲ့"

"ဟုတ်ကဲ့ သူ့ဌေးမ"

"သားမမွေးတော့ရော ... ဘာအရေးလဲ ... ကိုယ်ပိုင်တဲ့ ပစ္စည်း ဘယ်သားသမီးမှ ခွဲပေးစရာမလိုတော့ဘူးပေါ့"

"ဟုတ်ကဲ့ သူ့ဌေးမ"

"ဟဲ့ ... ဝိဇ္ဇာ နင်က ဟုတ်ကဲ့၊ ဟုတ်ကဲ့နဲ့ ငါ့ကို ကဲ့ရဲ့ နေတာလား ... သွားစမ်း ငါနဲ့ခပ်ဝေးဝေးသွားစမ်း"

သူ့သခင်မက အတင်းဆောင့်ကန် နှင်လွှတ်ပေမဲ့ ခပ်ဝေးဝေး တော့ မသွားဝံ့ပါ။

တစ်ဖက်အခန်းမှာနေပြီး သခင်မခေါ်လျှင် အမြန်ရောက်ရန် အရေးကြီးသည်။ ခေါ်၍ ချက်ချင်းရောက်မလာလျှင် နာပြီသာ မှတ်ပေရော။

ခင်ပွန်းသူကြွယ်ဖြစ်သူက အိမ်ထောင်ပြုပြီးခဲ့သည်မှာ ငါးနှစ် ပင်ကျော်ခဲ့ပြီ၊ အမွေဆက်ခံရန် သားသမီး အလိုရှိနေသည်။

ဇနီးသည် မဂ္ဂါက ကိုယ်ဝန်မရနိုင်ခဲ့။

မြို့မှာရှိသည့် ဆေးဆရာအကျော်အမော်များကိုပင့်၍ ပြသကြ





သည်။ ကုသခဲ့သည်။ ဆရာများက သားသမီးမရနိုင်ဟု တညီ တညွတ်တည်း ပြောလာကြသည်။

သူကြွယ်လည်း ဇနီးဖြစ်သူထံမှ သားသမီးရရန် မမျှော်လင့် တော့။ သို့ကြောင့် စီးပွားရေးအပေါ်မှာသာ အာရုံစိုက်ပြီး အိမ်မှ နေ့စဉ် ပွဲရုံ၊ အလုပ်ရုံများသို့ သွားရောက်နေခဲ့တော့သည်။

သူကြွယ်က စီးပွားရေးကို အလေးထားသဖြင့် ဘာသာတရား လည်း ကိုင်းရှိုင်းသည်။ သဒ္ဓါတရားလည်းရှိသည်။

မိမိခိုင်းစေထားသော အလုပ်သမားများနှင့် အိမ်ဖော်ရှိသော အစေခံကျွန်များကိုလည်း ဆူပူငေါက်ငမ်းခြင်း၊ နှိမ့်ချပြောဆိုခြင်း မရှိ။

သူကြွယ်မယား မဂ္ဂါကမူ သူကြွယ်နှင့်ယှဉ်လျှင် အဖရှေ့နှင့် အနောက်၊ အမြဲဆန့်ကျင်ဘက်ဖြစ်သည်။

သဒ္ဓါတရားမရှိ၊ အကြင်နာတရားခေါင်းပါးလှသည်။ သူမက မျက်မာန်စောင်ကြီးပြီး ဣဿာမစ္ဆရိယ စိတ်ပေါ်များသူဖြစ်သည်။

တစ်ရက် သူကြွယ်လည်း ဇနီးမဂ္ဂါနှင့်အတူ အိပ်ရာပေါ် အိပ်ရင်း အိမ်တွင်းရေး တိုင်ပင်ကြသည်။

"မဂ္ဂါနှမ၊ မင်းနဲ့ကျုပ် မိဘတွေသဘောတူလို့ ခုံဖက်ပေး စားခဲ့တာရော မိဘမပေးစားခင်ကတည်းက တစ်ဦးနဲ့တစ်ဦး ချစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ သံယောဇဉ်ကြောင့် မင်းကလေးမမွေးပေးနိုင်လို့ အမြုံ ဖြစ်နေပေမဲ့ ကျုပ် ... မင်းကိုချစ်နေဆဲပါ၊

ဒါပေမဲ့ ကြက်မှာအရိုး လူမှာအမျိုးဆိုတဲ့ စကားကလည်း ရှိသေးတယ်မဟုတ်လား၊

ကျုပ်တို့မှာ နှစ်ဘက်မိဘတွေလည်း မရှိတော့ဘူး၊ သားသမီး ဆိုလို့ မင်းနဲ့ကျုပ်ပဲကျန်ခဲ့ကြတယ်၊

ကျုပ်တို့သေရင်၊ သားသမီးမရှိရင်၊ မျိုးဆက်ပြတ်ကုန်လိမ့်မယ်။ ကျုပ်တို့ပိုင်တဲ့ ပစ္စည်းတွေ အစေခံကျွန်တွေ အကုန်ခွဲယူကြလိမ့်မယ်၊

ဒါကြောင့် ... သားသမီးရအောင် တစ်ခုခုလုပ်မှ ဖြစ်တော့မယ်”

“ရှင် ... မယားငယ်ယူမလို့ပေါ့ ဟုတ်လား။ အငယ်အနှောင်း ယူချင်တာများ၊ မျိုးဆက်မပြတ်ရေး လာပြောနေရသေးတယ်၊

စုဆောင်းထားတဲ့ပစ္စည်းတွေ သူများယူမှာကြောက်ရင် ရှင် ကိုးကွယ်နေတဲ့ ဘုရားကို အကုန်သာသွားလှူလိုက် ရှင်အငယ် အနှောင်းထားမှာ ကျုပ်အားမပေးဘူး”

“မင်းစဉ်းစားမတ္တာ၊

ကျုပ်ကတော့ မျိုးရိုးမပြတ်ရအောင် အမျိုးအနွယ်ကောင်းတဲ့





မိန်းမတစ်ယောက်နဲ့ လက်ထပ်ရမယ်”

“အင်းပေါ့လေ ... ရှင်က ဒီလောက်ဆန္ဒရှိနေမှတော့ ကျုပ်ကတား ဘယ့်အရာဝင်တော့မလဲ၊ ကျုပ်က သားမရတဲ့ အမြုံမဆိုတော့ မိန်းမဖြစ်ပေမဲ့ ... မပြည့်စုံဘူးလေ ... ကျုပ်မကန့်ကွက်တော့ပါဘူး ... ရှင်သဘောပဲ”

မတ္တာက ဆန့်ကျင်ကန့်ကွက်နေလျှင် အကျိုးမရှိမှန်း သိသဖြင့် လိုက်လျော ခေါင်းညိတ်ရတော့သည်။

စိတ်ထဲကတော့ မကျေနပ်နိုင်ပါ။

မည်သို့ဆိုစေ သူကြွယ်သည် သူ့အမျိုးအနွယ်၏ အနာဂတ် အရေးအတွက် တိဿအမည်ရှိ မိန်းမချောလေးနှင့် လက်ထပ်လိုက်သည်။

တိဿသည် ချောမောလှပသူ မိန်းကလေးတစ်ယောက် ဖြစ်ရုံမက၊ ဘာသာတရား ကိုင်းရှိုင်းပြီး သဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်သည်။

လင်ယောက်ျားကိုလည်း ချစ်မြတ်နိုးသည်။

သူ၏ယောက်ျားတွင် သူနှင့်အိမ်ထောင်မကျခင်က အိမ်ထောင် ပြုထားပြီးသူဖြစ်ကြောင်းသိသည်။

ပထမဇနီးနှင့်အတူ တစ်အိမ်တည်းတွင် နေရသည်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

သိထားသည်။

သို့ကြောင့် သူ့အနေနှင့် အထာတ်နိုင်သုံး သည်းခံစိတ် မွေးရန် စိတ်ဆုံးဖြတ်ထားသည်။'

သူကြွယ်ကလည်း နှစ်ယောက်လုံး ရှေ့သို့ခေါ်ပြီး သင့်သင့် မြတ်မြတ်နေကြရန် အစ်မနှင့် ညီမတစ်ယောက်နှယ် ဆက်ဆံကြရန် ပြောခဲ့သည်။

မဏ္ဍာလည်း သူကြွယ်ရှေ့မှာ အခေါ်အပြော ညင်သာသော်လည်း နောက်ကွယ်ရောက်သည်နှင့် ဇာတိသရုပ်မှန် ပြပါတော့သည်။

မယားကြီးရှိပါလျက်နဲ့ ကြောင်တောင်နိုက်သူဟူ၍တစ်မျိုး၊ ပိုင်းလုံးမသသောမျိုး မကြားတကြား ပြောဆိုပါတော့သည်။

အနိုင်းအစေများကိုလည်း တိဿ၏ ဝတ်ကြီးဝတ်ငယ်မှန်သမျှ လုပ်ပေးသည်ကိုမကြိုက်၊ တိဿကွယ်ရာမှာ နှိပ်စက်ပြသည်။

တိဿကလည်း သူ့ကို ပထမဇနီး မဏ္ဍာက မနာလိုဖြစ်နေသည်ကိုသိသည်။

တိဿမိန်းကလေးနှင့် သူကြွယ်တို့ ပေါင်းသင်းလာခဲ့ကြရာ တစ်နှစ်မပြည့်ခင်မှာပင် တိဿမှာ ကိုယ်ဝန်ရှိလာခဲ့သည်။

သူကြွယ်သည် တိဿမှာ ကိုယ်ဝန်ရှိသည်ဟု သိသည်နှင့်





ရှုမြတ်နိုးချစ်ခင်သည်။

ပေးမကြာင်နာသည်။ ကိုယ်ဝန်ကို ထိခိုက်မည်စိုးသဖြင့် အထိန်းတော် အခြွေအရံနှစ်ယောက် အနီးမှာထားပေးသည်။

"ဟွန့် ဗိုက်ပိုတယ် ... ကလေးကိုယ်ဝန်ဆောင်တာနဲ့ ဘာမှကို မလှုပ်ရှားတော့ဘူး။

ဒီလောက်သည်းနေတာ နေ့မစေ့လမစေ့ဘဲ မွေးပါစေတော် အလေး ပျက်ကျပါစေတော်"

တစ်ဖက်အခန်းမှနေပြီး မဏ္ဍာတစ်ယောက် တိဿအား စောင်းမြောင်းပြောဆို ကျိန်ဆဲနေတော့သည်။

သူမည်သို့ပင် မနာလို မရှုစိမ့်နိုင်ဘဲ ရှိပါစေ၊ နေ့စေ့လစေ့ အချိန်တန်တော့ တိဿမိန်းမချောလေးလည်း ရင်သွေးယောကျ်ား လေးတစ်ယောက်ကို အောင်မြင်စွာ မွေးဖွားခဲ့သည်။

သားယောကျ်ားလေး မွေးသဖြင့် သူကြွယ်လည်း လွန်စွာ ဝမ်းမြောက်ကာ တိဿနှင့်ကလေးကို အချစ်ပိုပြီး အရေးပေးခဲ့သည်။

ခါတိုင်း သူကြွယ်ယောကျ်ားသည် တိဿ၏ အခန်းသို့လာတိုင်း မဏ္ဍာ၏အခန်းသို့လှည့်ဝင်ပြီး စကားစမြည်လာပြောခဲ့သေးသည်။


www.burmeseclassic.com

www.burmeseclassic.com

ယခု သားလေးမွေးပြီးသည့်နောက်ပိုင်း မဗ္ဗာအခန်းသို့ လှည့်မဝင်တော့။ ထိုအခါ မဗ္ဗာသည် တိဿအား မလိုလား မကျေနပ်တော့။

"ဒီကောင်မကြောင့် ... ငါ့ဘဝ အထီးကျန်ခဲ့ရပြီ၊ ဒီအတိုင်း ရှေ့ဆက်ပြီး သားတွေ၊ သမီးတွေ မွေးနေဦးမယ်ဆိုရင် အ… အားလုံးကို ဒီကောင်မနဲ့ သူ့သားသမီးတွေ အပိုင်စီးတော့မယ်… ဒီကောင်မဟာ ငါ့အတွက်တော့ သာသနာဖျက်ပဲ"

တဖြည်းဖြည်း စိတ်ထဲက တေးမှတ်ကာ မြူစုတောင်းမြောင်းခြင်း အမှု… ပြုခဲ့လေပြီ။

*******

တစ်ရက် တိဿနေသောအခန်းသို့ သူကြွယ်ရောက်လာသည်။ ကြောက်လန့် အရွယ်ရောက်နေသော သားလေးအား အိပ်ပြီး ရောက်တုန်းရောက်ခိုက် လာ၍ ကလေးမြူနေသည်။

ချစ်စရာကောင်းသောကလေးကလည်း တခစ်ခစ်ရယ်မောကာ ရှိနေသည်။

ကလေးအသံကို မဗ္ဗာကြားတိုင်း ရင်ကို သံမှိုနှင့်နှက်သလို နာကျင်လှသည်။ ဘယ်ဘဝကဝင့်ကြွေးကြောင့် မိန်းမတစ်ယောက် ဖြစ်ပါလျက် အမြဲမ လာဖြစ်ရနေသနည်း။





ကလေးမရခင်ကလည်း သူကြွယ်က မဗ္ဗာနှင့် တိဿမယား …ယောက်အနက် ရတနာသုံးပါး ကြည်ညိုမှုနှင့် ကံကံ၏အကျိုးကို …ကြည်သော လင်ယောက်ျားသည် သဒ္ဓါတရားတူမျှသော မယား …ယ်တိဿ၏အလှကို မြတ်နိုးခဲ့သည်။

ထို့ကြောင့် ကလေးရပြီးသည့်အခါတွင်မတော့ ဆိုဖွယ်ရာ …တော့ပြီ။ သူကြွယ်လိုချင်တောင့်တနေသော ကလေးကို မွေးပေး …၍လည်း ပိုပြီး ချစ်ခဲ့သည်။

ထိုမမွေးနိုင်သောရက်က သူကြွယ် တိဿအခန်းထဲ ရောက် …ာစဉ် ပြောခဲ့စကားတစ်ခွန်းဖြစ်သည်။

သူကြွယ်က မယားငယ်တိဿအား ချစ်ခင်ကြည်နူးစွာ …ားဆိုသည့်အသံဖြစ်သည်။

"နှမငယ်တိဿ ... သင်က တစ်သားမွေးတစ်သွေးလှလွန်း …တယ် ... သင့်ရုပ်ရည်က ကြည်လင်လှသလို သင့်ဆံနွယ်တွေ …လည်း ညိုမှောင်လှပေတယ်"

ထိုစကားတွေကို တစ်ဖက်အခန်းမှာနေသည့် မဗ္ဗာ ကြားနေ …သည်။

"တွေ့မယ် ငါ ... ဒင်းရဲ့ အလှဆိုတဲ့ဟာတွေကို တစ်မျိုးပြီး …စ်မျိုး ဖျက်ဆီးပစ်မယ်"


www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့ရောက်သည်နှင့် သူ့ရဲ့အကြံအစည်ကို အကောအထည်ဖော်ပါတော့သည်။

ကလေးက နှစ်နှစ်မြို့က်မြိုက် အိပ်ပျော်နေသည်။

မယားကြီးမတ္တာနှင့် မယားငယ်တီသတို့နှစ်ဦး ခေါင်းလျှော်ရန်အလို့ငှာ မြစ်ဆိပ်သို့ ဆင်းခဲ့သည်။

ထိုနေ့က ရာသီဥတု သာယာလွန်းလှသည်။ မြစ်ကိုဖြတ်ပြီး လေပြည်လေးများကလည်း တိုက်ခတ်နေသည်။ မြစ်ပြင်မှာလှိုင်းကြက်ခွပ်လေးများကလည်း အလိပ်လိပ်ထနေသည်။

မတ္တာနှင့် တီသတို့နှစ်ဦး ခေါင်းလျှော်ရေချိုးပြီးသည်နှင့်နေရောင်ခြည်တွင် ဆံပင်ကို ဖြန့်ချထားကြသည်။

မတ္တာသည် တီသ၏ ခေါင်းမှ ဆံပင်ရှည်များကိုကြည့်ပြီးမနေ့က သူကြွယ်စကားကို ပြန်ကြားယောင်လာသဖြင့် တီသ၏လှပသည်ဟုဆိုသည့် ဆံပင်များ ညစ်ပေစေရန် အမှိုက်သရိုက်များ ခေါင်းပေါ် သွန်ချလိုက်သည်။

မတ္တာဘာကြောင့် ယခုကဲ့သို့ ပြုမူသည်ကိုသိသည်။ ကိုယ်ချင်းစာတရားကို သိသည်မို့ တီသက ခွင့်လွှတ်သည်းခံခဲ့သည်။ အပြစ်မယူခဲ့၊ အစ်မကြီးတစ်ဦးကဲ့သို့သာ သဘောထားပြီး ခေါင်းကို ပြန်လျှော်သန့်ရှင်းကာ အိမ်သို့ပြန်လာခဲ့သည်။





မည်သို့ပင်ဆိုစေ မတ္တာကမူ အစဉ်ထာဝရ ပြုံးစွာစောင်းမြောင်းမှု ပြုနေဆဲဖြစ်သည်။

*******

လောကသည် သခါရဖြစ်သော်လည်း သေခြင်းတရားကတည်မြဲခဲ့သည်။

မတ္တာတစ်ယောက် မိန်းမရောဂါဖိစီးခံစားရပြီး အိပ်ရာထဲလဲခဲ့သည်။ သမားတော်များဖြင့် ကုသပါသော်လည်း သေမင်းကိုအောင်နိုင်ခဲ့။

နောက်ဆုံး သေမင်းခေါ်ရာနောက်သို့ လိုက်သွားခဲ့ရတော့သည်။ မတ္တာကွယ်လွန်အနိစ္စရောက်ပြီးနောက်တွင် မိမိပြုခဲ့သည့်ကံ၏ အကျိုးဆက်ကြောင့် သေလွန်ပြီးသည်နှင့် ပြိတ္တာဘုံ၌ ပြိတ္တာဖြစ်ခဲ့သည်။

တစ်ရက် ဆည်းဆာချိန် အိမ်နောက်ဘက်၌ ရေချိုးနေသောတီသကို မတ္တာပြိတ္တာ ကိုယ်ထင်လာပြသည်။

တီသက ဘာမှမသိ။

"အသင် အဝတ်မပါ၊ နံရိုးပြိုင်းပြိုင်းနဲ့ အဆင်းမလှရှိဘိသည်၊ သင်က ဘယ်ဇာတိ ဘယ်အမျိုးဖြစ်သနည်း"

ဟု မေးလေသည်။ ထိုအခါပြိတ္တာမ မတ္တာက ...



www.burmeseclassic.com

www.burmeseclassic.com



"ငါသည် လူဖြစ်စဉ်က သင်နှင့်အတူ သူကြွယ်၏မယ
ဖြစ်ခဲ့တဲ့ မဏ္ဍာပါ"

ဟူ၍ပြောလေသည်။ တိဿသည် မဏ္ဍာ၏အဖြစ်ကို ကြ
သဖြင့် စိတ်မကောင်းဖြစ်သွားရသည်။

"အို ... အစ်မကြီးမဏ္ဍာ ... ဘယ်လိုဖြစ်နေတာလဲ"

"အခုလိုဖြစ်နေတာ ငါ့ရဲ့ကံအကျိုးပေးလေ၊ ငါက လူ့ဘဝ
ယုတ်မာညစ်ကျူးတဲ့၊ အပြုအမူတွေကို ပြုခဲ့တယ်၊ ဒါကြော
ခုလို ဆင်းရဲဒုက္ခရောက်နေရတာပေါ့ကွယ်"

ဟူ၍ ရှင်းပြရာ ကြားရသူတိဿလည်း အံ့ဩနေသည်

"အို ... အစ်မကြီး မဏ္ဍာရယ်၊ အစ်မကြီးက လူ့ဘဝ
ဘယ်လိုမကောင်းမှုတွေ ပြုခဲ့လို့ ပြိတ္တာဘဝရောက်ရတာလဲ"

တိဿက စိတ်မကောင်းဖြစ်ရသလို သိချင်စိတ်နှင့် မေးလို
သည်။

သည်အခါ ပြိတ္တာမ မဏ္ဍာက ...

"တိဿ ... ငါဟာ လူ့ဘဝက ဖြူစင်ကောင်းမြတ်တဲ့ မကော
တဲ့ ဣဿာမစ္ဆရိယတရားတွေ များခဲ့တယ်၊ ငါဟာ တိဿဆို
မင်းကို ချိုးချိုးဖဲ့ဖဲ့ မကောင်းတဲ့ စကားတွေပြောခဲ့တယ်။ ဒီအကြ
ကြောင့် ငါပြိတ္တာဘဝရောက်ခဲ့ရတာပါ"





"အစ်မကြီး ဘာတွေပြုခဲ့သလဲ ညီမသိပါရစေ၊ ပြီးတော့
အစ်မကြီးကိုယ်မှာ ဘာကြောင့် ဖုန်မှုန့်တွေ အလိမ်းလိမ်းကပ်နေ
တာလဲ"

"တိဿ ဒါတွေဟာ အကြောင်းမဲ့မဟုတ်ဘူး၊ ရှေးလူ့ဘဝက
သင်ခေါင်းလျှော်ရေချိုးပြီး လှပသစ်လွင်သော အဝတ်တွေကို ဝတ်နေ
တဲ့ ငါဟာ ... သင်ထက်သာအောင် အဝတ်တန်ဆာတွေကို
ဝတ်ဆင်ခဲ့တယ်၊

သို့သော် သင့်အပေါ် ... မနာလိုစိတ် တဖွားဖွားပေါ်ခဲ့ပြီး
အမှိုက်စည်းအမှုန့်တို့အား သင့်အပေါ် ငါကြဲချခဲ့တယ်။ ဤကုသိုလ်
မဲ့ အကျိုးကြောင့် ငါ့ကိုယ်ပေါ် ဖုံမှုန့်အလိမ်းလိမ်း ကပ်နေရခြင်း
ဖြစ်သည်"

"ဒါဆို အစ်မကြီးကိုယ်ပေါ်မှာ ပွေးဝဲယားနာတွေ ဖြစ်နေ
တာကကော"

"တိဿ ဒါကလည်း ကံအကျိုးပင်၊ လူ့ဘဝရှိစဉ်က သင်၏
အိပ်ရာပေါ်သို့ တောမှ ခွေးလှေးယားသီးများ ငါကြဲချခဲ့ဖူး၏။
အကုသိုလ် အကျိုးကြောင့် ငါအခုလိုယားနာထူပြောနေရခြင်း
ဖြစ်သည်။

'ဤသို့ဆိုလျှင် အစ်မကြီးကိုယ်ပေါ်မှာ အဝတ်မပါ ဗလာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ထိးဖြစ်နေရသည်ကကော”

“တိဿသင်မှတ်မိမည်၊ လူ့ဘဝက၊ လင်ယောကျ်ားသ
သင့်ကိုသာလျှင် မင်္ဂလာကိစ္စအဝဝသို့ ခေါ်ဆောင်သွားခဲ့သည်
ဤသို့ပြုမူသည်ကို ငါမကျေနပ်၍ သင့်ရဲ့အဝတ်အစားများကို
ခိုးယူ ဖွက်ထားမိ၏”

ထိုစကားများကြားတော့ တိဿသည်ပို၍ စိတ်မကော
ဖြစ်ရသည်။

သို့သော် ကံ့ကံ၏အကျိုးဆက်နှင့် ကုသိုလ်အကုသိုလ်
အကြောင်းတရားကို သိချင်သဖြင့် ဆက်၍ မေးပြန်သည်။

“အစ်မကြီးမတ္တာ ဒါဆို တစ်ကိုယ်လုံး နံစော်နေရခြင်း
ပြိတ္တာဘဝ၊ ဆင်းရဲခြင်းကို ခံစားနေရတာကကော”

“ငါရှင်းပြမည် တိဿ၊ ငါ့တစ်ကိုယ်လုံး နံစော်နေရသည်
လူ့ဘဝရှိစဉ် သင့်အား မနာလိုသဖြင့်၊ သင်သုံးဆောင်ခဲ့ဖူးသ
အမွှေးနံ့သာနှင့် ပန်းတို့အား မစင်တွင်းသို့ ပစ်ချခဲ့ဖူးသ
အကုသိုလ်အကျိုးဆက်ကြောင့်ဖြစ်၏။

ပြိတ္တာဘဝ၊ ဆင်းရဲခြင်းခံရသည်က အခြားမဟုတ်၊ သင်
ငါသည် လူ့ဘဝက ဥစ္စာပြည့်စုံခဲ့သော်လည်း ငါသည် ကောင်း
မပြုခဲ့၊ ပေးကမ်းလှူဒါန်းမှု မပြုခဲ့သို့အတွက် ဒုက္ခကြီးသော ပြိတ္တာ





သို့ ရောက်ခဲ့ရခြင်းဖြစ်သည်”ဟူ၍ ရှင်းပြသည်။

ပြိတ္တာမကြီး ပြောပြခဲ့သည့် အဖြစ်သနစ်များ ကြားပြီး
သ စိတ်မကောင်းဖြစ်သွားရသည်။

ပင်ပန်းကြီးစွာ သက်ပြင်းမောကို ချလိုက်မိသည်။

“အစ်မကြီးမတ္တာ သင်သည် လူ့ဘဝက ကိုယ်နှုတ်စိတ်
ဖြင့် မကောင်းမှုပြုခဲ့သည့်အတွက် သုဂတိဘုံသို့မရောက်နိုင်
တိဘုံသို့ ရောက်လိမ့်မည်ဟု ကျွန်ုပ်အတန်တန် ပြောခဲ့သည်။

ထို့အတူ သင် တပ်မက်မောနေသော ပစ္စည်းဥစ္စာတို့သည်
လျှင် သင့်နောက်မပါဟုလည်း ကျွန်ုပ်သတိပေးခဲ့သေးသည်။
အား ဂရုမပြု ပစ္စည်းတို့အား မပေးမလှူဘဲ သိမ်းဆည်း၍သာ
၏။ ယခုမူ သင်လက်တွေ့ကြုံရပြီမဟုတ်လား”ဟူ၍ စိတ်
ကာင်းစွာဖြင့် မတ္တာအသက်ရှင်စဉ်က အပြုအမူများကို ပြောပြလိုက်
သည်။

ပြိတ္တာမ မတ္တာကလည်း “မှန်သည် တိဿ ငါမှားခဲ့သည်”ဟု
ခံစကားဆိုခဲ့သည်။

ထိုစဉ် တိဿက ပြိတ္တာမ မတ္တာအား

“အစ်မကြီးမတ္တာ၊ သားတို့ဖခင်၊ အပြင်မှပြန်လာတော့မည်၊
င့်အား တစ်စုံတစ်ခုပေးပါလိမ့်မည်၊ ခဏမျှ စောင့်ပါဦး



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ပြောသောအခါ မဏ္ဍာက ခေါင်းတွင်တွင်ခါသည်။

"တိဿဇါက အဝတ်မပါ ... အရိုးပြိုင်းပြိုင်းနှင့် အမြင်မ
ရှက်စရာအတိဖြစ်နေတယ်၊ ဒါကြောင့် ငါမတွေ့လို"

"ဒါဆို အစ်မကြီးမဏ္ဍာ ... ခုလိုဆင်းရဲဖြစ်နေသည့်အတွ
ကျွန်ုပ်ဘာလုပ်ပေးရမည်နည်း။ အဝတ်အစားပေးရမလား၊ သ
အလိုရှိရာကိုပြောပါ။ သင်ချမ်းသာမှုရှိရန် ကျွန်ုပ် ဘာမဆိုလုပ်ပေ
နိုင်ပါတယ်"

ထိုအခါ မဏ္ဍာပြိတ္တာက ရွှင်လန်းစွာဖြင့် ...

"တိဿ ငါ့ကို ချမ်းသာစေလိုလျှင် ရဟန်းရှစ်ပါးကို ဆွမ်းကျွ
အမျှဝေပါ။ အလှူအဖို့ဘာဂအား ငါ့ကိုရည်စူး၍ အမျှဝေပါ။ သင်
ပြုသည်ရှိသော် ငါချမ်းသာသုခကို ရပေလိမ့်မည်"

"ကောင်းပြီအစ်မကြီးမဏ္ဍာ၊ သားတို့ရဲ့အဖေပြန်လာလျှ
အကျိုးအကြောင်း ရှင်းပြတိုင်ပင်ပြီး ဆောင်ရွက်ပေးပါ့မယ်
မနီးမဝေး အရပ်က စောင့်နေပါ"

ထိုသို့ပြောလိုက်သည်နှင့် ပြိတ္တာမ မဏ္ဍာလည်း တိဿအနီး
ပျောက်ကွယ်သွားလေတော့သည်။

*******

တိဿလည်း လူ့ဘဝက မိမိအပေါ် မကောင်းခဲ့မှန်းသိသော်





လည်း မဏ္ဍာအပေါ် ခွင့်လွှတ်ခဲ့သလို ယခုသေလွန်ပြီးမှ ပြိတ္တာဘဝ ခံစားနေရသည်ကို သိတော့ နှလုံးစိတ်ဝမ်းမချမ်းသာခဲ့။

သို့ကြောင့် သူ့အတွက် ဆောင်ရွက်ပေးရန် ဆုံးဖြတ်ခဲ့သည်။

လင်ယောကျ်ားဖြစ်သူ၊ သူကြွယ်အပြင်မှပြန်ရောက်လာလျှင် အကြောင်းစုံအား ရှင်းပြပြီး မဏ္ဍာအတွက် အလှူဒါနပြုပေးရန် တောင်းပန်၏။

"ကောင်းပြီ နှမ သင့်ဆန္ဒပြည့်ဝရမည်"

"ဒါဆို အလှူအတွက် အရှင်က စီစဉ်ပါ၊ သံဃာရှစ်ပါးအား ပင့်ဖိတ်နိုင်းလိုက်ပါမည်"

သူကြွယ်နှင့် တိဿသည် သဘောတူကြည်ဖြူစွာဖြင့် နှစ်ရက်ခန့်မျှအကြာတွင် သံဃာတော်ရှစ်ပါးတို့အား ပင့်ဖိတ်၍ ဆွမ်းကျွေး အလှူပြု၏။

ပြိတ္တာမ မဏ္ဍာအားလည်း အလှူအဖို့ဘာဂအတွက် အမျှပေးဝေ၏။

ယင်းသို့အလှူဒါနနှင့် အမျှပေးဝေပြီးနောက်ပိုင်း သာဓုခေါ်နိုင်ပြီး ဒုက္ခမှ လွတ်မြောက်ကာ သုခချမ်းသာကို ခံစားရ၏။

ပြိတ္တာ မဏ္ဍာသည် ပြိတ္တာဘဝမှ လွတ်မြောက်ပြီး နတ်သမီးအဖြစ် ခံစားရသည်နှင့် တိဿထံသို့ ပြန်လာ၏။ မိမိအဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြ၏။

တိဿလည်း မိမိတို့ ပြုပေးခဲ့သော ကောင်းမှုကုသိုလ်က ဖြိတ္တာ မတ္တာအတွက် အဆင့်မြင့်သည့်ဘုံသို့တက်လှမ်းရောက်ရှိ သွားသည့်အတွက် အတိုင်းမသိ ဝမ်းသာမှုဖြစ်ခဲ့သည်။

တိဿက ဖြိတ္တာ မတ္တာအကြောင်း လင်ယောက်ျားကို ပြန်ပြောပြသဖြင့် သူလည်းဝမ်းသာသည့်အကြောင်း ပြန်ပြောခဲ့သည်။

သူကြွယ်တို့ ဇနီးမောင်နှံ ဘုရားကျောင်းတော်သို့ တရားနာသွားရောက်သည့်အချိန် ဖြိတ္တာ မတ္တာအကြောင်း ရဟန်းသံဃာတော်တို့အား လျှောက်ထားခဲ့သည်။

ရဟန်းတော်များက ဘုရားရှင်ထံ လျှောက်ထားခဲ့သည်။

တရားသဘင်၌ တရားနာပရိသတ်နှင့် သံဃာတော်တို့အား မြတ်စွာဘုရားက ဟောပြရာ ဣဿာမစ္ဆရိယစိတ်ပေါ်များ၍ ဖြိတ္တာဘဝရောက်ခဲ့ရသော မတ္တာအကြောင်းမှ သတိသံဝေဂရကြပြီး ကာယကံ၊ ဝစီကံ၊ မနောကံကို ထိန်းသိမ်းကြလေတော့သတည်း။

(ခုဒ္ဒကနိကာယ်၊ မတ္တာပေတဝတ္ထု)

❖ ❖ ❖ ❖ ❖



# လူမိုက်တို့ရဲ့ သွားရာလမ်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ဂိဇ္ဈကုဋ်တောင်ထိပ်မှနေ၍ ရာဇဂြိုဟ်မြို့အတွင်းသို့ ဆွမ်းခံကြွသည်မှာ နိစ္စဓူဝအလုပ်ဖြစ်၏။

တစ်နေ့တွင် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီး ဆွမ်းခံကြွရင်း တောင်ကုန်းအဆင်း၌ ဖြိတ္တာတစ်ဦးနှင့် ဆုံရ၏၊ အတူပါရှင်လက္ခဏကိုယ်တော်ကတော့ မမြင်ပါချေ။

မြင်ရသည့်မြင်ကွင်းသည် နှလုံးကြည်ဖွယ်မရှိ၊ ခုံညြခြင်း ထိတ်လန့်ခြင်း၊ သံဝေဂဖြစ်ဖွယ်ဖြစ်၏။

မြင်ကွင်းက အခြားမဟုတ်ပေ၊ ဖြိတ္တာတစ်ဦး၏ ဦးခေါင်းထက်သို့ အလျှံရဲရဲတောက်ပြောင်ကုန်သော သံတူကြောက်သောင်းတို့သည် တစ်လက်ပြီးတစ်လက် ထုနှက်ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ် ... အား"

"ဒုတ် ... အား"

"ခွပ် ... အား"

ထိုမျှ ထုနက်နေသဖြင့် ပြိတ္တာဦးခေါင်း ကြေမွသွားပြီး မတ်တတ်မှ ပစ်လဲကျသွားသည်။

ခဏအတွင်းမှာပင် ဦးခေါင်းက အကောင်းအတိုင်း ပြန်ဖြစ်သွားကာ လဲရာမှ မတ်တတ်ပြန်ဖြစ်သွားပြန်သည်။

သံတူများက ခေါင်းကို အဆက်မပြတ် ထုပြန်သည်။

"ခွပ် ... ဒုတ်"

"အား"

ပြိတ္တာကမူ သံတူများကျရောက်သည့်ဒဏ်အား အဆက်မပြတ် ခံစားရပြီး အော်ဟစ်နေသည်။

မြင်ရသည့်မြင်ကွင်း၊ ကြားရသည့်အသံသည် သွေးပျက်ဖွယ် အတိပင်။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် သနားကရုဏာ သံဝေဂတို့နှင့် ထိုပြိတ္တာအား ကြည့်လိုက်ပြီး အတိတ်သဘောကို ဆင်ခြင်မိကာ ပြုံးတော်မူလိုက်မိသည်။

မိမိ၏ဆရာအရိပ်အကဲ အမြဲအကဲခတ်နေသော၊ ရှင်လက္ခဏက ရှင်မဟာမောဂ္ဂလာန် ပြုံးတော်မူသည်ကိုတွေ့သည်နှင့် ဘာကြောင့်





ပြုံးရသည့်အကြောင်း မေးလေသည်။

ရှင်မဟာမောဂ္ဂလာန်က မဖြေသေးဘဲ၊ ဘုရားရှင် ရှေ့တော်မှောက်မှာ ဖြေလေသည်။

ဘုရားအရှင်မြတ်ကလည်း ရှင်မဟာမောဂ္ဂလာန်၏ ဖြေဆိုချက်ကို ထောက်ခံတော်မူလေသည်။

ဤတွင် ရဟန်းတို့က ထိုပြိတ္တာ၏ အကုသိုလ်ကံကို မေးလျှောက်ကြသဖြင့် ဘုရားရှင်က ဟောကြားတော်မူ၏။

*******

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်၌ ဆွံ့အသူ လူငယ်တစ်ယောက်ရှိသည်။

ထိုဆွံ့အသူ လူငယ်က ကျောက်စရစ်ခဲအား အလိုရှိရာ ဆီအောင် ပစ်ခတ်နိုင်သောအတတ်ကို တတ်ကျွမ်းသည်။

သူက မြို့အစွန်ရှိ အိမ်လေးတစ်လုံးမှာ မိဘများနှင့်အတူ နေထိုင်သည်။ ဆွံ့အနေသူတစ်ယောက်ဖြစ်သဖြင့် လူကြားသူကြား တင့်တောင့်တင့်တယ် လုပ်ကိုင်နေထိုင်ခြင်းမရှိ။

သူပေါင်းသင်းသည့် မိတ်ဆွေသူငယ်ချင်းများက မြို့အစွန်နေပ်များနေကြသည့် ကလေးများသာဖြစ်သည်။

သူနေရာအနီးမှာ ညောင်ပင်ကြီးတစ်ပင်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

သူက အငြိမ်နေသူမဟုတ်၊ သူတတ်ကျွမ်းသည့်ပညာကို အသုံးချကာ ကျောက်စရစ်ခဲများဖြင့် ညောင်ရွက်များကို ပစ်ချသည်။

အောက်ကျလာသော ညောင်ရွက်များကို အလကားမဖြစ်စေဘဲ အပျင်းလည်းပြေ၊ ကစား၍လည်းရစေမည့် ဆင်ရုပ်၊ မြင်းရုပ်၊ ရထား၊ အိမ်၊ တံခွန်၊ ကုက္ကား စသည့်များကို နေ့စဉ်လုပ်နေခဲ့သည်။

ထို့ကြောင့် ကလေးတို့လည်း သူရှိရာသို့ ရောက်လာကြပြီး မိမိတို့ အလိုရှိရာအရုပ်များကို လုပ်စေသည်။

လုပ်ခအနေနှင့် တစ်ပဲဝတ်တော့ပေးရသည်။

"သားကို ဆင်ရုပ်လုပ်ပေးဗျာ"

"ကျွန်တော့်ကို မြင်းရုပ်နှစ်ရုပ် လုပ်ပေးပါ"

"ကျွန်တော့်ငှက်ရုပ်က မရသေးဘူးလား"

"မင်းတို့အလှည့်ကျ စောင့်ယူမှပေါ့၊ တစ်ယောက်တစ်ခွန်း အော်နေတော့ အစ်ကိုမလုပ်တတ်တော့ဘူး"

"ကျွန်တော်အရင်ရောက်ပြီး အရင်မှာတာ"

"ဟုတ်ပြီ ... ကဲ လုပ်ခအရင်ပေး၊ မင်းကိုလုပ်ပေးလိုက်မယ်"

"ဟေး"

ကလေးများထဲမှ အသက်ကြီးသူတစ်ယောက်က ဆွံ့အသူ လူငယ်အတွက် ငွေလက်ခံယူပြီး ကူညီပေးသည်။





ကောင်လေးလည်း သူလိုချင်တာ ရတော့မည်ဆိုသဖြင့် ...မ်းသာအားရ ထအော်လိုက်သည်။

လူငယ်ကလည်း ကလေးများအလိုရှိသမျှ စိတ်ပါလက်ပါ ...ုပ်ကိုင်ပေးနေတော့သည်။

*******

တစ်နေ့ ဗာရာဏသီပြည်၏ပြည့်ရှင်မင်းသည် မြို့အတွင်း ...ိုင်းခန်းလှည့်လည်ခဲ့သည်။

မြို့အစွန် တံခါးအနီးမှာရှိသည့် ညောင်ပင်အနီးသို့ရောက်သည့် ...ခါ ဆင်၊ မြင်း၊ ရထား၊ ငှက်အရုပ်များဖြင့် ကစားနေသော ...လေးတစ်စုကို မြင်လိုက်သည်။

ညောင်ရွက်များဖြင့် ပညာသားပါစွာ၊ အရုပ်လုပ်ထားသည် ...ို စိတ်ဝင်စားသွားသဖြင့် မင်းချင်းတို့အား မည်သူပြုလုပ်ထား ...ည်းဟု သွားစုံစမ်းစေသည်။

မကြာခင်မှာပင် သွားစုံစမ်းသူ မင်းချင်းပြန်ရောက်လာပြီ ...င်ကြီးအား လျှောက်တင်သည်။

"အရှင်မင်းကြီး ဤအရုပ်များသည် ညောင်ပင်အနီးနားမှာ ...ထိုင်သူ ဆွံ့အနေသည့်လူငယ် ပြုလုပ်ထားသည်ကို သိခဲ့ရပါ ...ည်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com


ဟူ၍ လျှောက်ထားလေသည်။

မင်းကြီးက လက်မှုပညာတတ်စွမ်းသော လူငယ်ကို မမြ[...] ရသေးခင်မှာပင် အထင်ကြီးသွားကာ ...

"ဤဆွံ့အသူသည် အစွမ်းထက်လှဘိ၏"

ဟု ချီးမွမ်းပြောဆိုပြီး ဤဆွံ့အသူလူငယ်အား ရှေ့တော်[...] ခစားစေရန် အခေါ်ခိုင်းလိုက်သည်။ မကြာခင်မှာပင် ရှေ့တော[...] မှောက်သို့ ဆွံ့အသူလူငယ် ရောက်ရှိလာခဲ့သည်။

"အချင်းလုလင် အလွန်မြင့်လှသော ဤညောင်ပင်က အရွ[...] တွေကို မည်ကဲ့သို့ရှုးပြီး ညောင်ရွက်တွေနဲ့ အရုပ်တွေလုပ်[...] သလဲ၊ ငါကိုယ်တော် သိချင်လှသည်"

လူငယ်က စကားမပြောတတ်ပေမဲ့ အကြားအာရုံကောင်း[...] ဖြစ်သည်။ မင်းကြီးသိလိုသည်ကို သဘောပေါက်သည်နှင့် မင်းကြ[...] ရှေ့တော်မှောက်မှာပင် ကျောက်စရစ်ခဲများဖြင့် မိမိအလိုရှိသော[...] ညောင်ရွက်များကို တစ်ရွက်ချင်းပစ်ချသည်။

မင်းကြီး လူရွယ်ကို သဘောကျသွားသည်။

"အချင်းလုလင် ... လူတစ်ယောက် ငါနဲ့စကားပြောနေ[...] ထိုလူမသိအောင် ဆိတ်ချေးနှင့် ဝမ်းကိုပြည့်ရန်၊ ပါးစပ်အတွင်း[...] ပစ်သွင်းသည့်အတတ်ကို သင်တတ်ကျွမ်းသလော"ဟု မေးလေသ[...]

ဆွံ့အသူ လူငယ်က စကားကောင်းစွာ မပြောနိုင်သဖြင့် [...]ားထစ်ထစ်ငေါ့ငေါ့ပြောဆိုကာ ခေါင်းကို ညိတ်ပြသည်။

လူငယ်အဖြေစကား မင်းကြီးကြားသိသဖြင့် ဝမ်းမြောက် [...]သာဖြစ်ကာ နန်းတော်သို့ ခေါ်သွားလေတော့သည်။

*******

ဗာရာဏသီပြည် နန်းတော်အတွင်းဝယ် ပညာအရာ ထူးချွန် [...]လောက် အလွန်တရာ စကားများလွန်းလှသည့် ပုဏ္ဏား [...]စ်ယောက်ရှိသည်။

မင်းကြီးသည် စကားများလွန်းလှသော ထိုပုဏ္ဏားကို ငြီးငွေ့ [...]သည်မှာကြာပြီ။ အပြစ်ယူ၍လည်း မရသဖြင့် ပုဏ္ဏားကို ပညာ [...]ရန် အမြဲကြံနေမိသည်။

ယခုတော့ အခွင့်အလမ်းက မင်းကြီးရှေ့မှောက် ရောက်ရှိ [...]ခဲ့ပြီ။

မင်းကြီးသည် ပုဏ္ဏားနှင့် စကားပြောမည့်အချိန်၌ ဆွံ့အသူ [...]ငယ်အား တင်းတိမ်နောက် ကန့်လန့်ကာတွင်နေစေသည်။

"မောင်မင်းလုပ်ရမှာက ငါနဲ့ပုဏ္ဏား စကားပြောတဲ့အခါ [...]ဏ္ဏားရဲ့ ပါးစပ်အတွင်းကို ဆိတ်ချေးနဲ့ ပစ်သွင်းဖို့ပဲ"

ဟူ၍ ပြောပြသည်။ ဆွံ့အသူက နားလည်ကြောင်း ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ညိတ်ပြသည်။

မကြာခင် ပုဏ္ဏားနှင့် မင်းကြီးတို့ စကားပြောကြသည်

ထိုစဉ် ဆွံ့အသူသည် ပုဏ္ဏားစကားပြောရန် ပါးစပ်ဟာလို သည့်အချိန်တိုင်း ပုဏ္ဏား၏ ပါးစပ်အတွင်းသို့ ဆိတ်ချေးပစ်သွ နေ၏။

ဆိတ်ချေးများက အစာအိမ်မှသည် အူအတွင်း ပြည့်ရုံမ ပါးစပ်ဝသို့ပင် ပြည့်လျှံလာချေပြီ။

ထိုအခါမှပင် ပုဏ္ဏားရိပ်မိသွားတော့သည်။

"အားရားရား"

"အု"

ပုဏ္ဏားသည် ဆိတ်ချေးများ ဖျို့အံထွက်ချင်နေသော်လည် ထွေးပစ်ရမည်ကို ရှက်သဖြင့် ပါးစပ်အတွင်းမှ ဆိတ်ချေးများ ကြိတ်မှိတ်မျိုချနေရသည်။

ဤသို့ဖြင့် ဆွံ့အသူ လှူငယ်လက်ထဲက ဆိတ်ချေးတစ်ပြ ကုန်ခဲ့လေပြီ။

ပုဏ္ဏား ဝမ်းဗိုက်သည်လည်း တဖြည်းဖြည်း ဖောင်းကား ချေပြီ။ ထို့ကြောင့် နေမထိ ထိုင်မထိ မအီမသာဖြစ်နေ၏။

ပုဏ္ဏားအဖြစ်ကို မြင်နေရသောမင်းကြီးက ...





"အသင်ပုဏ္ဏား အိမ်သို့ပြန်၍ ဝမ်းနုတ်ဆေးစားပြီး ဆိတ် ချေးကို စွန့်ပါ"

ဟူ၍ ပြောဆိုလေသည်။ ထို့နောက် ဆက်၍မိန့်ပြန်သည်။

"သင့်အဖြစ်က စကားများလွန်းလို့ ပါးစပ်ထဲ ဆိတ်ချေး ထဲလို့ဝင်မှန်းမသိအောင် ဖြစ်ရတယ် ... သင့်ဝမ်းထဲက ဆိတ်ချေး ကို အမြန်သာ သွားစွန့်ပေတော့"

ပုဏ္ဏားကြီးလည်း နန်းတော်မှာ စကားမများနိုင်တော့ဘဲ ပြန်သွားခဲ့ရတော့သည်။

မင်းကြီးလည်း ဆွံ့အသူအား ကျေနပ်နှစ်သက်သွား၏။

"မောင်မင်း အတတ်ပညာတစ်ခုအတွက် သင်အချီးအနှီး ဖြစ်သင့်ပေ။ သည့်အတွက် သင့်အား ငါကိုယ်တော်မြတ် ချီးမြှင့် မြှောက်စားတော်မူမယ်"

ထို့ကြောင့် ဆွံ့အသူ လှူငယ်အား ရွာတစ်ဆယ့်လေးရွာ အပိုင်စား ပေးလိုက်သည်။

ဆွံ့အသူလှူငယ်လည်း မိမိအပိုင်စားရသည့်ရွာများမှ ရသည့် အခွန်ဘဏ္ဍာတို့ဖြင့် ချမ်းသာစွာနေပြီး ကုသိုလ်ကောင်းမှုကို ပြုနေ ခဲ့လေသည်။

*******


www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ချီးမြှောက်ခြင်းခံရသော ဆွံ့အသူထံ တစ်ယော
စကား တစ်ယောက်ကြားပြီး ကျောက်စရစ်ပစ်သည့် အတတ်
လာရောက်သင်ယူကြလေသည်။

ဆွံ့အသူ လူငယ်သည် တပည့်များအား ချစ်ပြီး အတတ်
ပညာကို မထိမ်မချန် သင်ကြားပေး၏။

ထိုပြိတ္တာဖြစ်မည့် လူရှယ်တစ်ယောက်လည်း ကျောက်စရ
ခဲပစ်အတတ်ကို လာရောက်သင်ကြားသည်။ သင်ပေးသော ဆရာ
မသင်မီကတည်းက. သင်မည့်တပည့်များထံမှ ကတိတောင်းသည်
သက်ရှိသတ္တဝါများအား သတ်ဖြတ်ရန်အတွက် သင်ယူခြ
မပြုရဟူ၍ဖြစ်သည်။

ထိုလူလည်း ကတိပေးပြီး ကြိုးစားသင်ယူသည်။

ဆွံ့အသူ လူငယ်သည် တပည့်များအား ကြိုးစားသင်ကြာ
ပေး၏။

ထို့ကြောင့် တပည့်တို့သည် ကျောက်စရစ်ပစ်အတတ်
ကောင်းစွာတတ်မြောက်ကြ၏။

ထိုအခါ မိမိတတ်မြောက်သောပညာကို စမ်းသပ်ချင်နေသည်
ပညာစမ်းရမည့်သူကို ရှာဖွေသည်။

ပိုင်ရှင်ရှိသော နွားများနှင့် ဆွေမျိုးသားချင်းရှိသော လူများ





ကို ပစ်ခတ်သတ်ဖြတ်မိလျှင် လျော်ကြေးပေးရမည်။ အဖမ်းခံရမည်
ကိုသိသည်။

ပညာမသင်ခင်က သက်ရှိများကို မပစ်ရ၊ မစမ်းသပ်ရဟု
ကတိခံခဲ့ပြီး သက်မဲ့များကို ပစ်ပေါက်စမ်းသပ်ခြင်းဖြင့် ပညာသင်ခဲ့
သည်။

ထိုလူက ဆရာ့စကားကို ဆန့်ကျင်ပြီး သူ၏ပညာကို
သတ်တွေ့အသုံးချရန် ဆန္ဒပြင်းပြနေလေသည်။

ထိုအချိန် "သုနေတ္တ"အမည်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်
ဆွမ်းခံကြွလာစဉ် အရှင်မြတ်၏ လက်ယာဘက် နားပေါက်ထဲသို့
ကျောက်စရစ်ကို ပစ်သွင်းလိုက်၏။

ကျောက်စရစ်သည် ပစ္စေကဗုဒ္ဓါ၏ ဦးခေါင်းကို ဖောက်ထွင်း
ကာ လက်ဝဲဘက်နားမှ ထွက်လာ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ပြင်းထန်လှစွာသော ဝေဒနာကို
ခံစားပြီး သစ်ရွက်မိုးကျောင်းသခ်န်းသို့ ကောင်းကင်ခရီးမှ ကြွ
ရောက်ကာ ပရိနိဗ္ဗာန်ပြုတော်မူ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ် ကျောက်ခဲမှန်၍ ပရိနိဗ္ဗာန်ပြုသည့်
အကြောင်း ဆည်းကပ်ကိုးကွယ်သူများကြား သိကုန်သဖြင့် ဝိုင်းဝန်း
ရှာဖွေကြရာ ထိုယောက်ျားသေဆုံးပြီးလျှင် ... မဟာအဝိစိ



www.burmeseclassic.com

www.burmeseclassic.com



ရေဲ၌ နှစ်ပေါင်းမရေမတွက်နိုင် ခံစားခဲ့ရသည်။

ရေဲမှလွတ်ပြီးနောက် ပြစ်မှုဝဋ်ကြွေး အကြွင်းအကျန်ကြောင့် ဂိဇ္ဈကုဋ်တောင်တွင် သဋ္ဌိကူဋပြိတ္တာဖြစ်၍ ဝဋ်ဒုက္ခခံစားနေရသည်။

ဘုရားရှင်သည် သဋ္ဌိကူဋပြိတ္တာ၏ အကုသိုလ်ကံကို ဟော ကြားတော်မူပြီးလျှင် ထိုအကုသိုလ်နှင့်ဆက်စပ်၍ တရားသဘင်၌ သံဃာတော်များနှင့်တကွ တရားနာပရိသတ်တို့ကို ဟောကြား ဆုံးမခဲ့လေသတည်း။

(သဋ္ဌိကူဋပြိတ္တာပေတဝတ္ထု)

◆ ◆ ◆ ◆ ◆



## ဆုတောင်းမှား၍
## ကိုယ်လုံးတီးဖြစ်ရသောပြိတ္တာမ

ဗာရာဏသီပြည်အတွင်းဝယ် ရုပ်ရည်ရူပကာအားဖြင့် အလွန် အရာ လှပကျော့ရှင်းသော မိန်းမပျိုတစ်ယောက်ရှိသည်။

ကောင်းခြင်းငါးဖြာနှင့် ညီညွတ်သဖြင့် မြင်သူတကာ ငေးမော ကြည့်ရှုချင်စရာကောင်းအောင် လှပတင့်တယ်သူတစ်ဦးလည်း ဖြစ်သည်။

မိန်းကလေးတို့၏ မြတ်နိုးတန်ဖိုးထားရော ဆံကေသာကတော့ အထူးပြောဖွယ်ရာမရှိ။

နက်မှောင်သောဆံပင်က ဒူးအောက်အထိပင် ရောက်ရှိသည်။ ဆံပင်၏ အဖျားတို့သည် ကော့ညွတ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားသားအပေါင်းတို့ကလည်း ထိုမိန်းမပျို၏ အလှအ
အသွင်အပြင်ကိုမြင်ပြီးသည်နှင့် ချစ်ခင်စွဲလမ်း တပ်မက်ခြင်းဖြစ်ကု
တော့သည်။

ထိုကဲ့သို့ ပုရိသယောကျ်ားများ နှစ်လိုမှန်း သိကြရသေ
ဗာရာဏသီပြည်တွင်းရှိ မိန်းမပျိုအပေါင်းတို့အထဲမှ တစ်ယောက်သေ
မိန်းမပျိုက ...

"ဒီမိန်းမ သူ့အလှနဲ့ သူ့ဆံပင်ကြောင့် အလှမာန်တက်
ဂုဏ်မောက်နေတယ် ကြည့်လို့ကိုမရဘူး"

ဒုတိယအမျိုးသမီးတစ်ယောက်က ...

"ဗာရာဏသီတစ်ပြည်လုံးက မိန်းမတွေ သူ့ဆံပင်လောက်
မကောင်းတာကို သူက ဂုဏ်ယူပြီး ကြွားနေရသေးတယ်။ တစ်နေ့
တစ်နေ့ ဒီဆံပင်ပဲ တသသလုပ်နေတာ တစ်နေ့အခွင့်သာရင် ငါ
အကြောင်း သိစေရမယ်"

တတိယမိန်းမပျိုက "ငါ သူ့တစ်ဝက်လောက်လှရင် သိပ်
ကောင်းမှာပဲ၊ ဒီကောင်မကြောင့် ယောကျ်ားသားတွေ ငါတို့ကို
ရှိတယ်လို့တောင် မထင်ဘူး"

ဤသို့သော မြို့တွင်းရှိ မိန်းကလေးအပေါင်းတို့က အလှပိုင်ရှင်
မိန်းမပျိုကို မရှုစိမ့်နိုင်စွာ ရှိနေကြသည်။





သူတို့တစ်တွေ မနာလိုဖြစ်မည်ဆိုက ဖြစ်ချင်စရာပါ။

ထိုမိန်းမပျိုက ဗာရာဏသီပြည်မှာ ကိုယ်တန်ပြမယ် တစ်
ယောက်ကဲ့သို့ ယောကျ်ားသားအပေါင်းတို့၏ အကြည့်ရှုကို
ခံယူကာ ရုပ်ရည်ကို ပြသပြီး စီးပွားရှာနေသူဖြစ်သည်။

လုလင်ပျိုတို့က ထိုအမျိုးသမီးကိုသာ နှစ်သက်စုံမက်ကြမှန်း
သိကြသော မိန်းမပျိုတို့ထဲမှ အမျိုးသမီးသုံးယောက်တို့ ဆုံမိကြ
သည်။

သူတို့အားလုံးက ထိုမိန်းမ၏ လှပခြင်း တရားခံမှာ ရှည်
လျားနက်မှောင်သော ဆံပင်ကြောင့်ဟု ထင်ကြသည်။

သို့ကြောင့် အမျိုးသမီးသုံးယောက်တို့ ခေါင်းချင်းဆိုင်၍
တိုင်ပင်ကြသည်။

"ဒီကောင်မရဲ့ ဆံပင်တွေကို အရက်သမားတစ်ယောက်ကို
ငွေပေးပြီး ဖြတ်ခိုင်းရရင် ကောင်းမလား"

"အဲဒီလိုလည်းမကောင်းဘူး၊ တို့လုပ်တာ လူသိခံလို့မဖြစ်ဘူး။
မြို့ထဲက ဆေးရောင်းတဲ့ဆိုင်သွားပြီး ဆံပင်ကျွတ်ဆေးသွားဝယ်
ဝယ်"

"ဆံပင်ကျွတ်ဆေးဝယ်ပြီး ဘာလုပ်မှာလဲ"

"ဘာလုပ်ရမလဲ၊ ဆံပင်ကျွတ်ဆေးဆိုမှတော့ သူ့ဆံပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ကုန်အောင်ပေါ့”

“ဆေးဝယ်လို့ရပါပြီတဲ့၊ သူ့ဆံပင်နဲ့ သူ့ခေါင်းပေါ် ရောက်အောင် ဘယ်လိုလုပ်ကြမလဲ”

“ဒီကိစ္စ ကျွန်မတာဝန်ယူမယ်၊ ဆေးရအောင်ဝယ်ဖို့ပဲ အရေးကြီးတယ်”

နောက်ဆုံး သူတို့အကြံကို အကောင်အထည်ဖော်ရန် မြို့ထဲသွား၍ ဆေးမျိုးစုံရောင်းသော ဆေးဆရာထံမှ ဆံပင်ကျွတ်ဆေးဝယ်ရန် ထွက်သွားကြသည်။

ဆေးဆရာထံမှ ဆံပင်ကျွတ်ဆေးကို ဝယ်ယူရရှိလာခဲ့သည်။

တာဝန်ယူထားသော အမျိုးသမီးက အလုပ်ရှင် အမျိုးသမီးအိမ်မှာ အိမ်ဖော်လုပ်နေသူ မိန်းကလေးတစ်ယောက်နှင့် ရင်းနှီးသည်။

သို့ကြောင့် အိမ်ဖော်မိန်းကလေး စားသောက်ဖွယ်ရာဝယ်ရန် ဈေးသို့အလာစောင့်၍ ...

“ညီမ ဈေးဝယ်လာတာလား”

“ဟုတ်ကဲ့ အစ်မကြီးလည်း ဈေးလာတာလား”

“ဈေးလာတာတော့ ဟုတ်ပါတယ် ... ညီမလေးကို တွေ့တာနဲ့ တစ်ခုသတိရသွားတယ်။ ခြင်းတောင်းထဲမှာပါလား ကြည့်လိုက်ဦးမယ်”





“ဟောတွေ့ပြီ ဒီမှာ ဆံပင်သန်ဆေး၊ ဆံပင်ပေါက်ဆေး၊ အစ်မတို့အဖေဆေးဖော်ထားတာ”

“ဘာလဲ ... ညီမခေါင်းက ဆံပင်သန်အောင် ဆိုးစေချင်လို့လား”

“မဟုတ်ဘူး ... ညီမဆိုးလို့မရဘူး၊ ဆေးက အခုမှစပြီး ဖော်စပ်တာ၊ ညီမရဲ့သခင်မခေါင်းက လူတကာငေးကြည့်ရတဲ့ ဆံပင်ကို ကောင်းသထက်ကောင်း၊ သန်သည်ထက်ပိုပြီးသန်အောင် ဒီဆေးကို ပေးဆိုးခိုင်းချင်တာ”

“တကယ်လို့ အစ်မတို့ဆေးက မအောင်မြင်ဘဲ ဆံပင်အလှကို ထိခိုက်မယ်ဆိုရင် ဘယ်လိုလုပ်မလဲ”

မိန်းမပျိုက အိမ်ဖော်မိန်းကလေးလက်ထဲသို့ အသပြာတစ်ချို့ ထည့်ပေးလိုက်သည်။

“ဆေးက အောင်မြင်လား မအောင်မြင်လား၊ တခြားသူနဲ့ စမ်းချင်ဘူး၊ မင်းရဲ့သခင်မဆံပင်နဲ့ပဲ စမ်းသပ်မယ်၊ မအောင်မြင်လို့ တစ်ခုခုဖြစ်သွားတော့လည်း သူ့ဆံပင်နဲ့ လောကမှာ အလှမာန်တက်နိုင်တော့ဘူးပေါ့၊ ဘယ့်နှယ့်လဲ လုပ်ပေးမှာလား”

အိမ်ဖော်မိန်းကလေးကလည်း သူ့သခင်မ ဆံပင်အလှနှင့် ဂုဏ်မောက်နေသည်ကို မနာလို မရှုစိမ့်နိုင်ခဲ့သည်မှာ ကြာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခွင့်ရေးရသည်နှင့် တံစိုးလက်ဆောင်ကို လက်ခံကာ ဆံပင်ကျွတ်ဆေးကို လက်ခံယူထားလိုက်သည်။

တံစိုးလက်ဆောင်သည် လူတိုင်းကို ဖျက်ဆီးတတ်သည်နှင့် အညီ အိမ်ဖော်မိန်းကလေးသည် မိမိ၏ကျေးဇူးရှင် အလုပ်ရှင်အား ဆံပင်ကျွတ်ဆေးကို ဆံပင်ပို၍သန်မာသောဆေးဟု ယုံကြည်အောင် ပြောဆိုကာ ပေးလိုက်လေသည်။

ဆံပင်ကိုလှသထက်လှ၊ ကောင်းသထက်ကောင်းမည်ဆိုသဖြင့် တွေးတောဆင်ခြင်ခြင်းမရှိဘဲ ဆံပင်၏အလှပေါ်၌ တပ်မက်သော စိတ်က အနိုင်ယူကာ လှသထက်လှစေရမည်ဟူသောစိတ်နှင့် လက်ခံထားလိုက်သည်။

ရေချိုးရမည့်အချိန်သို့ ရောက်သောအခါ အိမ်ဖော်ပေးထားသော ဆေးကိုယူ၍ မြစ်ဆိပ်သို့ထွက်ခဲ့လေတော့သည်။

အမျိုးသမီးလည်း မြစ်ဆိပ်သို့ရောက်သည်နှင့် ရေထဲသို့ ဆင်းကာ ရေချိုးလေသည်။

ထို့နောက် ဆံပင်ကိုရေဆွတ်ပြီး အိမ်ဖော်အမျိုးသမီးပေးထားသော ဆေးကိုယူကာ ဆံပင်တွင်း ပွတ်လျှော်လေတော့သည်။

များပြားလှသော ဆံပင်အနံ့လျှော်ပွတ်လိုက်သည်၊ စိတ်တိုင်းကျ ပွတ်လျှော်ပြီးသည်နှင့် ဆိုးထားသောဆေးများ ဆေးကြောရန်





မှာ ငုပ်လေသည်။

ဦးခေါင်းနှင့် ရေ ထိလိုက်သည်နှင့် ဆံပင်အုံလိုက် ကျွတ်ထွက်ကျန်တော့သည်။

အမြစ်မှ ကျွတ်ကုန်သဖြင့် ဦးခေါင်းအရည်ခွံသာလျှင် ကျန်ခဲ့သည်။

အလှပိုင်ရှင် မိန်းမပျိုလည်း ခေါင်း၌ဆံပင်များ ပြောင်သလင်းကာ အလှအပဆို၍ ခန္ဓာကိုယ်အလှသာ ကျန်ရစ်ခဲ့သည်။

မျက်နှာ၏ အလှအပကို လှပသထက်လှအောင် ဖော်ဆောင်ပေးနေသည့် ဆံပင်အလှက မိန်းမပျိုမှာ လုံးဝမရှိတော့၊ ဦးပြည်းအတုံးနှင့် ဖြစ်ရချေပြီ။

အလှပိုင်ရှင်မိန်းမပျိုလည်း အလှပျက်သွားသဖြင့် အပြင်လည်း ထွက်ဝံ့တော့။ မြို့တွင်းမှာလည်း မနေရဲတော့သဖြင့် မြို့ပြင်ထွက်၍ မထင်မရှားသောအသွင်နှင့် နေရသည်။

ထိုသို့ မြို့ပြင်တွင် သူတစ်ပါးမသိအောင် ရက်အနည်းငယ်ခန့်နေပြီးသော် ရှက်ရွံ့စိတ်များ အနည်းငယ်လျော့သွားသဖြင့် အိမ်သို့ပြန်ရန် ဆုံးဖြတ်ပြီး ပြန်လာခဲ့သည်။

ဆံပင်က ပြန်ပေါက်မလာသဖြင့် ယခင်ကကဲ့သို့ အလှပြ၍ စီးပွားရှာရန် မဖြစ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ရရာအလုပ်ဖြစ်သည့် အရောင်းအဝယ်ကို တစ်မျိုးပြီးတစ်မျိုး လုပ်ခဲ့သည်။ ဆိုကြိုတ်၍လည်းရောင်းသည်။ သေရည်သေရက် တို့ကိုလည်း ရောင်းခဲ့သည်။

လုပ်ငန်းမျိုးစုံလုပ်ခဲ့ရာမှ သေရည်ရောင်းခြင်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုရန် ဆုံးဖြတ်လိုက်သည်။

တစ်နေ့တွင် သူ့ဆိုင်သို့ သေရည်လာသောက်ကြသော လူ သုံးဦးသည် အမူးလွန်ပြီး ဆိုင်ထဲမှာပင် တုံးလုံးပက်လက်ဖြစ်ကာ အိပ်ပျော်သွားကြသည်။

ထိုအခါ သေရည်ရောင်းသော အမျိုးသမီးသည် ထိုအရက်မူး လွန်နေသော အမျိုးသားတို့၏ အဝတ်ပုဆိုးတို့ကို ချွတ်ယူထား လိုက်သည်။

အမူးလွန်နေသော သေသောက်ကျူးတို့လည်း မိမိတို့အဝတ် အစားများကို မည်သူတို့ ချွတ်ယူထားမှန်းမသိ၊ သူလိုလို ငါလိုလို လှည့်ပတ်စွပ်စွဲပြီး ပြန်သွားကြသည်။

ထိုကဲ့သို့ပင် ဆိုင်သို့လာသောက်၍ အမူးလွန်ကာ အိပ်ပျော် သွားသူများထံမှ အဝတ်အစားတို့ကို ချွတ်ယူသည့်အကျင့် အလေ့ သဖြင့် လုပ်နေခဲ့သည်။

တစ်နေ့သ၌ ဆွမ်းခံကြွလာသော ရဟန္တာမြတ်၏ ကြွချီသမှု





ကို မြင်ရသော် အမျိုးသမီးလည်း ကြည်ညိုသဒ္ဓါတရား ဝက်သန် စွာဖြင့် အရှင်မြတ်အား မိမိနေအိမ်သို့ ပင့်ဆောင်သွားလေသည်။

အိမ်သို့ရောက်သော် ရဟန္တာအရှင်မြတ်အား ခေါင်းရင်းခန်းမှာ နေရာထိုင်ခင်း ကောင်းစွာပြင်ဆင်လျက် သီတင်းသုံးစေသည်။

ထို့နောက် အရသာရှိအောင် လုပ်ထားသော နှမ်းမုန့်ညက်ကို စေတနာထက်သန်စွာနှင့် လှူဒါန်းလေသည်။

ရဟန္တာအရှင်မြတ်လည်း ထိုအမျိုးသမီးကို အစဉ်သနားသဖြင့် ချက်ချင်းပင် ဘုဉ်းပေးသုံးဆောင်သည်။

အရှင်မြတ် သုံးဆောင်သည်ကို မြင်ရသော် အမျိုးသမီးသည် အားရွှင်လန်း ပီတိလွှမ်းကာ အောက်ပါအတိုင်း ဆုတောင်းလိုက် လေသည်။

"အရှင်မြတ်ဘုရား တပည့်တော်သည် ဤလှူဒါန်းရသော ကောင်းမှုကြောင့် တပည့်တော်၏ ဆံပင်တို့သည် အရှည်ဆုံး အလှဆုံး အကောင်းဆုံး မိန်းမတကာတို့ထက် သာလွန်သော ဆံပင်ရှိသည် ဖြစ်ရပါစေဘုရား"

ထိုအခါ ရဟန္တာအရှင်မြတ်လည်း၊ အလှူရှင်မိန်းမပျိုတောင်း သောဆုအား ပြည့်စေသတည်းဟူ၍ ဆုပေးခဲ့လေသည်။

*******



www.burmeseclassic.com

www.burmeseclassic.com

ထိုအလှပိုင်ရှင်မိန်းမသည် သေလွန်သောအခါ ကဏှာသုတ္တ၊ အဖြူအမည်းရောသော ကုသိုလ်ကံ၊ အကုသိုလ်ကံများ ပြုခဲ့သောကြောင့် သမုဒ္ဒရာ အလယ်ကျွန်းတစ်ကျွန်း၌ ရွှေဗိမာန်နှင့် အဖော်မမှီး တစ်ကိုယ်တည်း သွားဖြစ်ရလေသည်။

ထိုမိန်းမပျိုသည် ရဟန္တာအရှင်မြတ်အား နှမ်းမုန့်လှူစဉ်က သံသရာမှ လွတ်မြောက်ကြောင်း၊ မဂ်တရား ဖိုလ်တရားတို့ကို ဆုတောင်းခြင်း မပြုဘဲ မိမိ၏အလှကို အရောင်တင်ခဲ့သည့်ဆံပင်ကိုသာ စွဲလမ်းတပ်မက်စိတ်နှင့် ဆုတောင်းခဲ့ရာ၊ နတ်ပြိတ္တာဘဝ၊ ကူးပြောင်းရောက်ရှိသောအခါဝယ် သူမ၏ဆံပင်တို့သည် ဆုတောင်းလိုက်သည့်အတိုင်း ကောင်းခြင်းအင်္ဂါနှင့် ပြည့်စုံစွာရခဲ့သည်။

သို့ရာတွင် သေသောက်ကျူးတို့၏ အဝတ်ပုဆိုးတို့ကို ခိုးယူခဲ့သော မကောင်းမှုကံကြောင့် အဝတ်မပါ ဗလာကိုယ်ထီးဖြစ်ရတော့သည်။

ထိုပြိတ္တာမသည် ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင် နှစ်ဆူကြားကာလရှည်လျားစွာ ထိုကျွန်းမှာပင် နတ်ပြိတ္တာဘဝနှင့် နေခဲ့ရသည်။

ဂေါတမဘုရားရှင် ပွင့်တော်မူပြီး သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေစဉ်၊ သာဝတ္ထိပြည်မှ ခုနစ်ရာကုန်သော





ကုန်သည်တို့သည် သမုဒ္ဒရာကိုဖြတ်ကာ သုဝဏ္ဏဘူမိသို့ ကုန်ရောင်းသွားကြသည်။

ရေလမ်းခရီးမဆုံးခင် မုန်တိုင်းများကျရောက်လာသဖြင့် သမုဒ္ဒရာအလယ်ရှိ ကျွန်းတစ်ကျွန်းသို့ သင်္ဘောရောက်ရှိသွားသဖြင့် မုန်တိုင်းခိုနားရင်း သင်္ဘောသားတို့ကျွန်းပေါ်တက်ခဲ့ကြသည်။

ထိုကျွန်းမှာနေသော နတ်ပြိတ္တာမသည် ကုန်သည်တို့အား ဒုက္ခခံစား၊ စံစားနေရသော ဘုံဗိမာန်နှင့်အတူ ကိုယ်ထင်ပြလေသည်။

ထိုအခါ ကုန်သည်အကြီးအမှူးက ...

"ထိုဗိမာန်အရှင် သင်ကား မည်သူဖြစ်သနည်း၊

လူလော၊ နတ်လော ထင်ရှားစွာ မြင်နိုင်ရန် ဗိမာန်အပြင်အထက်သို့ထွက်၍ပြပါ ...။ သင့်အား ကျွန်ုပ်တို့ မြင်လိုလှပါသည်"

"အို သင်္ဘောသူကြီး ကျွန်မကိုယ်၌ အဝတ်မပါ၊ ဗလာနတ္ထိဖြစ်ပါသည်။ ကျွန်မ၏ ဆံပင်တို့ဖြင့်သာ ဖုံးအုပ်ထားရသဖြင့် အလွန်ပင်ရှက်စရာကောင်း၍ အပြင်သို့ မထွက်ဝံ့ပါ"

ကုန်သည်အကြီးအမှူး၏အမေးကို နတ်ပြိတ္တာမက အလုံးစုံရှင်းပြလိုက်သည်။

နတ်ပြိတ္တာမ၏ စကားကိုကြားလိုက်သဖြင့် ကုန်သည်အကြီးအမှူးလည်း လွန်စွာသနားသွားခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

"အို ဗိမာန်ရှင် ဒါတို့ကုန်ရောင်းချရန်ပါလာသော အဝတ် အထည်အချို့ကို အသင့်အားပေးပါမည်၊ ထိုအဝတ်အထည်တို့ ဝတ်၍ အပြင်သို့ထွက်ခဲ့ပါ"

ဟုဆိုကာ ဈေးရောင်းချရန် ကုန်တို့မှ အဝတ်အထည်အ ကိုယူပြီး အသံရှင်ရှိရာဘက်သို့မှန်းပြီး အဝတ်အထည်တို့ကို လှမ်း ပေးသည်။

"အသင် သန္နိ၍ပေးလာသော အဝတ်အထည်တို့ကို ကျွန် ယူ၍မရပါ။ ယူ၍ရခဲ့လျှင်လည်း ဝတ်၍မရပါ၊ ယူမရ၊ ဝတ်မရသော ဤအဝတ်အထည်တို့ကို အသင်ပြန်ယူသွားပါ"

ဟူ၍ နတ်ပြိတ္တာမကပြောသည်။

"အို ဗိမာန်ရှင် ... အဝတ်အထည်တို့ကို ဘယ်ကဲ့သို့ပေး သင်ဝတ်နိုင်မည်နည်း"

"အရှင် အကယ်၍ ကျွန်မကိုဝတ်ဆင်စေလိုသည့် အ ဖြစ်အံ့၊ ဘုရားရှင်ကိုဖြစ်စေ၊ သံဃာတော်အရှင်မြတ်တို့ကိုဖြစ်စေ သရဏဂုံသီလမြဲသူကိုဖြစ်စေ ကျွန်မအား ရည်စူးလှူအိန်းပြီး အ ပေါက အဝတ်အစားတို့ကို ဝတ်ဆင်မြန်းရပါလိမ့်မည်"

ဟူ၍ ကုန်သည်အကြီးအမှူးအား ဗိမာန်ရှင်က ရှင်းပြသည်

ထိုအခါ ကုန်သည်အကြီးအမှူးက မိမိကုန်သည်များအထဲ





ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်ပြီး သီလမြဲသော ဥပါသကာ တစ်ဦးကို ရွေးချယ်သန့်စင်စေသည်။

ထို့နောက် နံ့သာဆီမွှေးတို့ကို လိမ်းကျံစေ၍ အမြင့်၌ထား ကာ အဝတ်အထည်တို့ကို ပေးလှူလိုက်သည်။

ထိုပေးလှူသော ကုသိုလ်အဖို့ဘာဂကို ညွှန်းသ မေတ္တာပို့ပြီး နတ်ပြိတ္တာကို အမျှပေးဝေလိုက်ကြသည်။

ထိုကဲ့သို့ ကုန်သည်များ စုပေါင်းအမျှဝေလိုက်ကြရာ ပြိတ္တာမ သာဓုခေါ်သော ခဏ၌ပင်လျှင် နတ်၌ဖြစ်သော အဝတ်တန်ဆာ များကို ဝတ်ဆင်သုံးဆောင်ရလေသည်။

အဝတ်အစားတို့ ဝတ်ဆင်ရပြီးသော် ပြိတ္တာမသည် နတ်ဝတ် တန်ဆာတို့ဖြင့် လှပတင့်တယ်ရှုချင်စဖွယ်အသွင်ကို ကုန်သည်တို့ အား ဗိမာန်မှ ထွက်ကာ ပြသသည်။

"ဟာ ကုသိုလ်ကောင်းမှုအကျိုးကား တကယ်ပင် အကျိုး များလှချေသည်တကား"

ကုန်သည်တို့လည်း အံ့ဩမဆုံး၊ ပြော၍မဆုံး ပီတိဖုံးလျှက် ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်ကြသည်။

လက်တွေ့မျက်မှောက်မှာပင် အိန္ဒြိယကျိုးတရားတို့၏ ကောင်း ကျိုးပေးပုံကို မြင်ကြရပြီး အားရခြင်းဖြစ်ကာ၊ ရတနာသုံးပါးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သီလမြဲသော ဥပသကာအား ဆထက်ထမ်းပိုးတိုးကာ ကြည်ညို လေးစားကြသည်။

ဥပသကာလည်း ကျွန်ုပ်တို့အား မိမိကဲ့သို့ သရဏဂုံ သုံးပါးနှင့် ငါးပါးသီလတို့၌ တည်စေပါသည်။

ထို့နောက် ကျွန်ုပ်အကြီးအမှူးသည် နတ်ပြိတ္တာမ၏ ဖြစ်ကြောင်းကိုသိလိုက်သဖြင့် မေးမြန်းစုံစမ်းလိုက်သည်။

"နတ်သမီး သင်သည် အဘယ်ကောင်းမှုကြောင့် ရွှေဗိမာန်ရှင် ဖြစ်ရသနည်း။ အဘယ်မကောင်းမှုအဖြစ်ကြောင့် အဝတ်မပါသော ဗလာကိုယ်ထီး နတ်ပြိတ္တာမတစ်ယောက်ဖြစ်နေရပါသနည်း"

နတ်ဗိမာန်ရှင်ပြိတ္တာမလည်း သူ၏အတိတ်ဘဝ လူဖြစ်ခဲ့စဉ်က ဆံပင်၏အလှပေါ် သာယာခဲ့ပုံ၊ ထိုအလှအပကြောင့် ဒုက္ခရောက်ခဲ့ရပုံ၊ သေရည်သောက်ကျူးတို့ထံမှ အဝတ်အထည်များ ချွတ်ယူမိပုံ မကောင်းမှုဖြစ်တည်ရာကို ပြောပြခဲ့သလို ...

ရဟန္တာအား ဆွမ်းကပ်လှူ၍ အလှအပကို တပ်မက်သည့် စိတ်နှင့် ဆံပင်အလှပြန်ရရန် ဆုတောင်းမှားခဲ့ပုံကို ပြန်ပြောပြ လိုက်သည်။

သူမ၏ အဖြစ်အပျက်များကို ကျွန်ုပ်တို့အားပြောပြပြီးသည်နှင့် အလွန်စိတ်မချမ်းမသာစွာဖြင့် "အရှင်ကျွန်ုပ်တို့ ကျွန်မ





သည် အရှင်တို့ပြုပေးအပ်သော ကုသိုလ်ကောင်းမှုကြောင့် နတ်သမီး အဖြစ် ခံစားခဲ့ရပါပြီ။

ဒါပေမဲ့ ဤအချိန်အခါမှသည် နောက်လေးလကုန်လွန် မြောက်ပါက ကျွန်မ ဤနတ်ပြိတ္တာဘဝမှ စုတေကွယ်လွန်ပြီး ပြုခဲ့သော အကုသိုလ်ကံကြောင့် ငရဲမှာ သွားခံရပါဦးမည်၊

ထိုငရဲကျရမည့် အကုသိုလ်ကံကို တားရန်မလွယ်ကူပါ။ ဆို့အတွက် ကျွန်မတစ်ရက်မှ စိတ်မအေး ပူဆွေးခြင်းဖြစ်နေရပါ သည်"

ဟူ၍ ကျွန်ုပ်အပေါင်းအား ပြောပြလေသည်။

သရဏဂုံနှင့် သီလမြဲသော ဥပသကာသည် နတ်သမီး၏ ခံစားရမည့် ငရဲကျခံရမည့်ဘေးကို သနားကရုဏာရှိလှသည်နှင့် နတ်သမီးအား အောက်ပါအတိုင်း ပြောကြားခဲ့လေသည်။

"နတ်သမီး ငါတို့ကြောင့် သင်အလိုရှိရာဟူသမျှ ပြည့်စုံစွာ ခံစားခဲ့ရပြီ မဟုတ်ပါလား၊ ဘာမှမစိုးရိမ်လင့်၊

ယခုအခါ သင်သဒ္ဓါတတ်စွမ်းသမျှ သင်္ကန်းပိုင်ပုစ္ဆည်း၊ စားစရာ တစ်ခုခုတို့ကို ဥပသကာ ငါတို့အား တစ်ဖန်လှူဒါန်းပါလော့၊

သင့်စိတ်ထဲမှာ ဘုရားရှင်၏ ဂုဏ်တော်ကို အဖန်ဖန်တလဲလဲ အောက်မေ့ဆင်ခြင်ပြီး ငါတို့ပေးဝေတဲ့ သင့်ကုသိုလ်အမျှကို



www.burmeseclassic.com

www.burmeseclassic.com



သင့်သားစုအကြိမ်ကြိမ်ခေါ်ဆိုပါလော့၊

သင်၏ ကုသိုလ်အိနကြောင့် သင်ငရဲကျမည့်ဘေးမှ လွတ်မြောက်ပါလိမ့်မည်''

ထိုဥပသကာစကားကြောင့် နတ်သမီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အလှူဒါနအတွက် စိမံလေသည်။

နတ်၌ဖြစ်သော နတ်ဩဇာထမင်း၊ အဝတ်တန်ဆာတို့ကို ကုန်သည် ဥပသကာအား လှူဒါန်းလေသည်။

ဘုရားရှင်အားလည်း ရည်မှန်း၍ သင်္ကန်းတို့ကို ဥပသကာအား ပေးအပ်ပြီး သူ့ကိုယ်စား ဘုရားရှင်အား လှူဒါန်းကာ ငရဲမှ လွတ်မြောက်စေမည့်အရေး လျှောက်ထားပေးရန် မှာကြားလိုက်သည်။

''အသင်နတ်သမီး မစိုးရိမ်လင့်၊ မြတ်စွာဘုရား သီတင်းသုံးနေရာ စံကျောင်းတော်သို့ အရင်သွားပြီး လှူဒါန်းမှုပြုလုပ်ပါမယ် အသင်နတ်သမီးရဲ့ အလှူဒါနပြီးမှ ကုန်ရောင်းဝယ်ခြင်း အမှုကို ပြုပါမည်''

''ကျေးဇူးကြီးလှပါတယ် အသင်တို့ ဤသမုဒ္ဒရာအလယ်ကျွန်းမှ မြတ်စွာဘုရားစံရာ ကျောင်းတော်နှင့် မနီးမဝေးသို့ရောက်ရန် ကျွန်ုပ်ပို့ဆောင်ပေးပါမည်''





နတ်သမီးလည်း ဆိုခဲ့သည့်အတိုင်း၊ ကုန်သည်တို့အား နတ်၏ တန်ခိုးနှင့် ကုန်သည်တို့ သွားလိုရာ ဆိပ်ကမ်းသာသို့ ရောက်ပို့လိုက်သည်။

ထိုကုန်သည်တို့သည် သာဝတ္ထိပြည်သို့ အရောက်သွား၍ ဇေတ်ချင်းပင် ဘုရားရှင်ထံ ဝင်ရောက်ဖူးမြော်ကြသည်။

နတ်သမီး လှူဒါန်းရန်ပေးလိုက်သော သင်္ကန်းကို ဘုရားရှင်အား လှူဒါန်းပြီးနောက် နတ်သမီး၏အကြောင်းစုံကို လျှောက်ထားလိုက်သည်။

မြတ်စွာဘုရားရှင်သည် ထိုဥပသကာနှင့် ကုန်သည်တို့အား ဒါန၏အကျိုးတရားကို အကျယ်တဝင့်ဟောကြားပြီး သစ္စာလေးပါးတရားတို့ကိုလည်း အကျယ်ဟောကြားတော်မူသည်။

မြတ်စွာဘုရား၏ တရားသဘင်မှာ ရောက်ရှိတရားနာယူနေကြသော မင်းပရိသတ်အပေါင်းလည်း သစ္စာလေးပါးတရားကို သိမြင်ကြ၏။

ကုန်သည် ဥပသကာ ဦးဆောင်ပြီး ကုန်သည်အပေါင်းတို့လည်း နှစ်ရက်မြောက် ရောက်လာသောနေ့မှာ မြတ်စွာဘုရားရှင်နှင့်တကွ၊ သံဃာတော် အရှင်မြတ်တို့အား ဆွမ်းလုပ်ကျွေးသော အလှူကို ပြုလုပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အလှူပွဲအတွက် အမျှဝေသောအခါ နတ်ပြိတ္တာမအား ကောင်း အဖို့ဘာဂကို အမျှပေးဝေလိုက်ပါသည်။

သမုဒ္ဒရာ အလယ်ကျွန်းမှ ဗိမာန်ရှင်ပြိတ္တာမလည်း ပြိတ္တာဘ မှ စုတေပြီးလျှင် အထူးထူးအပြားပြား ဆန်းကျယ်လှသော ရတ တို့ဖြင့် ထွန်းလင်းတောက်ပသည့် တာဝတိံသာနတ်ပြည်ဝယ် ဗိမာန်ရှင် နတ်သမီးအဖြစ်သို့ ရောက်ရှိစံစားရလေတော့သည်။

(ခလ္လာတိယ ပေတဝတ္ထု)

❖ ❖ ❖ ❖ ❖



# သဒ္ဒါနည်း၍ဖြစ်ရသော အရိုးစုပြိတ္တာ

တစ်ချိန်က ဗာရာဏသီပြည်မှာ မြေပေါ်မြေအောက် ကုဋေပေါင်း များစွာပိုင်ဆိုင်သော "စူဠသေဋ္ဌိ" အမည်ရှိသော မြို့မျက်နှာဖုံး သူဌေးကြီးတစ်ယောက် ရှိခဲ့သည်။

သူ့တွင် "အနုလာ" အမည်ရှိ သမီးတစ်ယောက်ရှိသည်။ တစ်ဦးတည်းသော မိတဆိုးသမီးလေး "အနုလာ"က ဖိတ်ထား ဆူပျော်ပျော်၊ သဘောကောင်းပေမဲ့ သူဌေးကြီး "စူဠသေဋ္ဌိ"ကတော့ ဆိုသို့မဟုတ်၊ ဥစ္စာစုနချမ်းသာသော်လည်း နှမြောတွန့်တိုတတ်သူ တစ်ယောက်ဖြစ်သည်။

ပေးကမ်းစွန့်ကြဲလိုခြင်းမရှိ။

မိမိအိမ်သို့ အလှူခံပုဂ္ဂိုလ်များကိုလည်း အဝင်မခံ၊ ဖုန်းတောင်း သာစကာတို့ဆိုလျှင်တော့ ပိုလို့တောင်ဝေးသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလကား အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်လို့ လိုက်တောင်းစားနေတာ၊

သူတို့တောင်းတိုင်း ပေးရင် လူမိုက်အားပေးရာကျမယ်၊ ငါတ အသပြာကို အလကားသူတစ်ပါးကိုပေးမလို့ ရှာထားတာမဟုတ် ဘူး"

တစ်ရက် ပုဏ္ဏားအိုတစ်ယောက် အသက်ကကြီး၊ တောင်ဝှေး အားပြု၍ လျှောက်လာနေသည်။ သူဌေးကြီး၏ အိမ်ခြံတံခါးအော အနီး၌ မောပန်း၍ ခဏနားနေသည်။

သူဌေးကြီးသမီး "အနုလာ"က ပုဏ္ဏားကြီးကို မြင်သဖြင့်

"အသင်ပုဏ္ဏားကြီး ဘာအလိုရှိပါသနည်း"

"ချစ်သမီး ခရီးဝေးကလာခဲ့ရသည့်အတွက် ရေတစ်ခွက် တိုက်ပါဘိ"

"ဟုတ်ကဲ့ သမီးချက်ချင်းသွားခပ်ပေးပါ့မယ်"

ပုဏ္ဏားကြီးအား ကတိခံပြီး 'အနုလာ'လည်း ရေခပ်ရန် အိမ်အတွင်းသို့ ဝင်လာခဲ့သည်။

"ဟဲ့ အနုလာ ရေးကြီးသုတ်ပျာနဲ့ ဘာကိစ္စဖြစ်လာသလဲ"

"အိမ်ရှေ့မှာ ခရီးဝေးကလာပြီး မောပန်းနွမ်းနယ်နေတဲ့ ပုဏ္ဏားကြီးတစ်ယောက် ရေကစ်ခွက် တောင်းသောက်လို့ပါ"





"ဘာပြောတယ်"

"ကိုယ့်လမ်းကိုယ်သွားတာပဲ၊ သူတစ်ပါးအိမ်ကရေကို လှည့် လည်းတောင်းနေရသေးတယ်၊

ရေက အလကားရတယ်ဆိုပေမဲ့ အိုးထဲရေရောက်လာအောင် ငွေကုန်ခံပြီး ချရသေးတယ်၊ သွားသွား အလုပ်ရှုပ်ခံပြီး ပေးမနေပါနဲ့"

"အဖေက မနှမြောသင့်တာ ... လာနှမြောနေတယ်။ အဖေ တစ်ညတစ်ည ပျော်တော်ဆက်တွေ အတွက်ကျတော့ ဟုန်ချင် လောက်ကုန်၊ ပေးကမ်းစွန့်ကြဲနေတယ်၊

ကိုယ့်ခြံတွင်းက ထွက်တဲ့ရေကိုတော့ မနှမြောသင့်ပါဘူး၊ သမီးရေတစ်ခွက်သွားတိုက်ပါရစေ"

"ဟဲ့ ... အဲဒီ သုံးသင့်လို့သုံးတာ၊ ရေတိုက်တာက ဖြုန်း တီးတာ၊ အားနာလို့လား၊ နေ ... နေသမီး၊ အိမ်ထဲက ထွက်မလာခဲ့နဲ့ ... အဖေသွားပြောလိုက်မယ်"

သူဌေးကြီး 'စူဠသေဋ္ဌိ'လည်း ခြံဝန်းအပြင်သို့ ထွက်ပြီး ပုဏ္ဏားကြီးအား ...

"ဒို ... သူအိုပုဏ္ဏား ကိုယ့်ခရီးကိုယ်သွားဘာ ဖြောင့်ဖြောင့် သွားပေါ့၊ သင့်ခရီးလမ်းမှာ ကျွန်ုပ်တို့အား တာဝန်ပိုအောင် လုပ်ပါ သည်၊



www.burmeseclassic.com

www.burmeseclassic.com



သင့်အား ရေပေးရန် အပိုမရှိပါ”

သူဌေးကြီးက ခပ်ပြတ်ပြတ်ပြောပြီး ပုဏ္ဏားကြီးကို ဈေ
ခိုင်းထွက်ခွာလာခဲ့သည်။

ထိုကဲ့သို့ ရေတစ်ခွက်တောင်မှ သဒ္ဓါတရားမရှိ နှမြောတွန့်
ခဲ့သော်လည်း အပျော်အပါးကိုတော့ ခုံမင်သည်။

မိမိအတွက်ကတော့ စားကောင်းသောက်ဖွယ် အမြဲစီစဉ်
ရသည်။

“ဟဲ့ ဒီနေ့ ငါစားမယ့်ဟင်းမှာ ဝက်သား၊ ကြက်သား၊
ဟင်းအပြင် ဆိတ်ကလီစာဟင်းလည်း ပါပစေနော်”

အစားအသောက်ဆိုလျှင် တင်းလေးငါးမျိုးအမြဲပါမှ တင်းတိ
သူဖြစ်သည်။

ထို့ပြင် အစားအသောက်ကြူးသည်မကသေး။ ညဘ
ဆိုလျှင် ပြည့်တန်ဆာတို့ ပျော်ပါးရာ ဗိမာန်များသို့လည်း ရောက်
ရောက်နေတတ်သေးသည်။

သို့မဟုတ်ပါက သူ၏လက်စွဲတော် တပည့်လူယုံတစ်ယော
က သူဌေးကြီးအတွက် ရှာဖွေပေးရသည်။

သဒ္ဓါတရားမရှိ ပေးကမ်းစွန့်ကြဲမှုမရှိသော၊ သူဌေးကြီ
“ရွှေသေဋ္ဌိ”လည်း ငါးပြာသောအာရုံ့ကာမဂုဏ်ကို လွန်စွာလိုက်စ





ပါးခဲ့သည်။

ထိုအချိန် သူဌေးကြီး၏သမီး “အနုလာ” တစ်ယောက်
အနုကဝိန္ဒမြို့”မှ သူဌေးတစ်ဦး၏သားနှင့် လက်ထပ်ထိမ်းမြားပြီး
င်နောက်ဆံထုံးပါကာ လိုက်သွားတော့သည်။

သူဌေးကြီး “ရွှေသေဋ္ဌိ”လည်း တစ်ဦးတည်းသော သမီးလေး
အနုလာ”အား ပေးသင့်ပေးထိုက်သော အမွေကိုပေးလိုက်သည်။

ဗာရာဏသီမြို့မှာ သူဌေးကြီးလည်း အိပ်ဖော်ကျေးကျွန်များ
ကျန်ရစ်ခဲ့သည်။

သမီးမရှိတော့မှ အပျော်အပါးနောက်သို့သာ တစိုက်မတ်မတ်
က်နေတော့သည်။

အသက်အရွယ်ကကြီး၊ ကာမဂုဏ်အာရုံလိုက်စားလွန်းသဖြင့်
တ်ဆုံးမှာတော့ မရဏာခရီးလမ်းကို အဖော်မပါ၊ တပ်မက်ခုံမင်
သော ပစ္စည်းဥစ္စာများလည်းမပါ၊ တစ်ကိုယ်တည်း ထွက်ခွာသွား
ရတော့သည်။

သူသေသောအခါ အရိုးပေါ်အသားမရှိ အရေခွံသာကပ်နေသော
ပြိတ္တာဘဝသို့ ရောက်ခဲ့သည်။

*******

ပြိတ္တာဘဝသို့ ရောက်ရှိသွားသည့်နောက်ပိုင်း ဘဝဝေဒနာက



www.burmeseclassic.com

www.burmeseclassic.com

ဒါနသီလမရှိ၊ ဒါနတရားမရှိခဲ့သည့်အတွက် နောင်တကြီးစွာရ
သမီးဖြစ်သူ "အနုလာ"အား မိမိပြိတ္တာကြီးဘဝသို့ ရောက်နေ
ဟု၍ အိပ်မက်သွားပေးလေသည်။

အိပ်မက်ထဲမှာ ...

"ချစ်သမီး 'အနုလာ' အဖေမသေခင်က ဒါနမှုမပြု
ကာမဂုဏ်ငါးပြော ခံစားပျော်ပါးရင်း အချိန်တွေသာ ကုန်ခဲ့တ
သည့်အတွက် သေလွန်သည့်အခါ အရိုးစုပြိတ္တာဘဝသို့ ရော
ရတယ်၊

သို့အတွက် အဖေလည်း နောင်တရနေပါပြီ၊ အဖေ
သမီးမှတစ်ပါး ကူညီမည့်သူမရှိနိုင်ပါ။ သမီးကိုအားကိုးပြီး အ
လာပေးခြင်း ဖြစ်ပါသည်"

"အဖေ ခုလိုပြိတ္တာဘဝရောက်နေရသည့်အတွက် သ
စိတ်မကောင်းပါ။ ဒီဘဝကလွတ်ဖို့အောင် သမီးဘယ်ကဲ့သို့ ဆော
ပေးလျှင် ပြိတ္တာဘဝက လွတ်နိုင်ပါမည်နည်း"

"သမီးအဖေ့အတွက် ရည်စူးပြီး အလှူဒါနကောင်းမှုတ
လုပ်ပေးပါ၊ သမီးရဲ့အလှူဒါနပွဲမှာ အဖေ့ကို အမျှပေးဝေပါ
အဖေ အမျှရပြီး သာဓုခေါ်ပါ့မယ်။ သာဓုခေါ်ဆိုနိုင်
ပြိတ္တာဘဝထက်မြင့်တဲ့ ဘုံဘဝကိုရောက်မှာ သမီးရဲ့"

မိတ်ဆွေစာပေ



"သမီးအလှူလုပ်ပေးလို့ အဖေဒီဘဝက လွတ်မယ်ဆိုရင်
သမီးအလှူလုပ်ပေးပါ့မယ်၊ ရှေ့လာမယ့် လပြည့်ကျော်တစ်ရက်နေ့
မှာ မြို့ပေါ်မှာရှိသော သူတော်ကောင်း ပုဏ္ဏားတွေ ပင့်ဖိတ်ပြီး
အဖေ့အတွက် အလှူပေးလို့ အမျှဝေပါ့မယ်၊ အဖေရောက်ရာနေရာမှ
လပြည့်ည အရောက်လာခဲ့ပါ"

"ကောင်းပြီ အဖေရောက်လာခဲ့မယ်"

အိပ်မက်ထဲမှာ ဖခင် "ရုဋ္ဌသေဋ္ဌိ" သူဌေးကြီးတစ်ဖြစ်လည်း
ပြိတ္တာကြီး အိပ်မက်ထဲမှာ ကွယ်ပျောက်သွားသည်။

'အနုလာ' အမျိုးကောင်းသမီးလေးလည်း အိပ်မက်ထဲမှာ
ပြိတ္တာကြီးလာပြောသည့်အကြောင်း ခင်ပွန်းသည်အား ပြောပြလိုက်
သည်။

ခင်ပွန်းသည်ကလည်း စိတ်ပါလက်ပါ၊ အလှူလုပ်ပေးရန်
ကိုက်တွန်းလာသည့်အတွက် လပြည့်ရက် မတိုင်ခင် အလှူလုပ်ရန်
စီစဉ်တော့သည်။

*******

လောက၌ ပေါင်းသင်းအပ်၊ မပေါင်းသင်းအပ်သူဟူ၍ရှိသည်။
ထိုအမျိုးအစားတို့ကို မှန်ကန်စွာ ရွေးချယ်ပြီး ပေါင်းသင်းတတ်ဖို့
ဆိုသည်။

မိတ်ဆွေစာပေ
www.burmeseclassic.com

www.burmeseclassic.com



အပေါင်းသင်းကြောင့် ဂုဏ်သိက္ခာကျဆင်းရသလို ဆရာမတင်

ထိုက်ဘဲ ဆရာအတင်မှားလျှင်လည်း ဘေးဒုက္ခမျိုးစုံ ကြုံရတ

သည်။

ဗာရာဏသီပြည့်ရှင် ဘုရင်အဇာတသတ်သည် အာဏာရူး

ကို တပ်မက်မိသည့်အတွက် ဆရာမတင်ထိုက်သည့် ဒေဝဒ

ရဟန်းကို ဆရာတင်မိ၍ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကိုသတ်ပြီ

ထီးနန်းကို ရယူခဲ့သည်။

ထိုသို့ သတ်ခဲ့မိသည့်အတွက် ပိတုဃာတကကံ ထိုက်ပြီမှ

သိပြီးနောက် ညစဉ်ညတိုင်း အိပ်၍မရတော့။

မျက်လုံးကြောင်၍ မိုးစင်စင်လင်းသည့် ညပေါင်းလည်း မနည်း

တော့။

ဘုရားအရှင်မြတ်၏ တရားရေအေး အမြိုက်ဆေးကိုလည်း

တရားသဘင်ပွဲရှိတိုင်း ကြွရောက်နာကြားခဲ့ပေမဲ့ အတိတ်၏အရိပ်

စိုးမိုးခြောက်လှန့်နေဆဲဖြစ်သည်။

သို့ကြောင့် စက်တော်ခေါ်၍မှ မဖြစ်သဖြင့် သလွန်ညောင်

စောင်းထက်မှထကာ၊ လသာဆောင်သို့ထွက်ပြီး အပူကိုပြေ

ပြေကြောင်း ရင်မှာဆုတောင်းရင်း အချိန်ကိုဖြုန်းနေမိသည်။

ညက လပြည့်ည လရောင်က ရွှန်းမြမြသာနေသည်။ ဒါတိုင်





ပြည့်ညဆိုလျှင် တရားသဘင်သို့ ရောက်နေတတ်သည်။

ယနေ့ လပြည့်ညတရားသဘင်မရှိသဖြင့် မြတ်စွာဘုရား

ကျောင်းတော်သို့လည်း မရောက်ဖြစ်။

ထို့ကြောင့် လေသာဆောင်ထက်မှ လပြည့်ည၏ အရသာကို

ရင်း စိတ်အပန်းတော်ဖြေနေသည်။

သူ့အသွင်က တက်ကြွလန်းဆန်းမှုမရှိ၊ လေးပင်စွာ လှုပ်ရှား

လျှောက်နေမိသည်။

ထိုအချိန် ပြာသာဒ်လေသာဆောင်အနီးမှ လေဟုန်စီး၍ ဖြတ်

သောအရာကို ရုတ်တရက် မြင်လိုက်သဖြင့် လန့်ဖျပ်သွား

ည်။

သူ့အနီး ပြာသာဒ်ဝန်းကျင်မှ ဖြတ်သွားသောအရာကို အသေ

ကြည့်လိုက်မိသည်။

ထူးဆန်းသောအရာမဟုတ်ဘဲ လူတစ်မျိုးဖြစ်နေကြောင်း

လိုက်သည်။

ထိုသူ၏ ခန္ဓာကိုယ်အသွေးအသားမရှိ၊ အကြောအရိုးမျှသာ

ည်။ ဦးပြည်ခေါင်းတုံးနှင့်ဖြစ်သည်။

အဝေးမရောက်သေးသော ထိုသူကို အဇာတသတ်မင်းက

၍အသံပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို အရှင်၊ သင်ဘယ်သူလဲ၊ အသင့်ခန္ဓာကိုယ်သည် မလှမ ပိန်လှီလှသည်။ သင်က ဦးပြည်ခေါင်းတုံးနှင့်ရဟန်း အသွင်ဖြစ် ဒုဂ္ဂရဟန်းလော၊

အချိန်အခါမဟုတ်သောအကာလ ညည့်နက်သည့်အချိန် မည်သည့်အရပ်သို့ အရေးတကြီးသွားရောက်မှာပါလဲ၊

အရှင်ဘုရား လိုအပ်သော အရာမှန်သမျှ တပည့်တေ ဖြည့်ဆည်းပေးပါ့မယ်၊ စည်းစိမ်ဥစ္စာဆိုပါလျှင်လည်း လိုအပ်ပါ လှူဒါန်းပါမည်"ဟု လျှောက်သည်။

အဇာတသတ်မင်းကြီး၏ စကားကိုကြားသောအခါ လေမှာပျံ နေသူက ...

"မြတ်သောမင်းကြီး ကျွန်ုပ်သည် အရှင်မင်းကြီး ထင်သည့် ဒုဂ္ဂရဟန်းမဟုတ်ပါ"

တစ်ချိန်က ဗာရာဏသီပြည်ဝယ် စည်းစိမ်ဥစ္စာ ပေါ်များချမ်းသာ ကြွယ်ဝသော 'စူဠဓနသေဋ္ဌိ' အမည်ရှိသော သူဌေးတစ်ဦး ဖြစ်ခဲ့ သည်။

"ကျွန်ုပ် လူ့ဘဝဖြစ်စဉ်က စိတ်ထားယုတ်မာခြင်း၊ လှူ လိုစိတ် မရှိခြင်း၊ သဒ္ဓါတရား ကင်းမဲ့ခြင်း၊ ဒါန သီလဆိုသည် မသိပါ။ ကာမဂုဏ်အာရုံငါးပြာကိုသာ လွန်စွာလိုက်စားပျော်ပါး





ခြင်းတို့ကြောင့် သေလွန်သည့်အခါ ပြိတ္တာဘဝသို့ ရောက်နေရ သည်။

နှမြောဝန်တို၍ သဒ္ဓါတတရား နည်းပါး၍ ဖြစ်ရသော အရိုး အသားမရှိ၊ အရေခွံတို့သာ ဖုံးအုပ်လျက်ရှိပါသော ပြိတ္တာ ဖြစ်သို့ ရောက်ခဲ့ရပါသည်။

ကျွန်ုပ်သည် သဒ္ဓါတရားကင်းကွာလျက် အကုသလာ စေတနာ ကြောင့် ဆာလောင်ပူပြင်း သွေးသားကင်းပြီး လွန်စွာမှပင် မောပန်း နွမ်းနယ်နေပါသည်။

အဆာပြေပျောက်စေရန် တစ်ခုသောမျှော်လင့်ချက်နှင့် လာခဲ့ သည် အရှင်မင်းကြီး၊

အလှူဒါန အကျိုးတရားကြောင့် နောင်ဖြစ်လေရာဘဝတိုင်းမှာ ကောင်းမှုအကျိုးကို ခံစားရသည်ဟူ၍ မယုံကြည်သူ လမ်းမှား လိုက်ကြသူများ ကျွန်ုပ်ပြိတ္တာဖြစ်သကဲ့သို့ သူတို့လည်း မုချခံစား ကြရပါလိမ့်မည်၊

အရှင်မင်းကြီး ကျွန်ုပ်သေလွန်ပြီးနောက် ပြိတ္တာဘဝသို့ ရောက်နေသည်ကို "အန္ဓကဝိန္ဒမြို့"မှာနေသည့် သမီးသိသွားသည့် အတွက် သေလွန်ပြီးတဲ့ ဖိတဘိုးဘွားတို့ကို အလှူပေး ဒါနကောင်းမှု ပြုလုပ်ရန် စိတ်ကြားသည့်အတွက် ကောင်းကင်ခရီးဖြင့် ရောက်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြစ်သည်"

ဟူ၍ အဇာတသတ်မင်းကြီးအား လျှောက်ထားလေသည်။

"အိုအဆွေ၊ ကောင်းပါပြီ၊ သင့်ရဲ့သမီးလေးလှူတဲ့ အလှူဒါန်းကို ခံစားသုံးဆောင်ပြီး ပြန်ခဲ့ပါ၊ အသင်ရဲ့ သမီးအလှူအကြောင်းစုံကိုလည်း ပြန်ကြားပြောပြပါ၊

အသင်ပြန်ရောက်လာပါက ကျွန်ုပ်ကလည်း သင့်အား တတ်စွမ်းသမျှ ပေးကမ်းလှူဒါန်းပါမည်"

ဟူ၍ မင်းကြီးက ထိုပြိတ္တာအား မှာကြားလိုက်သည်။

"မင်းကြီး အသင်မှာသည့်အတိုင်း သမီးရဲ့အလှူက ပြန်ရောက်ပါက အကျိုးအကြောင်း ပြန်လျှောက်တင်ပါမည်"

ဟူ၍ ဇာင်လျှောက်ပြီးသကာလ ထိုပြိတ္တာသည် ကောင်းကင်ခရီးမှ 'အနုကဝိန္ဒမြို့'သို့ ထွက်ခွာသွားလေတော့သည်။

ထိုအချိန် ဘဝဟောင်းမှ သမီးတော်ခဲ့သူ "အနုလာ"သည် ခင်ပွန်းသည်နှင့်အတူ ဖခင်ကိုရည်စူးပြီး ပုဏ္ဏားများအား ကျွေးမွေးရန် ချက်ပြုတ်စီမံနေသည်။

နံနက်မိုးလင်းသို့ ရောက်သောအခါ သမီး 'အနုလာ'နှင့် ခင်ပွန်းတို့သည် ကြွရောက်လာသော ပုဏ္ဏားတို့အား တမလွန်ရောက် ဖခင်အား ရည်စူး၍ လှူဒါန်းကျွေးမွေးသည်။





အကျွေးအမွေးတို့နှင့် အလှူက စည်ကားလှသည်။ အယုတ်အလတ်အမြတ်မရွေး လာရောက်သမျှ လှူဒါန်းကျွေးမွေးခဲ့သည်။

ကျွေးမွေးလှူဒါန်းမှုကို ခံယူကြသော ပုဏ္ဏားများသည် သီလမဲ့သော ဒုသီလများသာဖြစ်သောကြောင့် 'ဝုဋ္ဌသေဋ္ဌိ' တစ်ဖြစ်လဲ ပြိတ္တာလည်း အလှူအကျိုးလည်းမရ၊ အစားအသောက်လည်း စားသုံးရခြင်းမရှိ၊ ကုသိုလ်အဖို့ဘာဂလည်းမရရှိဘဲ၊ လာရာလမ်းသို့ ပြန်ခဲ့ရသည်။

ပြိတ္တာသည် မစားမသောက်ရသဖြင့် ပင်ပန်းနွမ်းနယ်နေသည့် စိတ်မှာ အားငယ်နေသည်။

ဒါပေမဲ့ ထိုပြိတ္တာသည် အပြန်၌ ကတိရှိထားသည့်အတိုင်း အဇာတသတ်မင်းထံ ဝင်ခဲ့သည်။

ပြိတ္တာလည်း အဇာတသတ်မင်းနှင့် တွေ့ရပြီး အဇာတသတ်မင်းက လိုက်လှဲပျူငှာစွာနှင့် ...

"အဆွေ သင်ပြန်လာခဲ့ပြီလား၊ သင့်ရဲ့သမီးကျွေးသည့် အစားအစာရတို့အား သင်ခံစားခဲ့ရ...လား"

ဟူ၍ အဇာတသတ်က ပြိတ္တာအားမေးခဲ့သည်။

"အရှင်မင်းကြီး ကျွန်ုပ်ရဲ့ အဖြစ်တား ပေးသူကပေးသည် ကျွန်ုပ်မခံစားရပါ။


www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့အလှူမှာ စားသောက်ဖွယ်ရာ ဂုံလင်လှသော်လည် ပုဏ္ဏားနှင့်ကြွရောက်လာသူများသာ စားရပြီး ကျွန်ုပ်ကား မ ခဲ့ရပါ"

"အလှူ အဖို့ဘာဂကော အမျှရခဲ့ပါ၏လော"

"မရခဲ့ပါ ဘာမှမရခဲ့ပါ အရှင်မင်းကြီး"

ထိုစကား ကြားရသောအခါ အဇာတသတ်မင်းသည် ပြိတ္တာအ ကြည့်ပြီး စိတ်မကောင်းဖြစ်သွားခဲ့ရသည်။

သို့ကြောင့် အဇာတသတ်မင်းကြီးက ...

"အဆွေ၊ စိတ်မကောင်းမဖြစ်နှင့် သင်လိုရာကိုပြောပါ။ ကျွ ဆောင်ရွက်ပေးပါမည်"

ထိုစကား ကြားသောအခါ ပြိတ္တာက အားတက်သွား မင်းကြီးအား သွက်လက်စွာဖြင့် ...

"အသင်မင်းကြီး ... ကျွန်ုပ်အတွက် ကူညီပေးမည်ဆိုပါ ဘုရားအမှူးရှိသည့် သံဃာတော်များအား ပင့်ဖိတ်ပြီး၊ ဆွမ်းဘော အဖျော်ယမကာ၊ ရိုချည်ရသာတို့ဖြင့် လှူဒါန်းကျွေးမွေးပြီး သင် တို့အား လှူဒါန်းပေးပြီး အမျှပေးဝေပါ"

"ဤသို့ ပြုလုပ်ပေးရုံဖြင့် သင့်အတွက် အကျိုးထူးပါမည် လား"





"ထူးပါသည် အရှင်မင်းမြတ် ... သူတော်ကောင်း၊ သူတော်မြတ်တို့ကို အလှူဒါနပြုပေးပြီး၍ အလှူအဖို့ဘာဂ အမျှရလျှင် အစာရေစာ ပြည့်စုံပြီး ချမ်းသာမှုရပါလိမ့်မည်"

"ကောင်းပြီ ... ဤသို့ဆိုလျှင် နံနက်မိုးသောက် အလင်းရောက်လျှင် ကျွန်ုပ်ဖြစ်အောင် ဆောင်ရွက်ပေးပါမည်၊ အသင် ဤပတ်ဝန်းကျင်မှာ သင့်တော်သလိုနေပြီး ကျွန်ုပ်အလှူကို သာဓုခေါ်နိုင်အောင် စောင့်ပါ"

"ကျွန်တော်မျိုး မျှော်လင့်စောင့်စားနေပါ့မယ် အရှင်မင်းကြီး"

သို့ဖြင့် အဇာတသတ်မင်းသည် ပြိတ္တာအား ကူညီရန်ဝန်ခံပြီး နောက် နံနက်မိုးသောက်သည့် အချိန်သို့ စောင့်ခဲ့သည်။

နံနက်မိုးသောက်၍ အလင်းရောက်သည်နှင့် အဇာတသတ် မင်းကြီးသည် အလှူအတွက်စီစဉ်ပြီး ဘုရားရှင်နှင့်တကွ သံဃာ တော်တို့အား ဆွမ်းသင်္ကန်း အလှူပေးကာ ဘုရားရှင်အား ပြိတ္တာ အကြောင်း လျှောက်ထားခဲ့လေသည်။

သို့ကြောင့် ဘုရားရှင်လည်း ပြိတ္တာအား ရည်မှတ်သည့် အလှူပေးတရားကို ဟောကြားပေးသည်။

အဇာတသတ်မင်းကြီးကလည်း အလှူ၏အဖို့ဘာဂကို ပြိတ္တာ ကြီးအား ရည်မှန်း၍ အမျှဝေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာကြီးလည်း ဝမ်းမြောက်ဝမ်းသာ သာခုခေါ်လိုက်သည်။

သာခုခေါ်လိုက်ပြီးသည့်နောက် မကြာခင်မှာပင် ပြိတ္တာဘဝမှ လွတ်ကျွတ်ပြီး နတ်စည်းစိမ်ကို ချက်ချင်းခံစားခဲ့ရသည်။

ပြိတ္တာဘဝမှ ဤကဲ့သို့ နတ်စည်းစိမ်ကို ခံစားရခြင်းသည် အဇာတသတ်မင်း၏ ကျေးဇူးကြောင့်ဟု သိသည်။ ထို့ကြောင့် အဇာတသတ်မင်းရှေ့၌ ကိုယ်ထင်ပြပြီး …

"အရှင်မင်းမြတ် သင်ပြုခဲ့သည့် ကုသိုလ်အဖို့ဘာဂကြောင့် ကျွန်ုပ်သည် နတ်စည်းစိမ်နှင့် နတ်၌ဖြစ်သော ဘောဇဉ်ကို ခံစားရပြီး ထိုမျှမက ကျွန်ုပ်၏ ရုပ်ရည်ရူပကာသည်လည်း ပြည့်ပြည့်ဖြိုးဖြိုးဖြင့် တင့်တယ်ခြင်းနဲ့ ပြည့်စုံခဲ့ပြီ၊

အရှင်မင်းမြတ် မြတ်စွာဘုရားအရှင်နှင့်တကွ မွန်မြတ်သော ရဟန္တာ သံဃာတော်အပေါင်းတို့အား ပေးလှူ၍ ရအပ်သော အကျိုးကျေးဇူးက တုပဖွယ်ရာမရှိပါ အရှင်မင်းကြီး"

ဟူ၍ ပြောဆိုပြီး သကာလ …

"အရှင်မင်းကြီးရဲ့ ကျေးဇူးတရားသည် အလွန်ပင် ကြီးမားလှပါသည်"

ဟူ၍ ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်စကားဆိုကာ နတ်ပြည်သို့ ပြန်သွားလေတော့သည်။





ပြိတ္တာဘဝမှသည် နတ်သားအဖြစ်သို့ ချက်ချင်းလက်ငင်း ပြောင်းလဲသွားသည်ကို မျက်မှောက်မြင်လိုက်ရသည့်အတွက် အဇာတသတ်မင်းကြီးလည်း ကြည်နူးပီတိဖုံး၍ ပြုံးလျက် ကျန်ရစ်ခဲ့တော့သည်။

(ရှုဥသောင်ပေတဝတ္ထု)

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# ဆုတောင်းများ၏ ပြိတ္တာဖြစ်ခဲ့ရသူ

သုတတစ်ယောက် အလုပ်အကိုင် အဆင်မပြေသဖြင့် မြစ်တစ်လျှောက် လျှောက်လာနေသည်။

ဒီနေ့ သူဌေးကြီးထံမှာ အလုပ်သွားလုပ်ပေးနေရာက အလ... စောစောပြီးသွားသဖြင့် သူဌေးအိမ်မှ ပြန်လာခဲ့ခြင်းဖြစ်သည်။

ဂင်္ဂါမြစ်တစ်လျှောက် လျှောက်လှမ်းခဲ့ရာ ရေချိုးဆိပ်အနီး... ရောက်လာခဲ့သည်။

ညနေပိုင်းလည်းဖြစ် ရေချိုးဆိပ်မှာ လူကလည်းများသ... အတွက်ကြောင့် ဆက်လျှောက်ချင်စိတ် မရှိသဖြင့် သစ်ပင်... ကောင်းကောင်းမှာ ခဏ အညောင်းအညာဖြေရန် စိတ်ကူးမိလို... သည်။





သို့အတွက်ကြောင့် ကုက္ကိုပင် သစ်မြစ်ဆုံပေါ်တွင် ထက်ထိုင်လိုက်သည်။

ညနေပိုင်းဖြစ်သော်လည်း နေအပူရှိန်က မပျောက်သေးဖြစ်၏။ မျက်နှာပေါ်တိုက်ခတ်လာသော လေပြေနုနုလေးများကို သုတတစ်ယောက် တရှိုက်မက်မက် ရှူနေမိသည်။

လှိုင်းကြက်ခွပ်လေးများကလည်း တလိပ်လိပ် ရိုက်ခတ်နေကြသည်။

ထိုစဉ် သုတမျက်လုံးက သစ်ပင်အမြစ်တစ်ခုနားသို့ မျက်လုံးရောက်သွားသည်။

"အလို သစ်မြစ်နဲ့ ငြိနေတာ ဘာအသီးပါလိမ့်"

ရှုစမ်းလိုသည့်စိတ်နှင့် သစ်မြစ်ကိုတွယ်ပြီး သစ်မြစ်နှင့် ငြိကပ်နေသော အသီးကို မြစ်ရေမျက်နှာပြင်အထက်ဆီမှ လှမ်းယူလိုက်သည်။

"ဟာ ... မွှေးကြိုင်နေပါလား ဘာအသီးပါလိမ့်"

သုတ သေသေချာချာကြည့်သည်။

"သရက်သီးပဲဖြစ်မယ်၊

ငါတို့အရပ်ဒေသမှာ ဒီလိုသရက်သီးမျိုး တစ်ခါမှမမြင်ဖူးဘူး။ အရောင်က ဝင်းဝါပြီး တစ်ပိုင်းက ရဲရဲနီနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်ထူးဆန်းတဲ့ သရက်သီးပဲ၊

ဒါ ဘယ်က မျောပါလာတဲ့ သရက်သီးလဲမသိဘူး၊

မွှေးတာကလည်း အလွန်ပဲ ... စားရင် တော်တော်အရသာ ရှိမယ်၊

ငါ အခုစားပစ်လိုက်လို့မဖြစ်ဘူး၊ အလွန်အရသာကောင်း အသီးဆို ဒီတစ်လုံးထဲနဲ့ ပြီးသွားမယ်။ ဒီလိုအသီးမျိုး ထပ်ပြ စားနိုင်အောင် ကြံဆောင်ရမယ်”

သူ၏ အကြံအစည်ကို အကောင်အထည်ဖော်ရန် ရေထဲက ရသော သရက်သီးကို မည်သူမျှ မမြင်အောင်ဖွက်ပြီး အသိမိတ်ဆွေ တစ်ယောက်အိမ်သို့ ထွက်ခဲ့သည်။

သူရှာတွေ့လိုသူက တောတောင်တစ်ခွင် လှည့်ပတ်သားကော ရှာ ပစ်ခတ်ဖမ်းဆီးနေသော မုဆိုးတစ်ယောက်ဖြစ်သည်။

မုဆိုးကြီးအိမ်သို့ သူတာရောက်သွားတော့ မုဆိုးကြီး ပြန် မရောက်သေးသဖြင့် ခေတ္တမျှထိုင်ကာ စောင့်နေလိုက်သည်။

ညနေမှောင်ရီသန်းမှ မုဆိုးကြီး ပြန်ရောက်လာသည်။

“မိတ်ဆွေ မတွေ့တာတောင်ကြာပြီ၊ အသားဝယ်မလို့ လာ စောင့်နေတာလား”

“အသားဝယ်မလို့ မဟုတ်ဘူး၊ ထူးဆန်းတဲ့ အသီးတစ်လုံး





သို့ စုံစမ်းချင်လို့လာခဲ့တာ”

“မုဆိုး လုပ်စားတဲ့သူဆိုတော့၊ အသီးမျိုးစုံအကြောင်း မေး ား၊ တောတိရစ္ဆာန်အကြောင်းတွေပဲ မေးမလား၊ ကျုပ်မသိတာ သလောက်ဘဲ၊

ကဲ ... ကျုပ်ကို ဘယ်လိုအသီးမျိုး မေးမြန်းစုံစမ်းချင်တာလဲ”

“ခင်ဗျားက တောတောင်အနှံ့ သားကောင်ရှာနေတာဆိုတော့ သ်နေရာမှာ၊ ဘာအပင်ပေါက်တယ်၊ ဘယ်သစ်ပင်မျိုးဆိုတာ မှာပေါ့”

“အင်း ကျုပ်သိတာရှိသလို၊ မသိတာလည်း ရှိနိုင်တာပေါ့။ ားက ဘာသိချင်တာလဲ ပြောမှဖြစ်မှာပေါ့”

သူတာလည်း သူ၏ပုဆိုးစအတွင်းမှာ ကွယ်ဝှက်ယူလာသော ရက်သီးကို ထုတ်ပြလိုက်သည်။

မုဆိုးကြီးလည်း သရက်သီးကို မြင်လိုက်သည်နှင့် ...

“ဟာ ဗန္ဓုရ သရက်မျိုးပဲ၊

ဒီအသီးက လူနေဒေသမှာမရှိဘူး၊ မိတ်ဆွေ ဘယ်က ရတာ

ဒီအသီးက ကြွေကျဖို့လည်း အကြောင်းမရှိဘူး၊

ဘယ်က ရလာတာလဲ”

“ဂင်္ဂါမြစ်ထဲမှာ မျောလာတာတွေ့လို့ ဆယ်လာခဲ့တာ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ခင်ဗျားနဲ့ ထိုက်လို့ရတာလို့မှတ် ဒီအသီးမျိုးက မြစ်ထဲ လည်း ကျခဲ့တယ်၊

တော်ရုံလူရဖို့ မလွယ်ဘူး"

"ကျုပ် သိချင်တာက ဒီသရက်မျိုး ဘယ်မှာပေါက်ထဲ သိချင်လို့လာခဲ့တာ"

"အင်း ဘယ်မှာပေါက်လည်းဆိုတာ လမ်းညွှန်နိုင်ပါတယ် ကျုပ်သိလည်း သိပါတယ်၊ ဒါပေမဲ့ သွားဖို့မလွယ်ဘူးဗျ"

"အိုဗျာ ဘယ်မှာပေါက်တယ်ဆိုတာသာ ပြောပါ"

"ခင်ဗျား ... ဘာလုပ်မလို့လဲ ... သွားမလို့လား၊

စိတ်ကူးမယဉ်ပါနဲ့ မိတ်ဆွေ၊ ဒီသရက်မျိုးဟာ ဟိမဝန္တာ တောင်စဉ် တောတန်းမှာ ပေါက်တယ်၊

ဒီဂင်္ဂါမြစ်ရဲ့ အထက်ပိုင်း ဟိမဝန္တာတောင်စောင်းမှာ ဒီသရက် မျိုးတွေရှိတယ်၊

ကျုပ်လည်း ခပ်ငယ်ငယ်ကတစ်ခေါက် မြစ်ကြောင်းအတိုင်း သွားရင်း ရောက်ဖူးတာ၊ အပင်က အမြင့်ကြီးဆိုတော့ မြင်သာ မြင်ဖူးတယ် မစားခဲ့ရပါဘူး"

"အင်း ... ဒီလောက်သိရရင် ကျေနပ်ပါပြီ ကျွန်တော်ပြန် လိုက်ဦးမယ်"





"တော့... တော့ မင်းသရက်သီးကို ဘယ်တော့စားမလဲ ပြောသွားစမ်းပါဦးကွ"

"စားတော့စားမယ် အခုတော့ မစားသေးဘူး"

သူတလည်း သရက်သီးကို ဝေမျှမစားလိုသဖြင့် မုဆိုးကြီး အိမ်မှ ခပ်သွက်သွက်ထွက်ခဲ့သည်။

*******

ထို့နောက် သူတ ဆုံးဖြတ်ချက်ချလိုက်သည်။

ဗန္ဓုရ သရက်သီး ပေါက်ရောက်ရာဒေသသို့ မရောက်ရောက် အောင်သွားမည်။

ရိက္ခာများ စုဆောင်းပြီး ခရီးထွက်ခဲ့သည်။

သူ့ပါလာသော ရိက္ခာတွေလည်း ကုန်ပြီ။

လမ်းမှာတွေ့သော အသီးအနှံ သစ်ဥတို့ကို ရှာဖွေစားသုံးပြီး ခရီးဆက်ခဲ့သည်။

မလျှော့သော လုံ့လနှင့် ရက်ပေါင်းများစွာ ကြာသောအခါ သရက်သီး၏ ဇာတိနေရာဒေသသို့ ရောက်လာတော့သည်။

သူ့ပင်ပန်းသမျှ အမောအပန်းတို့ ပြေသွားသည်၊

ပင်လုံးညွတ်မျှ သီးမှည့်နေသော သရက်သီးများကို တွေ့လိုက် သည်။ လေထဲမှာ မွှေးကြိုင်နေသော သရက်သီးမှည့်ရနံ့က သူတကို



www.burmeseclassic.com

www.burmeseclassic.com



မြူထွယ်သမှု ပြုနေသည်။

အပင်အောက်များမှာ တစ်လုံးမှပင်ရှာမတွေ့၊ အပင်ပေါ်[illegible]

တက်ခူးရန်လည်း လွယ်မည့်ပုံမပေါ်။

ပင်စည်တို့က ချောင့်စင်းတာ မြင့်မားစွာပေါက်ရောက်နေသည့်အတွက် ကျွမ်းကျင်သူများပင် တက်ခူးရန်မလွယ်။

"လှလိုက်တာ၊ ရဲတဲ့အလုံးကရဲ၊ ဝါတဲ့အလုံးကဝါ၊ အနီအဝါရောယှက်နေတဲ့ အလုံးတွေရော မွှေးကြိုင်နေတာပဲ"

သရက်သီးမွှေးရနံ့ကို ရှူရှိုက်မိရုံနှင့် ပင်ပန်းသမျှ ပြေပျောက်သွားရသည်။

သူ သရက်တောအုပ်အတွင်းမှ အပြင်သို့ ထွက်လိုက်သည်နှင့် အတော်လှမ်းလှမ်းမှာ ဖြိုးဖြိုးဖြက်ဖြက် အရောင်တွေထွက်နေသော မိမာန်ပြာသာဒ်တစ်ဆောင်ကို လှမ်းမြင်လိုက်သည်။

"ဟာ … ရွှေရောင်ဝင်းဝင်းနဲ့ မိမာန်ပြာသာဒ်တစ်ဆောင်ပါလား။ တန်ခိုးရှိတဲ့နတ်သားနေရာလား၊

ရက္ခစိုး နတ်မင်းနေရာလား၊ ဒီသရက်တောစောင့်တဲ့ လူပုဂ္ဂိုလ် နေရာလား မသိဘူး"

သူတာလည်း စူးစမ်းလိုစိတ်နှင့် အနီးသို့ရောက်သွားမိလိုက်သည်။



"မိမာန် [illegible]ရောက်ခင် ပန်းခြံကြီးရှိနေတာပါလား။ လှလိုက်တဲ့[illegible]တွေ သစ်ခွတွေလည်း စုံနေတာပဲ"

ပန်းခြံအလယ်မှာလည်း ရေပန်းများဖြင့် တန်ဆာဆင်ထားသော [illegible]န်ငယ်တစ်ခုကို တွေ့လိုက်ရပြန်သည်။

သူတာတစ်ယောက် ပန်းပင်တွေကြားမှာ လျှောက်သွားနေမိ[illegible]ည်၊ စောစောက မိမာန်ကို မေ့သွားသည်။

ထိုစဉ် သူ့အနီးမှာ ပန်းရနံ့ထက်သာလွန်သော မွှေးရနံ့[illegible]မျိုးကို ရလိုက်သဖြင့် အနီးဝန်းကျင်သို့ လှည့်ပတ်ရှာကြည့်[illegible]တ်သည်။

"တင်"

သူ့မျက်လုံး သူမယုံနိုင်ဖြစ်သွားသည်။

နတ်မိမယ်တစ်ပါး သူ့အနီးမှာ ရပ်နေသည်။

"သင်က ရွှေအဆင်းနှယ် … လှပသော ကိုယ်ရှိသည်။ [illegible]ဆင်တန်ဆာတို့ကလည်း တောက်ပလွန်းလှသည် သင်တာယ်သူ[illegible]သနည်း"

"ကျွန်ုပ်က ဒီမိမာန်ရှင်တစ်ယောက် ဖြစ်ပေတယ်"

"သင်တစ်ယောက်တည်း ဒီမှာရှိနေတာလား"

"ဟုတ်ပါတယ် တစ်ယောက်တည်းဖြစ်နေလို့ ငြီးငွေ့[illegible]ရှင်





www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရောက်လာရန် မျှော်နေသူဖြစ်ပါတယ်"

"တောထဲကို ဘယ်သူက ရောက်လာမှာလဲ"

"အသင်လူသား ရောက်လာပြီမဟုတ်လား"

"အကျွန်ုပ်ကား သရက်သီးကို လာရှာခြင်းဖြစ်သည်"

"အဲဒီသရက်သီးကို ကျွန်ုပ်အဓိဋ္ဌာန်ပြု၍ ရေမှာမျှောလိုက်ခြင်းပါ။ အသင်လူသားတွေ့၍ ရောက်လာခြင်းဖြစ်ရမည်၊

ကျွန်ုပ် ဘာကြောင့် ရေမှာမျှောလိုက်သည်ကို ပြောပြပါမည်

မိမာန်ရှင် နတ်ပြိတ္တာမလည်း လုလင်အား အကျိုးအကြောင်း ပြောပြသည်။

သူမိမာန်မှာ တစ်ယောက်တည်းနေကာ စည်းစိမ်ခံစားနေသည်မှာ ကြာပြီ။ သည်အခါ အစဉ်အလာ မွေတာအတိုင်း ပြီးငွေ့သည်။

အဖော်နှင့် နေလိုလာသည်။

ပြိတ္တာမ၏ ရင်ထဲ၌ အချစ်စိတ်ဖြစ်ပေါ်လာသည်။

"ဒါတာ ယောကျာ်းပျိုတစ်ယောက်ရဲ့ ယုယမှု ပိုက်ထွေးမှု ခံယူချင်တဲ့ စိတ်တွေဖြစ်ပေါ်လာပါလား"

မိမာန်ရှင် ပြိတ္တာမသည် ယောကျာ်းသားတစ်ယောက်နှင့် တွေ့အတူပေါင်းသင်းနေထိုင်ရန် ဆန္ဒများ တစ်စတစ်စ ဖြစ်ပေါ်





တော့သည်။

ထိုစိတ်ဆန္ဒကို မတွန်းလှန် မဖယ်ရှားနိုင်တော့သည့်အတွက် နတ်တို့၌ဖြစ်သည့် သရက်သီးတစ်လုံးအား ခူးဆွတ်ပြီး ...

"ငါနှင့် ဖူးစာပါသူသာရရန်၊ မထိုက်သူ ဤသရက်သီးကို မရစေသတည်းလို့ အဓိဋ္ဌာန်ပြုပြီး ရေမှာမျှောလိုက်တာပါ"

"ဤသို့ဆိုလျှင် ဤကျွန်ုပ်ရခဲ့သော သရက်သီးက သင်မျှောလိုက်သော သရက်သီးပေါ့ ဟုတ်လား"

"သရက်သီးကို စားလိုက်ပြီပေါ့ ... ဗန္ဓုရသရက်သီးဆိုတာ သင်တို့လို လူသားတွေ ရရှိဖို့၊ စားရဖို့ မဖြစ်နိုင်ပါ။ စားထိုက်သူသာ စားသုံးရတာပါ၊ သင်ရရှိခဲ့သော သရက်သီးက ကျွန်ုပ်မျှောလိုက်သော သရက်သီးကလွဲပြီး အခြားသရက်သီး မဖြစ်နိုင်ပါ"

"သရက်သီး ပေါက်ရောက်တဲ့ နေရာကို စုံစမ်းသိရှိပြီးသည်နှင့် သရက်သီးကို စားလိုက်ပါသည်။ သရက်သီးကို စားသုံးပြီးသည်နှင့် အားအင်တွေပြည့်လာပါတယ်၊

သရက်သီးကပေးသော ခွန်အားနှင့် ဒီနေရာအထိ အခက်အခဲမရှိ လာနိုင်ခဲ့ပါသည်၊"

"ကျွန်ုပ်ကလည်း ဖူးစာရှင်ဖြစ်မည့်သူသာ ရစေသတည်းတု



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ချွန်နှင့် မျှောလိုက်ခြင်းဖြစ်သည့်အတွက် ဖူးစာရှင်မှန်၍ သင်ရောက်လာခြင်းဖြစ်ပေသည်၊

ဒါကြောင့် သင်သည် ကျွန်ုပ်၏ ဖူးစာဖက် အမှန်ဖြစ်သည်”ဟု ဆိုကာ လုလင်ပျိုသုတအား မိမာန်သို့ ခေါ်ဆောင်သွားသည်။

သုတလည်း နတ်သမီးနောက်မှ လိုက်သွားခဲ့သည်။

အံ့လည်း အံ့ဩနေမိသည်။

လှသောအဆင်းနှင့် ဆန်းကြယ်သည့် ဘုံဗိမာန်ကို တွေ့သည့်အခါ သုတ များစွာအံ့ဩနေမိသည်။

စိတ်ထဲမှလည်း သူ့ကိုယ်သူ အထင်ကြီးနေမိသည်။

သူ့ဘဝမှာ ချော့ရှင်းလှပသော နတ်မိမယ်လေးနှင့် ဆုံတွေ့ရမည်ဟု လုံးဝမမျှော်လင့်ခဲ့။

“ကဲ... ခရီးပန်းလာတယ် မဟုတ်လား။ ဒီသလွန်မှာ ထိုင်ပြီး ချိုမြိန်တဲ့ သစ်သီးတွေ စားသုံးပါ။ ပြီးမှ စကားစမည်ပြောကြတာပေါ့”

သုတလည်း ဘုံဗိမာန်ရှင် မိန်းကလေးက စားခွင့်ပြုလိုက်သည်နှင့် သစ်သီးသစ်ဥများကို ယူစားလိုက်သည်။

အလွန်မှ ချိုမွှေးအရသာရှိလှသည်။

ပေါ်ကိုက်မျှ ကိုက်လိုက်သည်နှင့် ခွန်အားတွေ ပြည့်ဝသွား





သကဲ့သို့ ခံစားလိုက်ရသည်။

“အင်း ... စားလို့ဝပြီ”

“ကျွန်ုပ်ရဲ့ ဆန္ဒကိုလည်း အသင့်ကို ဖွင့်ဟပြောလိုပါသည်”

“ပြောပါအမောင် အသင့်ရဲ့စကားကြားလိုပါသည်”

“သင်က လှပသလို တင့်တယ်ပြည့်စုံသူဖြစ်သည်။ သင့်အား ချစ်ခင်မိသည်၊ နှိုးမြတ်နိုးချစ်ခင်မိသည်၊

သင်နှင့် လက်ဆက်၍ ဤဗိမာန်မှာ အသင်နှင့်အတူ နေခွင့်ပြုပါ”

ထိုအခါ ဗိမာန်ရှင် ပြိတ္တာမက၊ သုတ၏ စကားကို နားထောင်ပြီး လှပစွာ ပြုံးလိုက်သည်။

“အသင်လုလင် သင် ... ငါနှင့်အတူတကွ၊ နေထိုင်လိုစိတ် အမှန်ရှိသလော”

“မလိမ်မညာပါ။ သင့်ရဲ့အလှ၊ သင့်ရဲ့အပြောအဆို အမူအရာတို့ မြင်ကတည်းက စိတ်ဝင်စားနှစ်သက်မိတာ အမှန်ပါ။ ဒါကြောင့် သင်နဲ့ အမြန်ပေါင်းဖက်နေလိုစိတ် ဖြစ်ပေါ်မိပါသည်”

“သင် လုလင်ရဲ့ သဘောထားသိရပါပြီ၊ အသင် ကျွန်ုပ်နှင့် အတူနေ၍ မရသေးပါ”

“ဘာကြောင့် နေခွင့်မရပါလဲ”



www.burmeseclassic.com

www.burmeseclassic.com



"သင်က လူသားစင်စစ် ဖြစ်ပေတယ်၊ အကျွန်ုပ်က နတ်ပြိတ္တာမျိုးဖြစ်သည့်အတွက် ဘယ်လိုမှ အတူတကွ ပေါင်းဖက်နေလို့ မရပါ"

"အဲဒီ ပေါင်းဖက်နေခွင့်ရအောင် ဘယ်လိုလုပ်ရပါမည်လဲ"

"အသင် ကျွန်ုပ်ကို ချစ်မြတ်နိုးလို့ အတူတကွ နေလိုသည် ဆိုပါလျှင် သင်က လူ့ပြည်ပြန်ပြီး ငါ့အတွက် ရည်စူး၍ ကုသိုလ် ကောင်းမှုပြုပါ၊

ကုသိုလ်ကောင်းမှုပြုတိုင်း ငါ့ထံသို့ ရောက်ရန် ငါနှင့်ပေါင်းဖက်နိုင်ရန် ဆုတောင်းပါ"

"ဤသို့ဆိုလျှင် ပေါင်းဖက်နေခွင့်ရပါမည်လား"

"အမှန်တကယ် ပေါင်းဖက်နေခွင့်ရပါလိမ့်မယ်"

"အဲဒီလျှင် လူ့ပြည်မှာ ကောင်းမှုလုပ်တိုင်း သင်နှင့်အတူတကွ ပေါင်းဖက်နေနိုင်ရန်သာ တောင်းဆုပြုပါမည်"

"သင် ဆန္ဒအမှန်နှင့် ဆုတောင်းခဲ့ပါလျှင် မကြာခင်မှာပင် သင် ကျွန်ုပ်ထံ ရောက်လာမည်မှာ အမှန်ဖြစ်ပါသည်"

လုလင်ပျိုသုတလည်း မိမာန်ရှင် ပြိတ္တာမ၏ စကားကြောင့် ကြည်နူးဝမ်းမြောက်မှု ဖြစ်ပေါ်ခဲ့သည်။

လွန်စွာမှပင် ကျေနပ်ခဲ့သည်။





လုလင်၏ ကတိစကားကို ကြားသလို မိမာန်ရှင်ပြိတ္တာမသည်း စောင့်နေပါမည်ဟု ဆိုကာ နတ်တို့တန်ခိုးဖြင့် လူ့ပြည်ပြီ့ အမြန်ရောက်အောင် ပို့လိုက်လေသည်။

*******

သုတလည်း မိမာန်ရှင် ပြိတ္တာမထံက ပြန်ရောက်ပြီးသည်နှင့် အမှန်တကယ်ပင် မိမာန်ရှင် ပြိတ္တာမအား နှစ်သက်မြတ်နိုးမိသဖြင့် ကုသိုလ်ကောင်းမှု များများလုပ်သည်။

ကုသိုလ်လုပ်ပြီး ဆုတောင်းသည့်အခါတိုင်း မိမာန်ရှင်နှင့် ပေါင်းဖက်ရပါလို၏ဟု ဆုတောင်းလေသည်။

အကြိမ်ကြိမ်အခါခါပင် ကုသိုလ်လုပ်တိုင်း အချစ်အတွက် ရည်စူးပြီး လုပ်ခဲ့သည်။

ဆုတောင်းသည့်အခါတိုင်းလည်း မိမာန်ရှင်နှင့်သာ ပေါင်းဖက်ရပါလို၏ဟု ဆုတောင်းခဲ့သည်။

ဤသို့ဖြင့် လုလင်သုတသည် လူ့သက်တမ်းကုန်၍ သေလွန်သောအခါ ...

သူပြုခဲ့သည့် ကုသိုလ်ကောင်းမှုအားလုံး ဆုတောင်းခြင်း မှန်ခဲ့ပြီး ကောင်းရာဘုံ ကောင်းရာသုဂတိသို့ ရောက်နိုင်ပါသော်လည်း၊



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ဆုတောင်းကား မှားခဲ့သည်မဟုတ်ပါလား။

သူ၏ဆန္ဒကို ရှေ့တန်းတင်ပြီး အချစ်အတွက် တောင်းဆု ခဲ့သည်။

ဗိမာန်ရှင်နှင့် ပေါင်းရပါစေတု ဆိုခဲ့သည့်အတိုင်း သေလွန်သည် နှင့် ဗိမာန်ရှင် ပြိတ္တာမထံရောက်ရှိပြီး အတူတကွ ပေါင်းသင်းနေ ခဲ့ရသည်။

အချစ်နှင့်အတူ ပျော်ပျော်ကြီး စံစားသည်။

အချစ်၏ အရသာကို သုခဘုံအလားထင်မှတ်နေပြီး ထိုလု သည် ဗိမာန်မှာ ကြာမြင့်စွာ ကာလပတ်လုံး စိတ်စည်းစိမ်ချမ်းသာ အဖြာဖြာကို စံစားပြီး နေထိုင်ခဲ့ကြသည်။

ကျေနပ်ပျော်ရွှင်မဆုံး၊ တပြုံးပြုံးရှိခဲ့သည်။

ယခင်က တစ်ဦးတည်း အဖော်မဲ့စွာ နေခဲ့ရသော ဗိမာန်ရှ ပြိတ္တာမမှာ ယခု ချစ်ရသူနှင့်အတူတကွ နေကြရပြီဆိုတော့ သူတို့ ပျော်ရွှင်မှုက ဘယ်အရာနှင့်မှ မနှိုင်းသာပါလေတော့။

ထိုသို့ ဗိမာန်ရှင် ပြိတ္တာမနှင့် နှစ်လရှည်စွာ ပျော်ပျော်ကြီး စံနေရာမှ လုလင်ပျိုလည်း လူ့ဘဝက ပြုခဲ့သော ကောင်းမှုကုသိုလ် သက်တမ်းကုန်သွားသည့်တစ်နေ့ ထိုဘဝမှ စုတေခဲ့ရပြန်သည်။

ဗိမာန်ရှင် နတ်ပြိတ္တာမကမူ ပြုခဲ့သည့် အကုသိုလ်ဆက်



တကုန်ခန်းသေးသည့်အတွက် ထိုဗိမာန်မှာပင် တစ်ကိုယ်တည်း ဆက်လက်နေထိုင်ခဲ့ရပြန်သည်။

ထိုဗိမာန်ရှင် နေခဲ့ရသော သက်တမ်းကာလက ကဿပ ဘုရားရှင်ပွင့်တော်မူသော အချိန်မှစ၍ ဂေါတမဘုရားရှင် ပွင့်တော် မူသော ကာလအထိ ဗိမာန်ရှင် ပြိတ္တာမလည်း ထိုဗိမာန်မှာ ဆက် လက်နေထိုင်ခဲ့ရသည်။

*******

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးသည် ဟိမဝန္တာ တောင်စဉ်ခရီးအား ဒေသစာရီကြွချီရင်း တောင်းတန်းတစ်နေရာ၌ ထူးခြားသည့် ဗိမာန်နှင့် ပြိတ္တာမတစ်ဦးကို ဆုံတွေ့ခဲ့ရသည်။

ထိုဗိမာန်ရှင် ပြိတ္တာမသည် အဆင်းအင်္ဂါနှင့် ပြည့်စုံသောသူ ဖြစ်သည်။ နတ်သမီးတမျှ လှပသည်။ ဗိမာန်ကလည်း ဝင်းဝင်း ပြောင်ပြောင်ရှိသည်။

ရေကန်၊ ပန်းဥယျာဉ်နှင့် သာယာကြည်နူးလှ၏။

အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးက ပြိတ္တာမကို အမူအတွေ့ ခံယူပြီး သိလိုသမျှ မေးလိုက်သည်။

"အချင်းမာတုဂါမ၊ သင်သည် မည်ကဲ့သို့သော ကုသိုလ် အကုသိုလ်တရားကြောင့် ဤကဲ့သို့ ထူးခြားလှစွာ ဗိမာန်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရသည်ကို သိလိုလှသည်"

ထိုအခါ ဗြိတ္တာမက သူ၏ အဖြစ်အပျက်တို့ကို ပြောပြခဲ့သည်။ ကဿပ ဘုရားရှင်လက်ထက်တော်က သူ၏ဘဝအဖြစ်မှန်ကို အရှင်မြတ်ကြီးအား လျှောက်တင်လိုက်သည်။

ထိုအချိန်က သာသနာကို ကြည်ညိုလေးစားသည့်စိတ်ကြောင့် သူမ၏ချွေးနည်းစာဖြင့် သံဃာတော်များကို သီတင်းသုံးနိုင်ရန် လှပဆန်းကျယ်သည့် ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

ကျောင်းဆောက်လှူဒါန်းရုံသာ မဟုတ် သံဃာတော်များအတွက် ဆွမ်း၊ ကွမ်း၊ ဆေး၊ ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းခဲ့သေးသည်။

"သို့ပေမဲ့ အရှင်ဘုရား ကောင်းမှုကုသိုလ်ပြုခဲ့သည် မှန်ပါသော်လည်း တပည့်တော်မ သေလွန်သည့်အခါ ကောင်းမှုတစ်ခုကို စွဲလမ်းမိသဖြင့် ဤအကုသိုလ်၏ အစွမ်းကြောင့် ဟိမဝန္တာတောင်တန်း၌ ရထကာရအိုင်ကို အမှူးပြု၍ ဗိမာန်နှင့် ဗြိတ္တာမဖြစ်ရပါသည်ဘုရား"

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က သူမ၏ စကားတို့ နားထောင်ရင်း ဝေမာနိကဗြိတ္တာဖြစ်နေကြောင်း သိသဖြင့် မဟာ





ကရုဏာသက်ခဲ့မိသည်။

ထို့နောက် အရှင်မြတ်ကြီးလည်း နတ်ဗြိတ္တာမ၏ ဦးခိုက်ရှိခိုးလျှောက်ခြင်းကို ခံယူပြီး ထိုနေရာမှ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်သို့ ပြန်ကြွလာခဲ့တော့သည်။

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးလည်း ဗြိတ္တာမ၏ ဘဝဖြစ်ပုံ အလုံးစုံကို သိခဲ့ရသဖြင့် သံဝေဂရပြီး ထိုအကြောင်းအား မြတ်စွာဘုရားရှင်ထံသို့ လျှောက်ထားလေသည်။

ဘုရားရှင်ကလည်း အစွင့်ကြုံသည်နှင့် တရားနာပရိသတ်တို့အား ထိုဗိမာန်ရှင် နတ်ဗြိတ္တာမ၏အကြောင်းအား ပြန်လည်ဟောပြခဲ့သည်။

တရားနာပရိသတ်တို့သည် ထိတ်လန့်သံဝေဂရကြပြီး အနှစ်ရှိသော ကောင်းမှု၌ မွေ့လျော်ခဲ့ကြလေသတည်း။

(ရထကာရ ပေတဝတ္ထု)

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# နွားဝမီကြမ်းမျှ ဖြူကြာတစ္ဆေဖြစ်ရသူ

နေက အနောက်ဘက်သို့ ယွန်းစပြုပြီ။

နေစောင်းပြီဖြစ်သော်လည်း နေဝင်ရန်တော့ အတော်လေးလိုသေးသည်။ နန္ဒိသေနလည်း မိမိနေသောရွာမှ ခြေကျင်လမ်းလျှောက်၍ ထွက်လာခဲ့သည်။

အကြောင်းကိစ္စတစ်ခုရှိ၍ မိတ်ဆွေတစ်ယောက်၏ရွာသို့ လာခဲ့ခြင်းဖြစ်သည်။

ထိုမိတ်ဆွေအိမ်မှာပင် ညအိပ်ပြီး မနက်မိုးလင်းမှ ပြန်လာမည်ဟူသော ရည်ရွယ်ချက်နှင့် မိတ်ဆွေရွာသို့ မမှောင်ခင် အရောက်လာခဲ့ခြင်းဖြစ်သည်။

ယောက်ျားခြေလှမ်းနှင့် မှန်မှန်လျှောက်ပါက အလင်းရောင်မပျောက်ခင် မိတ်ဆွေရွာသို့ ရောက်ပေမည်။





ထိုရွာသို့ မရောက်ခင် ရွာအဝင်မှာ သစ်ပင်အုပ်ဆိုင်းနေသော တောတန်းလေးတစ်ခုရှိသည်။

တောတန်းက သိပ်မရှည်သဖြင့် ကြာကြာဖြတ်လျှောက်ရန် မလို။ သို့ကြောင့် နန္ဒိသေနလည်း အဖော်မပါဘဲ လာခဲ့ခြင်းဖြစ်သည်။

မကြာခင်မှာပဲ တောအုပ်လေးအစပ်သို့ရောက်ခဲ့သည်။ သစ်ပင်အရိပ်တို့ကြောင့် အလင်းရောင်နည်းသွားသည်။

ထိုအချိန်မှာပဲ မမျှော်လင့်သော အရိပ်သဏ္ဌာန်တစ်ခုကို နန္ဒိသေန တွေ့လိုက်သည်။

"ဟာ ... ဘာပါလိမ့်"

သစ်ပင်ကြီးများက လေအတိုက်မှာ ယိမ်းထိုးလှုပ်ရှားနေသည်။ ချုံပုတ်များက ဟိုနားတစ်စု သည်နားတစ်စု ရှိနေသည်။

ထိုချုံပုတ်များကြားမှ အမွေးအမှင် ထိုးထိုးထောင်ထောင်နှင့် လူ့အရပ်ထက် တစ်တောင်ခန့်ပိုမြင့်လျက်ရှိသော မည်းမည်းအကောင်ကြီး လမ်းလျှောက်ထွက်လာသည်ကို နန္ဒိသေန မြင်လိုက်သည်။

ထိုအကောင်ကြီးနှင့် သူသိပ်မဝေးသဖြင့် ပြေးရှောင်ရန်လည်း လွတ်တော့မည်မဟုတ်။

သေသေချာချာကြည့်လိုက်တော့ မျက်နှာက ကြောက်မက်ဖွယ်ပုံသဏ္ဌာန်ကို တွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး ... ဟိုး ... ဟိုး ..."

ထိုအကောင်ကြီးတ သူ့ကိုခြောက်လှန့်နှောင့်ယှက်ချင်သော မပြသဖြင့် ကြောက်လန့်နေသော နန္ဒသေန စိတ်အနည်းငယ် ပေါ့သွားသည်။

အမှန်တော့ ဤတစ္ဆေကောင်မှာ မကြာသေးမီက သေသွားပြီဖြစ်သည့် ဇနီးသည်ဖြစ်သည်။

သူနေထိုင်ကျက်စားရာတောအုပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည့် ဘဝဟောင်းက ခင်ပွန်းတော်စပ်သူ နန္ဒသေနကို မြင်သဖြင့် ကိုယ်ထင်ပြကာ ရောက်လာခြင်းဖြစ်သည်။

နန္ဒသေနကတော့ မခြောက်မလှန့်သည့် တစ္ဆေတစ်ကောင်မှန်း သိလိုက်သည်နှင့် ကြောက်သည့်စိတ်ကို တန်လုပ်ကာ အသံတွင်တွင် ဖြင့် မေးလိုက်သည်။

"ကြောက်မက်ဖွယ် အဆင်းသဏ္ဌာန်နဲ့ ကျုပ်အနီးရောက်လာ တာ ဘယ်သူပါလဲ၊

သင်တာ ဘယ်အမျိုးအနွယ် ဖြစ်သည်ကို သိလိုလှပါသည်" ဟူ၍ သိလိုသမျှကို မေးလိုက်သည်။

"ကျွန်ုပ်ဟာ နာနာဘာဝတစ်ကောင်ဆိုပါတော့၊ ကျွန်ုပ်ကို မြင်တော့ ... သင်မကြောက်ဘူးလား"





"ကြောက်တာတော့ ... မညာလိုပါဘူး။ ဒါပေမဲ့ ကျုပ်ကို ခြောက်မယ်လို့ မထင်တဲ့အတွက် ... အခုလိုရပ်ပြီး မေးမြန်း စုံစမ်းမိတာပါ"

"နာနာဘာဝ အမျိုးအနွယ်ထဲက တစ္ဆေမတစ်ကောင်ပါ၊ အခုလို မြင်သူတိုင်း ကြောက်လန့်ရတဲ့သူကတော့ ရှင့်ရဲ့ဘဝဟောင်းက ဇနီးမယား နန္ဒာလေ"

"ဟာ ... ဘာ ... ဘာပြောတယ်"

"နန္ဒာ... ရှင့်မယားနန္ဒာပဲ"

"ဘာ ... မင်းက သေလွန်သွားပြီဖြစ်တဲ့ ငါ့ရဲ့မယား နန္ဒာလား"

"ဟုတ်ပါတယ် ကိုနန္ဒ၊ ကျွန်မဟာ ရှင့်ရဲ့မယား နန္ဒာပဲ။ လူ့ဘဝတုန်း မိုက်ရိုင်းစိတ်မွှေးပြီး မကောင်းမှုတွေပြုခဲ့လို့ ယခု ဆင်းရဲကြီးစွာနဲ့ ပြိတ္တာတစ္ဆေဘဝ ရောက်နေရတာပါ"

"ဟာ ကြားရတာ စိတ်မကောင်းလိုက်တာ နန္ဒာရယ်၊

"ဩ ... မင်းတို့ အိမ်ထောင်ကျပြီးကတည်းက စိတ်ကောင်း ကောင်းထားဖို့ အမြဲသွန်သင် ဆုံးမခဲ့တယ်။ လူကြီးမိဘတွေ အပေါ်မှာလည်း ရိုရိုသေသေ ဆက်ဆံဖို့ပြောခဲ့တယ် မဟုတ်လား နန္ဒာ၊



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဘဝမှာ မကောင်းတာလုပ်ရင် နောင်ဘဝတွေမှာ မကောင်းတဲ့ အကျိုးကို ပြန်ခံစားရမယ်လို့ ငါမပြောခဲ့ဘူးလား"

"ပြော... ပြောခဲ့ပါတယ်"

"စားဦးစားဖျားကိုလည်း ဘုရားရဟန်းလှူ၊ လှူစရာပုဂ္ဂိုလ် မရှိရင် မိဘဘိုးဘွားတွေကို စားဦးစားဖျားတွေ ပေးကျွေးရမယ်လို့လည်း ငါအကြိမ်ကြိမ်သွန်သင်ခဲ့တယ် မဟုတ်လား"

"ကျွန်မသိပါတယ် ... ကိုနန္ဒ ... ကျွန်မ နောင်တရပါပြီ"

"အင်း အခုတော့ မင်းနောင်တတွေ နောက်ကျခဲ့ပြီမဟုတ်လား"

ထိုစကားကို မချိတင်ကဲပြောရင်း နန္ဒသေနလည်း မသေခင်က ချစ်ဇနီး နန္ဒာ၏ ဆိုးဝါးလွန်းလှသော အပြုအမူများကို ပြန်လည် မြင်ယောင်သွားမိလိုက်သည်။

*******

သာဝတ္ထိပြည်တွင် ရွာငယ်ပေါင်းများစွာရှိပေသည်။ သာဝတ္ထိပြည်နှင့် မနီးမဝေးသောရွာငယ်တစ်ရွာ၌ နန္ဒသေနမည်သော လူရွယ် တစ်ယောက်ရှိသည်။

နန္ဒသေနက ဘာသာတရား ကိုင်းရှိုင်းသည်၊ လုပ်ရေးနားလည်



သည်၊ ကြင်နာတရားနှင့် ပြည့်စုံသူဖြစ်၍ တစ်ရွာလုံးက သူ့အား လေးစားချစ်ခင်ကြသည်။

တစ်ရွာလုံးက ရိုသေလေးစားသော်လည်း သူချစ်၍ယူထား သော ဇနီးမယား နန္ဒာကမူ၊ ခင်ပွန်းဖြစ်သော နန္ဒသေနနှင့် စိတ် သဘော တခြားစီဖြစ်သည်။

လင်မယားကျားက သဒ္ဓါတရားနှင့် ပြည့်စုံပြီး ရတနာသုံးပါး ကြည်ညိုသလောက် မယားဖြစ်သူက သူနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ယားဖြစ်သူက သဒ္ဓါတရားမဲ့လှသည်။

ဝန်တိုခြူစောင်းမြောင်းတတ်သည်။

အပြောအဆို ရိုင်းစိုင်းကြမ်းကြုတ်သည်။

အိမ်မှာခိုင်းစေထားသော အစေအပါးတို့ဆိုလျှင် နန္ဒာနှင့် ဆုံရ ကြုံရမှာကို အလွန်ကြောက်ကြသည်။

"တဲ့ ကောင်မတွေ အဝတ်တွေ လျှော်တာတစ်ထည်မှ ပြောင်ဘူး၊

ဟိုကောင်မ အဝတ်တွေ အကုန်ပြန်လျှော်၊

ညည်းက ထမင်းဟင်းချက်တာ အဆင်ပြေအောင်ချက် အချိုးမပြေလို့ကတော့ ငါ့လက်ဝါးနဲ့ နင့်ပါးတွေ့ပြီမှတ်

ငါခိုင်းတာ အခုလုပ် အားလုံးအဝတ်ထားပစ်လိုက်မယ်"

www.burmeseclassic.com



"နန္ဒာ ... သူတို့အလုပ် သူတို့နားလည်ပါတယ် ...
လာပါ ... အိမ်ရှေ့ကို ထွက်လာပါ"

"တော်က ဘာသိလို့လဲ၊ ဒီလိုမပြောရင် ဒီကောင်မ...
ဘာမှ အရိုးပြေပြေ လုပ်တာမဟုတ်ဘူး"

"မင်းက သူတို့ကို လိုက်ကြည့်ပြီး ပြောမနေနဲ့၊ သူ...
စိတ်နဲ့ သူတို့လွတ်လွတ်လပ်လပ် လုပ်ကိုင်ကြပါစေ လာ...

"ဘာလဲ၊ အဲဒီကောင်မတွေက ရှင့်မယားငယ်တွေမို့...
သူတို့ရှေ့က ကာဆီးကာဆီး လာလုပ်နေတာလား"

"ဒီမိန်းမ ... အပြောအဆို ရိုင်းစိုင်းလိုက်တာ။ ...
လူလူချင်း ကိုယ်ချင်းစာဖို့ပြောတာ"

နန္ဒသေနလည်း ထိုမျှသာပြောပြီး အိမ်ရှေ့သို့ထွက်သွားသည်...
သူမက ရှုတ်ထွက်ကြမ်းသလို အမျက်ဒေါသလည်းကြီးသည်...
လင်ဖြစ်သူကိုလည်း ရိုသေရမှန်းမသိ။

*******

တစ်ရက်မှာ နန္ဒသေန၏ မိခင်ဖြစ်သူက ဘီရိုထဲမှာ ထည့်ထား...
သော မုန့်ကို ဗိုက်ဆာသဖြင့် ယူစားလိုက်သည်။

အပြင်က ပြန်ရောက်လာသော နန္ဒာက ချန်ထားသောမုန့်...
ယူစားရန် ဘီရိုဖွင့်လိုက်စဉ် ဘီရိုထဲမှာ မည်သည့်မုန့်မှ ရှိမနေသော...



...သည်ကို တွေ့သဖြင့် ...

"ဘီရိုထဲမှာ ထည့်ထားတဲ့မုန့်ကို ဘယ်သူစားပစ်လိုက်ပြီလဲ"

ထိုအခါ ယောက္ခမဖြစ်သူက ...

"အမေ ဗိုက်ဆာလို့ ဘီရိုဖွင့်ကြည့်တော့ မုန့်တွေ့တာနဲ့
ယူစားလိုက်မိတယ်"

"အားလုံး တစ်ယောက်တစ်ခုစီစားပြီးကြပြီမဟုတ်လား။ အခု
လို ယူစားတာ ခိုးစားတာနဲ့ အတူတူပဲ"

"တစ်အိမ်လုံးစားပြီးတာတော့ ဟုတ်ပါပြီ၊ သမီးလည်း စား
ပြီးပြီမို့ ယူစားမိတာပါ၊ တစ်ယောက်ယောက် မစားရသေးရင်
အမေလည်း ယူမစားပါဘူး"

"အိမ်မှာ အခန့်သားနေပြီး ဗိုက်က ဆာရသေးတဲ့၊ ခိုးစား
တာကို အသံကောင်းဟစ်နေသေးတယ်။ ဒီလိုခိုးစားနေရင် ကျုပ်
ပါးစပ်နဲ့ တွေ့မယ်"

ထိုအခါ အိမ်အောက်မှ အပေါ်တက်လာသော လင်ဖြစ်သူ
နန္ဒသေနက ကြားသွားသဖြင့် မိခင်နှင့် ဇနီးဖြစ်သူထံ အမြန်ရောက်
လာပြီး ...

"နန္ဒာ ... ဒီလိုမပြောရဘူး၊ အစ်ကို့အမေလည်း မင်းရဲ့အမေပဲ
မဟုတ်လား။ လူကြီးသူမထိုတာ ကိုယ်မစားခဲ့တောင် ဦးညွှတ်ရမှား...

www.burmeseclassic.com

ကျွေးရသေးတာပဲ၊ စိတ်ထားတတ်ရင် မြတ်ပါတယ်"

"အိုတော် ... ကုသိုလ်မရချင်နေပါ ... စိတ်ကောင်းတော့ မထားနိုင်ပါဘူး ... နောက်ကို အခုလို မိုးမတားနဲ့"

"လာ ... လာအမေ ... အိမ်ရှေ့ထွက် အမေမိုက်တာ သားကိုပြော တုတ်လား"

"သွား ... သွား ... ကျုပ်မသိဘဲ ဘာမှကျွေးမွေး မစဉ်းစားနဲ့။ ရှင်ပါ သူမိုးဖြစ်သွားမယ်"

"မင်းတွာ .... ဒါလုပ်ကိုင်ကျွေးမွေးနေလို့ အခုလို နေထိုင် ရတာ မင်းကဇွဲကိုတောင် မသထာတော့ဘူး ဖြစ်နေတယ်"

"ရှင့်ကိုပြောတာ မဟုတ်ဘူး ... အပိုလူတွေကိုပြောတာ"

နန္ဒိသေနလည်း ပြန်လှန်ပြောနေလျှင် ဇနီးဖြစ်သူ အကုသိုလ် ပိုပြီးတက်မည်စိုးသဖြင့် မိခင်ကို တွဲခေါ်ပြီး အိမ်ရှေ့ခန်းသို့ ထွက် လာတော့သည်။

*******

"အမေ ... အမေ့သား ဘယ်သွားလဲ"

"ညည်းကို ပြောမသွားဘူးလား ... ဘုရားကျောင်းဆောက် တဲ့ လူတွေနဲ့အတူ လုပ်အားပေးမလို့ဆိုလားပဲ ထွက်သွားတယ်"



"ဒီနေ့ ကုန်သည်တွေနဲ့ ချိန်းထားတာ မသွားဘူးတဲ့လား"

"အမေ့ကိုတော့ ဘာမှပြောမသွားဘူး"

"စီးပွားရေးလုပ်ဖို့တော့ စိတ်မကူးဘူး။ ရွာသားတွေနဲ့ သတ်လျားလတ်လျား လျှောက်လုပ်နေတယ်၊ ကုသိုလ်လုပ်လို့ ဘိုယ့်နောက်ပါမှာ မို့လို့လား၊

အဖော်မကောင်းလည်း၊ သာဝတ္ထိအထိသွားပြီး ဘုရားတရား အသွားလား သွားရဲ့၊ အိမ်စီးပွားရေးထက် အမြင်အလုပ်တွေက သူ့အတွက် အရေးကြီးတယ်လို့ မှတ်နေတယ်၊

ပြန်လာလို့ကတော့ ... တွေ့မယ်၊

နောက်များ သွားဝံ့သွားကြည့်၊

ဘယ်ဥပုသ်တရားမှလည်း ... သွားမနာစေရဘူး"

နန္ဒာမည်တွန်တောက်တီးနေသဖြင့် ယောက္ခမဖြစ်သူလည်း အနီးမှ မကြားနိုင်သော နေရာသို့ ထသွားဖဟာ့သည်။

အမြဲတမ်း မြူစူနေတတ်ပြီး လူတိုင်းအာ ေပါ် အဆိုးမြင် အကြည့် နှင့်သာ ကြည့်တတ်၊ မြဲသနာရှာ ေတတ်သော နန္ဒာတစ်ယောက် သက်တမ်းမစေ့မီမှာပင် သေမင်း၏ ခေါ်ရာနောက်သို့ ကောက် ကောက်ပါအောင် လိုက်သွားရတော့သည်။

သူမ သေဆုံးပြီးနောက် ကောင်းရာသုဂတိသို့ မလားဘဲ ...

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ထိုက်တန်ရာ ဗြိတ္တာဘုံသို့ ရောက်ရှိသွားရသည်။ အစာမစား ရခြင်း၊ အဝတ်မဝတ်ရခြင်း နေထိုင်စရာမရှိသော ဝဋ်ဒုက္ခတွေ ခံစားရသော ဗြိတ္တာမျိုး၌ ဖြစ်ခဲ့သည်။

*******

နန္ဒိယသေနလည်း ဇနီးဟောင်း ဗြိတ္တာမကို မြင်လိုက်သဖြင့် အတိတ်က သူမပြုလုပ်ခဲ့သော အပြစ်မျိုးစုံကို သွားသတိရလိုက်သည်။

ထို့နောက် အသိစိတ်ပြန်ကပ်လာပြီးနောက် ခင်ပွန်းဟောင်း ဆိုသော အသိက မယားဟောင်း နန္ဒာအပေါ် သနားစိတ်ဖြစ်မိကာ အနီးသို့ တိုးကပ်သွားလိုက်သည်။

ပြီးမှ ကြင်နာစွာဖြင့် မေးလိုက်မိသည်။

"နှမ နန္ဒာ ... သင့်မှာ ဝတ်စရာ၊ စားစရာ၊ အရမ်းလိုအပ် နေရင် အခု ကျုပ်မှာပါလာတဲ့ အပေါ်ဝတ်စုံကို ယူလိုက်ပါလား

ဒီအဝတ်ကို ဝတ်ခြုံပြီး ကျုပ်နောက်ကလိုက်ခဲ့ပါ။ အိမ်မှာ စားစရာ ဝတ်စရာရှိသလို သားသမီးတွေလည်း ရှိသေးတယ် မင်း ... တွေ့ရအောင် လိုက်ခဲ့ပါလား"

ဗြိတ္တာမက ဦးခေါင်းကို ခါလိုက်သည်။



"နေပါစေရှင် ရှင့်စေတနာကို နားလည်ပါတယ်။ ကျွန်မက ပေးသမျှ ခံစားရယူနိုင်တဲ့ ဘဝမဟုတ်ပါဘူး"

"ဒါဆို ကျုပ်ဘာလုပ်ပေးရမလဲ နန္ဒာ"

"ရှင် ကျွန်မအတွက် လုပ်ပေးချင်တယ်ဆိုရင် သံဃာတော်တွေကို ပင့်ဖိတ်ပြီး ကျွန်မအတွက် ကုသိုလ်အဖို့ဘာဂကို ပြုလုပ်ပေးပါ။ အလှူပြီးလို့ ရေစက်ချ အမျှဝေတဲ့အခါ ကျွန်မနာမည်ခေါ်ပြီး အမျှဝေပါ၊

ဒါဆို သာဓုခေါ်ဆိုနိုင်ပြီး ရှင်စေတနာရှိသလို ခံစားရရှိနိုင်မှာပါ"

"မင်းအတွက် ငါစေတနာရှိပါတယ်။ အစာငတ်ခြင်း၊ အဝတ်မဝတ်ရခြင်း၊ အနေအထိုင်ဆင်းရဲခြင်းတွေ ကင်းစင်ပျောက်ပြီး အလိုဆန္ဒရှိသမျှ ရရှိပါစေလို့ ရည်မှန်းပြီး အမျှပေးဝေမှာပေါ့ နန္ဒာ"

"ရှင် အလှူပေး အမျှဝေမယ့်အချိန်ကို စောင့်နေပါ့မယ်"

ဟု၍ မယားဟောင်း နန္ဒာ ဗြိတ္တာတစ္ဆေမက ပြောလိုက်လျှင် နန္ဒိယသေနလည်း ဝမ်းသာသွားသည်။

ချက်ချင်းပင် ဝမ်းသာအားရစွာနှင့် နန္ဒာဗြိတ္တာမကို ကြည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုကောင်းပြီ ကျုပ်မနက် ရွာကိုပြန်ရောက်တာနဲ့ အလှူ
လုပ်နိုင်အောင် အမြန်စီစဉ်မယ်၊ မင်းသာခုခေါ်ဖို့ စောင့်နေပါ"

နန္ဒိသေနလည်း ဇနီးပေါင်း နန္ဒာပြိတ္တာမအား ကတိပေး
မိမိသွားရန်ရှိသည့် မိတ်ဆွေရွာသို့ ရှေ့ရှု၍ ထွက်လာခဲ့သည်။

အချိန်က နေလုံးကွယ်၍ အမှောင်ပင်သန်းနေပြီ။

ပြိတ္တာတစ္ဆေမ နန္ဒာလည်း ချစ်လင်ပေါင်း နန္ဒိသေန အမှောင်
ထဲ ပျောက်ကွယ်သွားသည်အထိ ရပ်ကြည့်နေရင်း နောင်တ
မျက်ရည်များ တလိမ့်လိမ့် ကျနေသည်ကိုပင် မသိတ်မိ။

"ရှင်ပြုသမျှ ကုသိုလ်အဖို့ဘာဂကို သာခုခေါ်ဆိုနိုင်အောင်
ဘယ်မှမသွားဘဲ စောင့်နေပါမယ်"

*******

နောက်နေ့ရောက်တော့ မိတ်ဆွေအိမ်မှ စောစော ရွာသို့
ပြန်ခဲ့သည်။

အိမ်သို့ ပြန်ရောက်တော့ နန္ဒိသေနလည်း မိသားစုများနှင့်
တိုင်ပင်လိုက်သည်။

"မနန္ဒာနဲ့ ညကတွေ့ခဲ့ရတယ်။ လူ့ဘဝရှိစဉ်က လောဘ
ဒေါသ၊ မောဟ၊ ဣဿာမစ္ဆရိယ တရားတွေ များခဲ့လွန်းလို့
ဆင်းရဲဒုက္ခကြီးတဲ့ ပြိတ္တာတစ္ဆေဘဝကို ရောက်နေတယ်၊



သူ့ ကောင်းမှုချမ်းသာရဖို့အတွက် ငါတို့ အလှူအဖို့ဘာဂ
လုပ်ပေးပြီး အမျှဝေပေးရမယ်"

ဟူ၍ ပြောဆိုတိုင်ပင်သည်။

အားလုံး ဆန္ဒတညီတညွတ်တည်း အလှူလုပ်ရန် သဘောတူ
ကြသည့်အတွက် သံဃာတော်များအား ပင့်ဖိတ်ပြီး မယားပေါင်း
မနန္ဒာအား ရည်စူး၍ ဆွမ်း၊ သင်္ကန်းများကပ်လှူပြီး မနန္ဒာအား
အမျှပေးဝေ၏။

"မနန္ဒာရေ ... အမျှ... အမျှ ... အမျှ ..."

"သာခု ... သာခု ... သာခု"

ခင်ပွန်းပေါင်း နန္ဒိသေနက အမျှဝေလိုက်ရာ မယားပေါင်း
နန္ဒာ အမျှရပြီး သာခုခေါ်လိုက်နိုင်သဖြင့် ပြိတ္တာဘဝမှ ကျွတ်လွတ်
ကာ နတ်ပြည်နတ်ဘုံ၌ နတ်စည်းစိမ်ကို ခံစားရသည်၊

နတ်သမီး နန္ဒာအဖြစ် နတ်စည်းစိမ်ခံစားရရှိပြီးလျှင် ဤကဲ့သို့
ခံစားရသည်မှာ ခင်ပွန်းပေါင်း နန္ဒိသေနကြောင့်ဟု သိသဖြင့်
နန္ဒိသေနအား ကျေးဇူးတင်စကားပြောရန် ကိုယ်ထင်လာ၍ပြသည်။

ခင်ပွန်းပေါင်း နန္ဒိသေနက ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာ
နှင့် ကိုယ်ထင်ပြလာသော နတ်သမီးအား အကျိုးအကြောင်းမေးရာ
အကြောင်းစုံ ရှင်းလင်းပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



နန္ဒိုသေနလည်း ထိုအဖြစ်အပျက် အစုံအလင်အား ရဟန်းတော်များအား ပြောပြရာ ရဟန်းတော်များက ဘုရားရှင်အား လျှောက်တင်ကြသည်။

ဘုရားရှင်က နတ်သမီး၏ ဖြစ်ကြောင်းကုန်စင်ကို တရားနာ ပရိသတ်တို့အား ပြောပြသည်။

ထိုအကြောင်းနှင့် ဆက်စပ်ပြီး ဒါန၊ သီလ၊ ဘာဝနာအကျိုး လောဘ၊ ဒေါသ၊ မောဟတို့၏ အပြစ်များကို ခွဲခြားညွှန်ပြ ဆိုဆုံးမကာ တရားဒေသနာကို ဟောကြားတော်မူလေသည်။

တရားနာပရိသတ်တို့လည်း ထိတ်လန့်ပြီး သံဝေဂရကြလျက် ဒါန၊ သီလ၊ ဘာဝနာတရားတို့အား ကြိုးစားအားထုတ်ကြသဖြင့် များစွာ အကျိုးတရားရကြကုန်သတည်း။

(နန္ဒာပေတဝတ္ထု)

❖ ❖ ❖ ❖ ❖



# ဝက်ပြိတ္တာ

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်မဟာမောဂ္ဂလာန် မြင်ခဲ့ရသော ဝက်ပြိတ္တာတို့ အကြောင်း ပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူသည်။

အရှင်မဟာမောဂ္ဂလာန်သည် အရှင်လက္ခဏနှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လာစဉ် ဝက်ပြိတ္တာကြီးတစ်ကောင်ကို မြင်တွေ့ခဲ့ရသည်။

ထိုဝက်ပြိတ္တာ၏ ကိုယ်ခန္ဓာသည် သုံးဂါဝုတ်မျှရှိ၏။

ခန္ဓာကိုယ်မှာ လူနှင့်တူ၍ ခေါင်းကား ဝက်နှင့်တူ၏။

အမြီးက ခံတွင်းထဲမှ ပေါက်နေသည်။

ခံတွင်းထဲမှပင် ပိုးလောက်များ တဖွားဖွားကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မမြင်စဘူး ထူးခြားလှသော ဝက်ပြိတ္တာကို တွေ့မြင်ရသဖြင့် အရှင်မဟာမောဂ္ဂလာန် ပြုံးလေရာ အရှင်လက္ခဏက ပြုံးရခြင်း အကြောင်းကို မေးလေသည်။

အရှင်မဟာမောဂ္ဂလာန်က ထိုနေရာတွင် မဖြေသေးဘဲ ဘုရားရှင် ရှေ့တော်မှောက်ရောက်မှ ဖြေဆိုလေတော့သည်။

ဘုရားရှင်က အရှင်မဟာမောဂ္ဂလာန်၏ စကားကို ထောက်ခံ တော်မူပြီးလျှင် ထိုဝက်ပြိတ္တာ၏ ရှေးကပြုခဲ့သော အကုသိုလ်ကံကို ဟောကြားတော်မူလေသည်။

ကဿပဘုရားရှင်လက်ထက်တော်၌ မထေရ်နှစ်ပါးတို့သည် ရွာငယ်တစ်ခု၌ စိတ်သဘောညီညွတ်စွာ ကျောင်းတစ်ကျောင်းတည်း၌ အတူနေထိုင် သီတင်းသုံးခဲ့လေသည်။

မထေရ်ကြီးသည် ဂါထာတော်ချောက်ဆယ်ရ၍ မထေရ်ငယ်မှာ ဂါထာတော် ငါးဆယ့်ကိုးဂါရရှိသည်။

အထက်အောက်တစ်ဂါမျှသာ ကွာခြားသော်လည်း မထေရ် ငယ်သည် မထေရ်ကြီး၏ သပိတ်သက်နန်းကို ယူဆောင်၍ သွားလာ လှည့်လည်ခဲ့သည်။

ဆွမ်းခံအတူတူကြွကြသည်။ အမြဲမခွဲရှိခဲ့ကြသည်။

မထေရ်ငယ်က မထေရ်ကြီးအပေါ် သာမဏေငယ်တစ်ပါးကဲ့သို့





တ်ကြီးဝတ်ငယ် အားလုံးကို ပြုစုခဲ့သည်။

"အရှင်ဘုရား နိုးပြီလား၊ ဘုရားတပည့်တော် အနိပ္ပနဲ့ မျက်နှာ သစ်ရေ အဆင်သင့်ခပ်ထားပေးပြီးပါပြီဘုရား၊

အရှင်ဘုရား မျက်နှာသစ်ပြီးတဲ့အခါ မျက်နှာသုတ်ပုဝါနဲ့ တပည့်တော် အသင့်စောင့်နေပါ့မယ်၊

နေ့ခင်း ဆွမ်းစားပြီးရင် အရှင်ဘုရားရဲ့သင်္ကန်း လျှော် ပေးချင်လို့ လျှော်မယ့်သင်္ကန်း တပည့်တော်ကို ယူပေးထားပါ"

"ဘာလုပ်မလို့လဲ ကိုယ်တော်"

"ဆွမ်းခံမကြွခင် လျှော်မယ့်သင်္ကန်းတွေ ရေစိမ်ထားခဲ့မလို့ပါ"

"အင်း ... ဒါဆို ဒီသင်္ကန်းသာ ယူသွားပေတော့"

မထေရ်နှစ်ပါးသည် တစ်အူတုံဆင်း ညီအစ်ကိုရင်းကဲ့သို့ ချစ်ခင်ကြကုန်သည်။

တစ်နေ့သောအခါတွင် ထိုအေးချမ်းသာယာလှသော တော ကျောင်းလေးသို့ ဓမ္မကထိက ရဟန်းတစ်ပါး ဆိုက်ရောက်လာလေ သည်။

ကျောင်းနေမထေရ်နှစ်ပါးတို့သည် မိမိတို့ ဆွမ်းခံရွာများသို့ ဓမ္မကထိက ရဟန်းကို ပင့်ခေါ်သွားသည်။

ရွာများကလည်း ဓမ္မကထိက ရဟန်း၏ တရားများကို နာယူ



www.burmeseclassic.com

www.burmeseclassic.com



ကြ၍ သဘောကျနှစ်သက်ကြသည်။

မထေရ်နှစ်ပါး၏ ကူညီစောင်မမှုနှင့် မကြာခင်မှာပင် မွှေကထိက ရဟန်းနှင့် ရွာသူရွာသားတို့ အထင်ပြေသော ဆက်ဆံမှုရှိလာခဲ့သည်။

သို့ရာတွင် မွှေကထိက ရဟန်းကား ကျေးဇူးသိတတ်သူ မဟုတ်ပေ။

ကျောင်းနေမထေရ်ကြီးများ ထွက်မြေးအောင် ပြုလုပ်နိုင်ပါက ဤကျောင်းမှာ မိမိတစ်ပါးတည်း နေထိုင်ခွင့်ရှိပေမည်။ သို့ကြောင့် မထေရ်ကြီးနှစ်ပါးကို ကျောင်းမှ ရှင်းထုတ်နိုင်ရန် ကြံစည်အားထုတ်ဖလတော့သည်။

"အင်း ... ရွာကလည်း ငါ့ရဲ့တရားဓမ္မကို အထင်ကြီးနေကြပြီ၊ အဲဒီ ဒီကျောင်းကို ငါ့ရဲ့ ကျောင်းပိုင်ဖြစ်အောင် လုပ်ရမယ်။ ရဟန်းကြီးနှစ်ပါး စိတ်ထဲမှာ သံသယစိတ်တွေဝင်အောင် ငါကြံစည်အားထုတ်ရမယ်"

ဤသို့ ကြံစည်ပြီးနောက် မွှေကထိက ရဟန်းလည်း သူ၏ အကြံအစည်များကို အကောင်အထည်ဖော်ပါတော့သည်။

ပထမဆုံး မထေရ်ကြီးထံ ဝင်ရောက်ပြီး ...

"အရှင်ဘုရား တပည့်တော် အရှင်ဘုရားကို လျှောက်တင်လိုပါသည် ခွင့်ပြုတော်မူပါဘုရား"



"ဘာကိစ္စများ ထူးလို့လဲကွဲ့"

"အရှင်ဘုရားနဲ့ အတူသွား၊ အတူလာနေသည့် မထေရ်ယက တပည့်တော် ဤကျောင်းသို့ ရောက်သည်နှင့် မကြာခင်မှာပဲ ဤစကားကို မကြာမကြာပြောပါသည်၊

အရှင်သူတော်ကောင်း သင်သည် အမျိုးကောင်းသား ကစ်ဦးဖြစ်သည့်ပြင် တတတ်ဖပတတ် ပုဂ္ဂိုလ်လည်းဖြစ်သည်။ သင်ဆင်ခြင်စဉ်းစားလော့၊

ဤကျောင်းက မထေရ်ကြီးကို လစ္စီပေသလပုဂ္ဂိုလ်ကြီးဟူ၍ တထစ်ချ မယုံမှတ်သင့်ပေ၊

ဤမထေရ်ကြီးနှင့် ဆက်ဆံသောအခါ စူးစမ်းဆင်ခြင်လော၊ မထေရ်ကြီးဟူ၍ တထစ်ချ မယုံမှတ်သင့်ပေ။

ဤမထေရ်ကြီးနှင့် ဆက်ဆံသောအခါ စူးစမ်းဆင်ခြင်လော ၊ မထေရ်ကြီးကား အမြဲတမ်းပျင်းရိသူဖြစ်သည်။

ဆွမ်းစား၍ စားသုံးပြီးသော သပိတ်ကိုမျှ မဆေးကြောချင်၊ နီးစပ်ရာပုဂ္ဂိုလ်ကို နိုင်းတတ်သဖြင့် အရှင့်ကိုလည်း မထေရ်ကြီးက သူမလုပ်ချင်သည့် ဖြူဖွယ်ရာ ကိစ္စများအား လုပ်ခေတင်ခိုင်းပေလိမ့်မည်။ သတိသာ ထားနေပေရော့တု မကြာမကြာ ပြောနေပါ

www.burmeseclassic.com



သည်”

ဟူ၍ ကုန်းတိုက်စကား အမျိုးမျိုးဆိုပြီး အကြိမ်ကြိမ် နားသွင်းသည်။

ထိုအခါ မထေရ်ကြီးက ဓမ္မကထိက ကိုယ်တော်၏ စကားများ ကြားပြီး သံသယစိတ်တွေ ဖြစ်ပေါ်လာသည်။

ဓမ္မကထိက ကိုယ်တော်လည်း မထေရ်ငယ်ထံ ရောက်သည့်အခါ မထေရ်ကြီးက မထေရ်ငယ်ကို ဤသို့ ပြောဆိုကြောင်း လျှောက်တင်ပြန်သည်။

မထေရ်ကြီးက သူနှင့်ဆုံတွေ့တိုင်း မထေရ်ငယ်ကို သတိထားပေါင်းရန် ပြောဆိုကြောင်း။

ဆွမ်းခံသည့်အခါတွင်လည်း ပိုက်ဆံချမ်းသာသူတို့၏ အိမ်ဝသို့ အမြန်ရောက်အောင်သွား၍ ဦးစွာဆွမ်းကိုခံကြောင်း။

ငယ်သူဖြစ်၍ ကြီးသူက အမြဲသည်းခံနေရကြောင်း မထေရ်နှစ်ပါးတို့သည် ထိုစကားများကြောင့်ပင် မီးမငြိမ်းသေးသော မြေအိုးကဲ့သို့ ပြင်းပြင်းကွဲကုန်သည်။

ယခင်က အတူတကွ ဆွမ်းခံထွက်လာကြသော မထေရ်နှစ်ပါးတို့သည် ထိုနေ့တွင်မူ တစ်ပါးစီ ဆွမ်းခံထွက်ကြသည်။

ကျောင်းသို့ ပြန်ရောက်ပြီးနောက် ဆွမ်းစားဇရပ်သို့ ဦးစွာ





ရောက်နှင့်နေသော မထေရ်ငယ်က မိမိစိတ်ကို နူးညံ့အောင် ကြိုးစားပြီးလျှင် နောက်မှ ရောက်လာသော မထေရ်ကြီး၏ သပိတ်သက်နန်းကို ဆီးကြိုယူရန် လက်ကိုကမ်းလှမ်းသည်။

မထေရ်ကြီးက ... မထေရ်ငယ်ကို သပိတ်မပေးဘဲ၊

“ဆိုဆုံးမခက်သော ရဟန်း၊ သင်သွားလေလော့၊ သင်သည် ငါ၏ သပိတ်သက်နန်းကို မယူထိုက်ချေတကား”

ဟုဆိုကာ လက်ကိုကာသည်။

မထေရ်ငယ်ကလည်း ပြန်၍ပြောဆိုသည်။

“အသျှင် ကောင်းလေစွ၊ တပည့်တော်သည်လည်း အရှင်ဘုရား၏ သပိတ်သက်နန်းကို မယူတော့ရန် ကြံစည်ပြီးပါပြီ”

ဟူ၍ ပြန်လျှောက်သည်။

ထို့နောက်တော့ မထေရ်နှစ်ပါးတို့သည် အေးချမ်းသာယာသော တောကျောင်းကလေးကို စွန့်ပစ်ကာ တစ်လမ်းစီ ထွက်ခွာသွားကြလေတော့သည်။

ဓမ္မကထိကရဟန်းသည် ထိုတောကျောင်းလေးမှာပင် ကျောင်းထိုင်ပုဂ္ဂိုလ် ဖြစ်လုပ်၍ နေလေတော့သည်။

“အင်း ငါ့ရဲ့အကြံအစည် ဘယ်လောက်ကောင်းသလဲ၊ ကိုယ်တော်နှစ်ပါးလည်း ထွက်သွားကြပြီ။ ငါတစ်ပါးတည်း အေးအေးချမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



သိတင်းသုံးရတော့မယ်"

မထေရ်နှစ်ပါးသည်ကား တစ်ရွာမှတစ်ရွာ၊ တစ်ကျောင်း တစ်ကျောင်းသို့ ပြောင်းရွှေ့သွားလာနေကြသည်။

ဘယ်နေရာသို့ပင်ရောက်ရောက် မထေရ်နှစ်ပါးတို့သည် စိတ်ချမ်းသာမှုကို မရနိုင်ကြပေ။

တစ်ပါးက တစ်ပါးကို ကောက်ကျစ်အထင်သေးသည့် ပြော… စကားများကိုသာ အချိန်နှင့်အမျှ ကြားယောင်နေပြီး တစိမ့်စိမ့် တွေးပြီး နာကြည်းနေကြသည်။

ဤသို့ဖြင့် နှစ်ပေါင်းတစ်ရာခန့် ကျော်လွန်သွားကြသောအခါ ထိုမထေရ်နှစ်ပါးတို့သည် ကျောင်းသခ်ိန်း တစ်ခုထဲမှာ သွား… ဆုံမိကြသည်။

မထေရ်ငယ်သည် မထေရ်ကြီးကို မှတ်မိသဖြင့် မျက်ရည်… စက်လက်ကျကာ …

"အရှင်ဘုရား တပည့်တော်သည် နှစ်ပေါင်းများစွာ အရှင် ဘုရား၏ သပိတ်သင်္ကန်းကိုယူ၍ သွားလာလှည့်လည်ခဲ့သည်… ထိုကာလအတွင်း တပည့်တော်၏ မလျောက်ပတ်သော ကာယကံ… စသည်တို့ကို တွေ့မြင်ခဲ့ရပါသလော"

ဟူ၍ လျှောက်ထားလေလျှင် မထေရ်ကြီးက …

မိတ်ဆွေစာပေ



"ငါ့ရှင် မတွေ့မြင်ခဲ့ရပါ" ဟူ၍ ဖြေဆိုလေသည်။

ဤတွင် မထေရ်ငယ် ဆက်လက်၍ …

"အရှင်ဘုရား ထိုသို့ဖြစ်ပါလျှင် ဓမ္မကထိက ရဟန်းအား အဘယ်ကြောင့် ပြောဆိုမိပါသနည်း"

"ငါမပြောဆိုရပါ၊ ငါ့ကိုလည်း သူက ဤသို့ပင် မထေရ်ငယ် မကောင်းကြောင်း မထေရ်ငယ်က ငါ့ကို … သီတင်းသုံးဖော်မည် ဝိနည်းတော်ကို မလိုက်နာတဲ့ မထေရ်ကြီးဟူ၍ အကြိမ်ကြိမ်ပြော ဆိုကြောင်း"

ပြန်လည် မိန့်ကြားရှင်းပြခဲ့သည်။

ထိုအခါ အရှင်နှစ်ပါးလည်း သဘောပေါက်သွားပြီဖြစ်သည်။ မိမိတို့ မပြောဆိုခဲ့သည့် စကားများကို မိမိတို့ ပြောဆိုသယောင် တစ်ပါးနှင့်တစ်ပါး ရန်တိုက်ပြီး သွေးခွဲခဲ့ခြင်းဖြစ်ပေသည်။

ဤတွင်မှ မထေရ်နှစ်ပါးတို့ ပြန်လည်သင့်မြတ်သွားကာ မိမိ တို့ သီတင်းသုံးခဲ့သည့် တောကျောင်းသို့ ပြန်ပြီးလျှင် ဓမ္မကထိက ရဟန်းကို နှင်ထုတ်လိုက်ကြသည်။

ဓမ္မကထိကရဟန်းလည်း အနှစ် နှစ်သောင်းကာလပတ်လုံး တရားအားထုတ်ခဲ့ပါသော်လည်း ထိုဘဝမှ သေဆုံးသောအခါ ထို မကောင်းမှုကံကြောင့် မဟာအဝီစိငရဲသို့ ကျရောက်ရသည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားနှစ်ဆူတို့ ကြားကာလပတ်လုံး မဟာအဝိစိငရဲ၌ ကျခံရကာ ယခုအခါ ဂိဇ္ဈကုဋ်တောင်ထွတ်၌ ဝက်ပြိတ္တာဖြစ်နေရသည်။

ဘုရားရှင်သည် ထိုဝက်ပြိတ္တာ၏ မကောင်းမှုကံကို ဟောကြားတော်မူပြီးလျှင် စုရုံးရောက်ရှိနေကြသော ရဟန်းအပေါင်းတို့အား တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

(ဓမ္မပဒ)

❖ ❖ ❖ ❖ ❖



# မကောင်းမှုကံ ဝဋ်ကြွေးခံရသည့် စက္ခုပါလမထေရ်

သာဝတ္ထိမြို့တော်မှာနေထိုင်သော သုဝဏ္ဏသူဌေးကြီးမှာ အိမ်ထောင်သက်ပင် နှစ်ဆယ်နားနီးခဲ့ပြီ။ သူဌေးကြီးတွင် အမွေဆက်ခံရန် သားသမီးမရသေး။

ဇနီးဖြစ်သူကလည်း အသက်လေးဆယ်ထဲရောက်ပြီး သွေးပင်ဆုံးတော့မည်။ သားသမီးရမည့် အရိပ်အယောင်ပင် မမြင် မဖြစ်သေးပေ။

ထိုသားသမီးမရသဖြင့် သုဝဏ္ဏသူဌေးကြီး စိတ်မရွှင် ဖြစ်နေသည်။

အခြားအိမ်ထောင်သည် မိသားစု သားသမီးများနှင့် ခိုက်သိုက်ဝန်းဝန်း တွေ့လေတိုင်း သားသမီးလိုချင်သည့်စိတ်က ပို၍

www.burmeseclassic.com

www.burmeseclassic.com



ဖြင်းပြနေခဲ့သည်။

တစ်နေ့သ၌ သူဌေးကြီးသည် မြစ်ဆိပ်သို့ ရေချိုးသွားရာ ကြီးမားစွာသော သစ်ပင်ကြီး တစ်ပင်ကိုမြင်၍ ဤသစ်ပင်ကြီး၌ တန်ခိုးကြီးသော ရုက္ခစိုးနတ် ရှိနိုင်သည်ဟု အထင်ရှိမိလိုက်သည်။

ထိုသို့ ထင်မိသည်နှင့် သစ်ပင်ကြီးအောက်နှင့် အနီးပတ်ဝန်းကျင်ကို ချုံနွယ်ပေါင်းပင်ရှင်းရန် ဆုံးဖြတ်လိုက်သည်။

မကြာခင် အိမ်မှ အလုပ်သမား အစေခံ ကျွန်များ ခေါ်လာပြီး သူဖြစ်ချင်သလို အကောင်အထည်ဖော်ပါတော့သည်။

ချုံနွယ်များ ရှင်းသည်။ သန့်ရှင်းပြီးသောမြေကို အကာအရံပြုသည်။

သဲဖြူခင်းကာ တံခွန်ကုက္ကားများ စိုက်ထူစေသည်။

"အို ရုက္ခစိုးမင်း အကယ်၍ ကျွန်ုပ်မှာ သားသမီးရခဲ့ပါလျှင် အသင်နတ်မင်းအား ကြီးကျယ်စွာ ပူဇော်ပါအံ့"ဟု ဆုတောင်းသည်။

ကာံအားလျော်စွာပင် မကြာမီ သူဌေးကတော်ကြီးသည် သားတစ်ယောက်ကို ဖွားမြင်၏။

သူဌေးသူဌေးကြီးသည် မိမိစောင့်ရှောက်ထားသည့် သစ်ပင်မှ ရုက္ခစိုးနတ်မင်းကြီးက ဆုလာဘ်အဖြစ် သားရစေသည်ဟု တွေး





ဆင်ကာ ထိုသားကို 'ပါလ'သတိုးသားဟု အမည်ပေးခဲ့သည်။

မကြာသော နှစ်အတွင်းမှာ နောက်တစ်ယောက်ကို မွေးဖွားရန် ကိုယ်ဝန်လွယ်ထားရပြန်သည်။

လစေ့သောအခါ သားယောက်ျားလေးတစ်ယောက်ကို မွေးဖွားခဲ့ပြန်သည်။

ထိုဒုတိယသားကိုလည်း ပါလဟုပင် အမည်ပေးခဲ့ပြန်သည်။

အမည်တူသော နှစ်ယောက်ကို ခွဲခြားသိနိုင်စေရန် အကြီးကို မဟာပါလဟုခေါ်၍ အငယ်ကို စူဠပါလဟု ခေါ်ကြရသည်။

သားနှစ်ယောက်တို့ အရွယ်ရောက်ပြီး မကြာခင်မှာပင် မိခင်နှင့် ဖခင်သူဌေးကြီးတို့ ရှေ့နောက်ဆင့်၍ ကွယ်လွန်သွားကြသည်။

တစ်နေ့သ၌ မဟာပါလသူဌေးသားသည် ပန်းနံ့သာ မျိုးစုံ လက်မှာဆွဲလျက် ကျောင်းတော်သို့ တရားနာသွားကြသော ပရိသတ်များကို မြင်တွေ့ရာ သူပါ ဘုရားကျောင်းတော်သို့သွား၍ တရားနာချင်စိတ် ပေါ်လာသည်။

"ငါလည်း အိမ်မှာနေမည့်အစား သင်္ဂ လိုပဲ မြတ်စွာဘုရားရဲ့ တရားတွေ သွားနာယူရမယ်"

ထိုကဲ့သို့ အကြံရပြီးသကာလ တရားနာသွားကြသော ပရိသတ်များနှင့်အတူ ကျောင်းတော်သို့ လိုက်ပါကာ ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



အစွန်မှာ ဆိုင်လျက် ဘုရားရှင်ကို ဦးတိုက်ရှိခိုးနေသည်။

ဘုရားရှင်သည် မဟာပါလ၏ ကျွတ်တမ်းဝင်မည့် အခြေအနေကို သိတော်မူသဖြင့် မဟာပါလနှင့် သင့်တော်မည့် တရားဒေသနာများကို ဟောကြားတော်မူသည်။

တရားနာနေရင်းမှ မဟာပါလလည်း လူ့ဘောင်ကို ငြီးငွေ့လာသည်။

"အင်း လောဘ၊ ဒေါသ၊ မောဟတွေ ပြည့်နှက်နေတဲ့ လူ့လောကကြီးမှာ နေရတာ၊ ဘာမှအကျိုးမထူးပါလား။ အိုနာ၊ သေဘေးကင်းဝေးရာ ကိလေသာတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရအောင် ငါကြိုးစားမယ်၊

ကျင့်ကြံအားထုတ်မယ်၊ ဒါကြောင့် ငါရဟန်းဝတ်မယ်"

ခိုင်မာသောစိတ်ကို ပိုင်နိုင်စွာချကာ ရဟန်းပြုရန် စိတ်ဆုံးဖြတ်လိုက်သည်။

သို့ကြောင့် တရားပွဲဆုံးသည်နှင့် မဟာပါလလည်း ဘုရားရှင်၏ ရှေ့မှောက်သို့ သွားရောက်လေတော့သည်။

ဘုရားအရှင်မြတ်ထံ ရဟန်းပြုလိုကြောင်း တောင်းပန်သည်၊ ဘုရားရှင်ကလည်း မဟာပါလအား ...

"အသင်မဟာပါလ သင့်မှာ မိဘရှိပါက မိဘ၊ မိဘမရှိလျှင်





ဆွေမျိုးသားချင်းတစ်ဦးဦး၏ ခွင့်ပြုချက်ရရှိပြီဆိုလျှင် ကျောင်းတော်သို့ ပြန်လာခဲ့ပါ၊ ငါဘုရား သင့်အား ရဟန်းပြုပေးပါအံ့"

ဘုရားရှင်က မိမိဆန္ဒအပြင် နောက်ပိုင်းမှ အနှောင့်အဖွဲ့ တင်းကင်းဖြင့် ရဟန်းပြုနိုင်ရန် အိမ်ပြန်ပြီး ရဟန်းပြုခွင့်တောင်းခိုင်းခြင်းဖြစ်သည်။

မဟာပါလသည် ညီဖြစ်သူ စူဠပါလထံပြန်၍ ရဟန်းပြုခွင့်တောင်းရာ၊ ညီငယ်က ခွင့်မပြုပေ။

"အစ်ကိုကြီး ... စဉ်းစားပါ ... ကျွန်တော်တို့မှာ ညီအစ်ကိုနှစ်ယောက် အစစအရာရာ အစ်ကိုကြီး ဦးဆောင်ပြီး စီးပွားရှာခဲ့တယ်၊

ကျွန်တော့်ကို အစစအရာရာ သွန်သင်ညွှန်ပြဆုံးမခဲ့တယ်၊ အစ်ကိုကြီးကို ညီဖြစ်တဲ့ ကျွန်တော်က မိဘအရာထားပြီး အားကိုးခဲ့တယ်၊

အခုလို ထားရစ်ခဲ့ပြီး ရဟန်းပြုသွားမည်ဆိုပါက အကွပ်မဲ့ကြမ်း၊ ပရမ်းပတာဖြစ်ပြီး ဖခင်ကြီး စီစဉ်ပေးသွားသည့် လုပ်ငန်းများလည်း ပျက်စီးရမှာပါ"

ညီငယ် စူဠပါလက အားကိုးရာမဲ့ပြီဆိုကာ သည်းထန်စွာ ငိုကြွေးလျက် ရဟန်းမပြုရန် ကန့်ကွက်ပါတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်လူးလှိမ့်၍ပင် ငိုကာ ရဟန်းမပြုရေးဆန္ဒ ပြခဲ့ပါသည်။

မဟာပါလလည်း ညီဖြစ်သူ စူဠပါလ ငိုကြွေးနေစဉ်မှာပင် ကျောင်းတော်သို့ ပြန်လာ၍ ရဟန်းပြုလေတော့သည်။

အရှင်မဟာပါလသည် အပြစ်ကြီး အပြစ်ငယ်ကို ကပ်၍ရှုကာ ဆုံးမတတ်သော ဥပဇ္ဈာယ် ဆရာထံတွင် ငါးဝါပတ်လုံး နေထိုင်ကျင့်ဆောင်ခဲ့သည်။

ထို့နောက် ဘုရားရှင်ထံ ချဉ်းကပ်ကာ ...

"အရှင်ဘုရား တပည့်တော်သည် အသက်ကြီးမှ ရဟန်းပြုလာရသဖြင့် စာပေကျမ်းဂန် သင်ကြားခြင်းတည်းဟူသော ဂန္ထဓူရကို ထမ်းဆောင်ရန် မစွမ်းနိုင်ပါ၊

ဝိပဿနာ ဘာဝနာပွားများခြင်းတည်းဟူသော ဝိပဿနာဓူရကိုသာ ထမ်းဆောင်နိုင်ပါသည်၊

ထို့ကြောင့် ကမ္မဋ္ဌာန်းကိုသာ ပေးတော်မူပါ"ဟု လျှောက်ထား၏။

သို့ဖြစ်၍ မဟာပါလ မထေရ်အား ဘုရားရှင်က အရဟတ္တဖိုလ်ထိရနိုင်သော ကမ္မဋ္ဌာန်းကို ပေးတော်မူသည်။

မြတ်စွာဘုရား ခွင့်ပြုချက်ရပြီးသည်နှင့် မဟာပါလ မထေရ်သည် မိမိနှင့်အတူ လိုက်ပါလိုကြသော ရဟန်းခြောက်ဆယ်ကို





ဦးဆောင်ကာ ယူဇနာ (၂၀၀) ကွာဝေးသော တောရွာဇနပုဒ်သို့ ကြွရောက်သည်။

ထိုရွာကြီး၌ ဣန္ဒြေသိက္ခာ ပြည့်စုံစွာ ဆွမ်းခံဝင်လာကြသော ရဟန်းများကို ရွာသားများက ကြည်ညိုကြသဖြင့် ကျောင်းဆောက်ပေး၍ ကိုးကွယ်ထားကြသည်။

မဟာပါလမထေရ်သည် ထိုရွာကြီး၌ ဝါဆိုပြီးနောက် လုံးဝအိပ်စက်ခြင်းမပြုဘဲ၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း ဟူသော ဣရိယာပုထ်သုံးမျိုးဖြင့်သာ အပြင်းအထန် အားထုတ်သည်။

ဝါခေါင်လပြည့်ကျော်သို့ ရောက်သောအခါ မျက်စိရောဂါ ခံစားနေရလာ၏။

ရေအိုးပေါက်မှ ရေများတသွင်သွင် ပန်းထွက်သကဲ့သို့ မထေရ်၏ မျက်စိမှမျက်ရည်များ သုတ်၍မရနိုင်အောင် ယိုစီးလာကြသည်။

မထေရ်ကြီးသည် ညအချိန်ရှိသမျှ ဝေဒနာကို သည်းခံ၍ ဘုရားအားထုတ်လျက်သာ နေ၏။

အရုဏ်တက်ချိန်မှ ကျောင်းသခ်ိန်းသို့ ကြွတော်မူ၏။

ဆွမ်းခံချိန်ရောက်၍ ရဟန်းများကလာပြီး အကြောင်းကြားသောအခါမှ မျက်စိရောဂါ ခံစားနေရကြောင်း အဖြစ်မှန်ကို သိကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာကြီးမှာ နေထိုင်သော ဆေးဆရာက ရဟန်းတော်များ မနာမကျန်းဖြစ်ပါက ဆေးဝါးကုသပေး၍ ကုသိုလ်ယူပါမည်ဟု အကြောင်းကြားထားသည်။

မကျန်းမာသော ရဟန်းများရှိပါက အချိန်မရွေး အကြောင်းကြားပါရန်လည်း လျှောက်ထားခဲ့သည်။

သို့ဖြစ်၍ မဟာပါလ မထေရ်ကြီး မျက်စိရောဂါရနေကြောင်း ရဟန်းများက အကြောင်းကြားသောအခါ ထိုဆေးဆရာက ဆေးဆီကို ချက်၍ လှူလိုက်သည်။

မဟာပါလမထေရ်သည် အိပ်စက်ခြင်းကို လုံးဝပယ်ထားသဖြင့် ထိုင်လျက်ကပင် ဆေးဆီကို နှာခေါင်းမှပင်ထည့်သည်။

အိပ်၍ထည့်မှ ဆေးဆီဝင်၍ ရောဂါပျောက်မည်ဖြစ်ရာ ယခု ထိုင်လျက်သာ ထည့်သဖြင့် ဆေးစွမ်းမပြနိုင်ပေ၊ ဆေးဆရာသည် မထေရ်ကြီး၏ မျက်စိရောဂါ မသက်သာသေးသည်ကို တွေ့မြင်၍ မထေရ်၏ နေရာသို့ သွားကြည့်ရာ အဖြစ်မှန်ကိုသိသွားသဖြင့် ...

"အရှင်ဘုရား ဤသို့ မပြုပါလင့်၊ ရဟန်းတရားကျင့်သုံးခြင်းမျိုးသည် ကိုယ်ခန္ဓာကျန်းမာမှုတနေပါမှ ကျင့်ကြံအားထုတ်နိုင်ပါမည်၊ ဆေးအာနိသင် ထိရောက်အစွမ်းထက်ရန် အိပ်စက်၍ ဆေးဆီထည့်တော်မူပါ"

ဟု၍ လျှောက်ထားလေသည်။

"ဆေးဆရာ၏ လျှောက်ထားချက်ကို မဟာပါလမထေရ်က လက်မခံပေ။ ဆေးဆရာကို နှင်ထုတ်လိုက်ပြီးနောက် မျက်စိများ အဆုံးတိုင် ကွယ်ချင်ကွယ်ပစေတော့ဟု၍ မိမိစိတ်ကိုကြင်ကာ ဆက်၍ တရားအားထုတ်လေသည်"

ရောဂါမသက်သာသေးဘဲ ဆွမ်းခံဝင်လာပြန်သော မထေရ်ကို မြင်လတ်သော် ဆေးဆရာသည် သည်းမခံနိုင်တော့သဖြင့် ...

"အရှင်ဘုရား အရှင်ဘုရားတို့သည် မှုမှုတတ မကျိုးကြံကုန်သတား၊ ယနေ့မှစ၍ ဤမည်သော ဆေးသမားသည် ငါ့အတွက် ဆေးဆီချက်ပေးသည်ဟု၍ အရှင်ဘုရားတို့ မပြောကြပါနှင့်တော့၊ တပည့်တော်ကလည်း အရှင်ဘုရားတို့အတွက် ဆေးဆီချက်သည်ဟု၍ မပြောလိုတော့ပါ"

ဟု၍ စိတ်မကောင်းစွာနှင့် လျှောက်သည်။

မဟာပါလ မထေရ်သည် ကျောင်းသို့ ပြန်ရောက်သောအခါ "အဘယ်အကြောင်းကြောင့် သင်မေ့လျော့ရမည်နည်း" ဟု မိမိကိုယ်ကို တိုက်တွန်းနှိုးဆော်ကာ ဆက်လက်၍ တရားအားထုတ်၏။

ထိုညသန်းခေါင်လွန်သောအခါ မထေရ်ကြီး၏ မျက်စိလုံး







www.burmeseclassic.com

www.burmeseclassic.com



တို့သည်လည်း အဆုံးတိုင် ပေါက်ကွဲပျက်စီး၍ သွားကြကုန်၏

ရုံးဝမအိပ်ဘဲနေသော ဒဏ်များကြောင့် အတွင်းလေများ ဖောက်ပြန်ကာ ထိုးဖောက်လာသောကြောင့်ဖြစ်၏။

ထိုအချိန်မှာပင် ကိလေသာအပေါင်းတို့သည်လည်း အဆုံးတိုင် ပေါက်ကွဲပျက်စီးသွားကြကုန်၏။

ထိုအခါမှစ၍ စက္ခုပါလ ရဟန္တာအရှင်မြတ်ကြီးဟူ၍ တ ပရိသတ်များက လေးစားစွာ ခေါ်ဝေါ်လာကြလေသည်။

စက္ခုပါလ မထေရ်မြတ်ကြီးအတွက် ရွာသားများက ယာဂု ဆွမ်းများကို ကျောင်းသို့လာ၍ ပို့လှူကြ၏။

မထေရ်မြတ်ကြီးကလည်း တပည့်ပရိသတ်အပေါင်းတို့အား အမြဲမပြတ် ပဲ့ပြင်ဆုံးမလျက် ရှိသည်။

ဝါကျွတ်သော သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းခြောက် ကျိပ်လုံး ပဋိသမ္ဘိဒါ ဉာဏ်လေးပါးရရှိ၍ ရဟန္တာများဖြစ်ကုန်ကြ ကာ စပ်ကြယ်စွာသော ဝိသုဒ္ဓိပဝါရဏာကို ပြုနိုင်ကြပေသည်။

နောက်ပါ ရဟန္တာ ခြောက်ကျိပ်တို့သည် ဘုရားရှင်အား အဖူးမြော်သွားလိုကြသဖြင့် ...

"အရှင်ဘုရား တပည့်တော်တို့ လျှောက်တင်ပါရစေ၊ ယခု ခြေခင်းလက်ခင်း သာတဲ့အချိန်ရောက်ပြီမို့ မြတ်စွာဘုရား သီတင်း





သုံးနေတဲ့ ဇေတဝန်ကျောင်းတော်ကို သွားရောက်ပြီး ဘုရားရှင် ကို ဖူးမြော်လိုပါတယ်၊ အရှင်ဘုရားလည်း ဆန္ဒရှိပါ၏လော"

ဟူ၍ စက္ခုပါလ မထေရ်ကြီးထံ ခွင့်ပန်သောအခါ ...

"ငါ့ရှင်တို့ သင်တို့သွားနှင့်ကြကုန်လော့၊ ငါသည် အားနည်း လှသည်၊ ခရီးအကြားတွင်လည်း ဘီလူးတို့ သိမ်းပိုက်စိုးမိုး ထားသော တောအုပ်တစ်ခုရှိနေ၏၊

ငါနှင့်အတူ သင်တို့ခရီးသွားရလျှင် သင်တို့ပင်ပန်းကြကုန် လတ္တံ့၊ သင်တို့သွားနှင့်ကြကုန်လော၊

စင်စစ်အားဖြင့် ငါ၏ညီ စူဠပါလလည်း ငါ၏အဖြစ်ကို သိလျှင် ငါ့ထံသို့ တစ်စုံတစ်ယောက်ကို လွှတ်လိုက်လိမ့်မည် ထိုသူနှင့်အတူ လိုက်လာခဲ့မယ်"ဟူ၍ မိန့်ကြားတော်မူသည်။

ရဟန္တာခြောက်ကျိပ်တို့သည် ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလျှင် ဘုရားရှင်နှင့်တကွ၊ ရှစ်ကျိပ်သော သာဝကကြီးများကို ရှိခိုးဦးခိုက်ကာ နောက်တစ်နေ့တွင် စူဠပါလအိမ်ရှိရာသို့ ဆွမ်းခံ ဝင်ခဲ့ကြကုန်၏။

အရှင်မြတ်တို့ထံမှ နောင်တော် မထေရ်မြတ်၏ အဖြစ်ဆိုးကို ကြားရလျှင် စူဠပါလသူဌေးလည်း မြေ၌လူးလှိမ့်ငိုကြွေးကာ ...

"တပည့်တော် မည်သို့ပြုရပါမည်လဲ အရှင်မြတ်တို့ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလေလျှင် မထေရ်မြတ်အပေါင်းကလည်း …

“အံ့ယကာ မထေရ်ကြီးသည် ဤအရပ်မှ တစ်ပုံတစ်ယောက် ရောက်လာလိမ့်မည်ဟု မျှော်လင့်နေ၏။ မထေရ်ကြီးထံ တစ်ပုံ တစ်ယောက်ရောက်သွားလျှင် ထိုသူနှင့်အတူ ကြွလာလိမ့်မည်”

“ဤသို့ဆိုလျှင် တပည့်တော်၏တူဖြစ်သူ ပါလိက၊ လုလင်ကို စေလွှတ်ပေးကြပါဘုရား”

“ဒကာ … လူအသွင်ဖြင့် လွှတ်ရန်မသင့်ပေ။ ပါလိက လုလင်ကို ရှင်သာမဏေပြုပြီးမှ လွှတ်သင့်၏”

“ဤသို့ဆိုလျှင် သာမဏေပြု၍ လွှတ်တော်မူကြပါဘုရား”

စုရုံးပါလာသူဒွေး၏ သဘောတူညီချက်အရ ပါလိကလုလင်ကို ရဟန်းများက ရှင်သာမဏေပြုပေးကာ ဆယ့်ငါးရက်တာမျှ သပိတ် ကိုင်ပုံ၊ သင်္ကန်းစည်းပုံများကို သင်ကြားပေးပြီးမှ စက္ခုပါလ မထေရ်ကြီးထံ စေလွှတ်လိုက်ကြသည်။

ပါလိကသာမဏေသည် ဦးရီးတော် စက္ခုပါလ မထေရ်ရှိရာသို့ ရောက်ရှိကာ ဆယ့်ငါးရက်တာမျှ ပြုစုလုပ်ကျွေးနေသည်။

ထို့နောက်မှ ဇာတိရပ်ဌာနေသို့ ပြန်ကြွရန် လျှောက်ထားလေ သည်။

မထေရ်ကြီးကလည်း ပါလိက သာမဏေအား တောင်ဝှေး





ရှန်းကို အကိုင်ခိုင်းကာ ခရီးစထွက်လာကြသည်။

ထိုသို့လာခဲ့ကြရာ ရွေးယခင်က မထေရ်ကြီးနေခဲ့ဖူးသော ‘တဋ္ဌနဂရ’ မည်သော ရွာသို့ရောက်လာသည်။

ထိုရွာမှ အထွက်တွင် တောထဲမှ မိန်းမတစ်ယောက်၏ ထင်း ခွေရင်း သီချင်းဆိုနေလေရာ ထိုသီချင်းသံကို ပါလိက သာမဏေက သာယာစွဲမက်မိသဖြင့် …

‘အရှင်ဘုရား ခေတ္တစောင့်တော်မူပါ။ တပည့်တော်မှာ ကိစ္စ တစ်ခု ရှိလာပါသည်”

ဟု လျှောက်ထားပြီး ထိုမိန်းမရှိရာသို့ ထွက်သွားသည်။

မထေရ်ကြီးလည်း စောစောက ကြားခဲ့ရသော သီချင်းဆို သံနှင့် သာမဏေ၏ အပြုအမူတို့ကို ဆက်စပ်ကြည့်၍ အဖြစ်မှန်ကို ရိပ်စားမိသွားသည်။

ထို့ကြောင့် ထိုမိန်းမထံမှ သာမဏေပြန်လာလျှင် …

“ဤကဲ့သို့ ယုတ်မာသူသည် ငါ၏တောင်ဝှေးစွန်းကို ကိုင်ခွင့် မရှိပြီ”

ဟူ၍ မိန့်တော်မူသဖြင့် သာမဏေလည်း ထိတ်လန့်တုန်လှုပ် လျက် သင်္ကန်းများကို ချွတ်ကာ လူဝတ်ဖြင့် ကူညီမည့်အကြောင်း လျှောက်ထားသော်လည်း မထေရ်ကြီးက ခွင့်မပြုချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ပါလိကာလုလင်သည် ငိုယိုလျက် လွတ်ရာတော ဝင်ပြေးသွားရလေတော့သည်။

ထိုအခါ စက္ခုပါလ မထေရ်၏ သီလတန်ခိုးကြောင့် သိကြား မင်း၏ ပဏ္ဍုကမ္ဗလာသည် ပူလောင်လာသည်။

ဤတွင် သိကြားမင်းသည် စက္ခုပါလမထေရ်၏ အဖြစ် သိမြင်ကာ ခရီးသွားတစ်ယောက်၏ အသွင်ဖြင့် မထေရ်ကြီး ခရီးဖော်ပြု၍ ခေါ်လာခဲ့၏။

ရက်ပေါင်းများစွာ သွားရသော ခရီးရှည်ကြီးကို သိကြားမင်း မြေကြောရှုံ့၍ပေးသဖြင့် ထိုညနေမှာပင် သာဝတ္ထိမြို့သို့ ဆိုက် ရောက်သွားသည်။

မကြုံစဖူး ထူးလှသော ဤအခြေအနေကို မထေရ်ကြီး လည်း သတိပြုမိကာ ဤသူမှာ သာမန်လူသားမဟုတ်၊ နတ်သား တစ်ပါးဖြစ်ရာ၏ဟု တွေးမိသည်။

သိကြားမင်းသည် စက္ခုပါလ သူဌေးဆောက်ထားသော ကျောင်းသို့ မထေရ်ကြီးကို ပို့ဆောင်လိုက်သည်။

ထိုလူသားအသွင်ဖြင့် စူဠပါလသူဌေးထံသို့သွား၍ မထေရ်ကြီး ရောက်နေကြောင်း ပြောလေသည်။

စူဠပါလသူဌေးသည် မထေရ်ထံသို့လာ၍ ခြေတော်ရင်း





ဆူးလိုမ့်ငိုကြွေးပြီးလျှင် ကျွန်မမှ မွေးဖွားသော သားနှစ်ယောက် တို့ကို ကျွန်အဖြစ်မှ ထုတ်နုတ်ကာ ရှင်သာမဏေပြုရန် မထေရ်ကြီး ထံအပ်နှင်းသည်။

မထေရ်ကြီးက ထိုသူငယ်တို့ကို သာမဏေပြုပေး၏။ သာမဏေ နှစ်ပါးက မထေရ်ကြီးကို ရိုသေစွာ ပြုစုလုပ်ကျွေးကြသည်။

တစ်နေ့သောအခါ အရပ်လေးမျက်နှာမှ နေထိုင်ကြသော ရဟန်းတို့သည် ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူးရန် ရောက် လာကြ၏။

ထိုညဉ့်ဦးယံ၌ မိုးကြီးသည်းထန်စွာ ရွာသွန်းကာ သန်းခေါင် ယံ၌ မိုးစဲသွား၏။

မိုးစဲသွား၍ မကြာမီမှာပင် တွင်းအောင်းပိုးပလံများ ထွက်ပြူ လာကြလေသည်။

စက္ခုပါလမထေရ်သည် နံနက်တိုင်း စင်္ကြံထွက်နေကြဖြစ်၍ ထိုနံနက်မှာလည်း ခါတိုင်းလိုပင် စင်္ကြံကြသည်။

မထေရ်ကြီး နင်းမိ၍ စင်္ကြံပေါ်မှ ပိုးပလံများစွာ သေကြေပျက်စီး ကြရကုန်၏။ တပည့်သာမဏေများသည်လည်း ထိုအသေကောင် များကို တံမြက်စည်း မလှည်းမိသေးပေ။

ထိုအချိန်တွင် ဘုရားဖူးရန် လာကြသော ရဟန်းများက



www.burmeseclassic.com

www.burmeseclassic.com



ပိုးဖလံ အသေကောင်များကို မြင်သွားကြသည်။

"တာ ... ဒီမှာကြည့်ပါဦး ... မထေရ်ကြီး စကြံလျှောက်ရင်း နင်းသတ်ထားတဲ့ ပိုးကောင်လေးတွေ မနည်းပါလား"

"တရားလုပ်နေပြီး ဒီလောက်ကောင်လေးတွေ သေအောင် နင်းရတယ်လို့"

"ဘယ်လို ... တရားထူးရပျမလဲ ... ကုသိုလ်တစ်ခြ ရဲတစ်ဝိသသာပဲ ရမှာပေ့ါ"

တစ်ပါးနှင့်တစ်ပါး တွတ်ထိုးပြောဆိုရင်း ဘုရားကျောင်းဆီသို့ သွားကြတော့သည်။

စက္ခုပါလ မထေရ်ကြီးထံမှာ အလုပ်အကျွေးပြု နေထိုင်သော သာမဏေများကို ပိုးဖလံများ မလှဲမကျင်းမိ၍ ရဟန်းများ တွေ့၍ သွားပြီး ထိုအကြောင်းကို တစ်ပါးနှင့်တစ်ပါး အတင်းအဖျင်းစကား အဖြစ် ပြောဆိုနေကြတော့သည်။

"ငါ့အရှင်တို့ ဤရဟန်းကြီး၏ အမှုကို ရှုကြပါကုန်လော့။ ဤရဟန်းသည် မျက်စိကောင်းစဉ်က အိပ်စက်ငိုက်မြည်း၍နေပြီး လျှင် ယခုမျက်စိကွယ်ကာမှ စကြံလျှောက်သဖြင့် ဤမျှ များပြား လှသော သတ္တဝါတို့ကို နင်းသတ်ချေ၏။

အကျိုးရှိရန် ပြုသော်လည်း သူပြုသမျှတို့သည် အဖြစ်ကို





အပြုချေသည်တကား"

ဟူ၍ ကဲ့ရဲ့စကားဆိုကြကုန်သည်။

ထိုသို့ အချင်းချင်း ... စက္ခုပါလမထေရ်ကြီးအား အပြစ်တင် ပြောဆိုပြီးနောက် ထိုရဟန်းတို့သည် မြတ်စွာဘုရားအထံတော်သို့ ဝင်ရောက်ဖူးမြော်ကြသည်။

အခွင့်သာသည်နှင့် မြတ်စွာဘုရားအား မထေရ်ကြီး ပိုးဖလံ များနင်းသတ်သည့်အကြောင်း လျှောက်ထားကြသည်။

ဤတွင် ဘုရားရှင်က ...

"ရဟန်းတို့ ထိုမထေရ်ကြီး ပိုးဖလံတွေကို နင်းသတ်နေ သည်ကို သင်တို့ မြင်ကြသလော"

ဟူ၍ မေးတော်မူရာ ရဟန်းတော်တို့က ...

"တပည့်တော်တို့ မမြင်ကြပါဘုရား"

"ရဟန်းတို့ ထိုအမှုကို သင်တို့ မမြင်ကြသကဲ့သို့ ထိုပိုး ဖလံတို့ကိုလည်း စက္ခုပါလ ရဟန်းကြီး မမြင်ပေ၊

ရဟန္တာပုဂ္ဂိုလ်များမှာ သူတစ်ပါးအသက်ကို သေစေလို သော အစေတနာမရှိကြပေ"

ဟူ၍ မိန့်ကြားတော်မူ၏။

ထို့နောက် ရဟန်းတို့က မထေရ်ကြီး စက္ခုစစ်ကွင်းမျက်စိ



www.burmeseclassic.com

www.burmeseclassic.com



သွားရခြင်းအကြောင်းကို သိလိုသဖြင့် ဆက်၍ မေးလျှောက်တင်လေသည်။

"အရှင်ဘုရား အရပ်ဘတ္တဗိုလ်ကို ရနိုင်သော အကြောင်းတရား ရှိနေပါလျက် ထိုမထေရ်သည် အဘယ်ကြောင့် မျက်စိကွယ်ရပါသနည်း"

ဟု၍ မေးလျှောက်လေရာ ဘုရားရှင်က စက္ခုပါလ မထေရ်၏ ရှေးအတိတ်ကံကို ထုတ်ဖော်ဟောကြားတော်မူလေသည်။

*******

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီမြို့လေး၌ ကာသိမင်း မင်းပြုနေစဉ် ဆေးဆရာတစ်ဦးသည် ရွာနီးရုံများ၌ လှည့်လည်၍ ဆေးကုသနေသည်။

ရွာတစ်ရွာသို့ အရောက်တွင် မျက်စိရောဂါရနေ၍ စမ်းတဝါးဝါး သွားလာနေရသော မိန်းမတစ်ယောက်က ဆရာအားပင့်၍ ဆေးကုသသည်။

ထိုအမျိုးသမီးက အိမ်ထောင်ပျက်စီး၍ မုဆိုးမဖြစ်ကာ သားသမီးသုံးယောက်နှင့် ဆင်းရဲချို့တဲ့စွာ အသက်မွေးနေထိုင်ကြရသူဖြစ်သည်။

ဆေးမကုသေးစဉ် ဆရာက အမျိုးသမီး၏ အခြေအနေကို





ကြည့်ရှုအကဲခတ်မိသဖြင့် ကြိုတင်၍ မေးလိုက်သည်။

"အသင် ... ကျွန်ုပ်ဆေးကုသတာကတော့ ဟုတ်ပါပြီ၊ ဆေးဖိုးကော ... တတ်နိုင်ပါမည်လော"ဟု မေးလိုက်သည်။

ထိုအခါ ရောဂါရှင် မိန်းမက ခံစားနေရသော ရောဂါ အကြောင်း သိသဖြင့် ...

"ရောဂါပျောက်လျှင် သားသမီးများနှင့်တကွ အရှင့်ထံ ကျွန်ခံ ပါမည်ဟု ကတိပေးလေသည်"

ဆေးဆရာသည် ရောဂါရနေသော မျက်စိကို ဆေးကုရာ ဆေးတစ်ပုံတည်းနှင့်ပင် မျက်စိများ အကောင်းပကတိ ဖြစ်သွားကြလေသည်။

မျက်စိ ပြန်ကောင်းလာသော မိန်းမသည် မိမိ၏ ကတိအတိုင်း ကျွန်ခံရမည်ကို စိုးရိမ်လာသဖြင့် ...

"ကျွန်မ၏ မျက်စိများ ရှေးကထက် ပို၍ နာလာပါသည်"ဟု လိမ်လည်၍ ဆရာ့ကိုပြောသည်။

ဆေးဆရာကလည်း လူမမာအမျိုးသမီး လိမ်လည်၍ ပြောကြောင်း ရိပ်မိကာ အိမ်သို့ပြန်၍ ဆေးတစ်မျိုးကို ဖော်စပ်ပြီး ယူလာခဲ့သည်။

ထိုမိန်းမအား မျက်စဉ်းခပ်ရန်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့သော ဆေးက မစွမ်းသည့်အတွက် ရောဂါကို ဆေး မတိုးခြင်းဖြစ်သည်၊

သည့်အတွက် ပိုမိုအစွမ်းထက်သည့်ဆေးကို ပြန်လည်ဖော်စပ် လာခဲ့ပါသည်။ ယုံယုံကြည်ကြည်သာ မျက်စင်းခပ်ပါလေ"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်မရဲ့ ကတိအတိုင်း မျက်လုံး ပြန်မြင်တဲ့အချိန် ဆရာ့ထံ သားသမီးတွေနဲ့တကွ ကျွန်လာပြုပါ့မယ်"

"အေး ... အေး ... ကျွန်ုပ်ပြုတာကနောက် ... အရင်ဆုံး မပျောက်သေးတဲ့မျက်လုံးကို မျက်စင်းအရင်ခတ်လိုက်ဦး၊

ကဲ ... ဆေးယူထားလိုက် ညမအိပ်ခင် ဆေးခတ်ပြီးမှ အိပ်၊ ကဲ ... ဆရာပြန်တော့မယ်"

ညဘက်သို့ ရောက်သောအခါ မျက်စိရောဂါ ပျောက်ကင်း နေပြီဖြစ်သော မိန်းမလည်း ထို့ထက်ပို၍ ကောင်းချင်သောစိတ်နှင့် ဆရာညွှန်ကြားသည့်အတိုင်း မျက်စင်းကိုခတ်ပြီး အိပ်စက်လိုက်စဉ် မကြာခင်မှာပင် မျက်စိနှစ်လုံး ပေါက်ကွဲထွက်သွားတော့သည်။

ထိုဆေးဆရာသည် ယခု ဝါဘုရားပွင့်သည့် ကာလ၌ မဟာ ပါလသတို့သားဖြစ်လာသည်။

ယခု ရဟန္တာမထေရ်ကြီး မျက်စိနှစ်ကွင်း ပေါက်ထွက်





ခြင်းမှာ ရောဂါသည် အမျိုးသမီးကို မျက်စိကန်းအောင် ပြုလုပ် ခဲ့သည့် ဝဋ်ကြွေးကို ခံနေရခြင်းဖြစ်သည်။

ရဟန္တာဖြစ်သော်မှ ပြုလုပ်ခဲ့သော ဝဋ်ကြွေးက ရှောင်လွှဲ၍ ရေပါချေ။ ဘုရားရှင်သည် အရှင်စက္ခုပါလ မထေရ်ကြီး၏ ဤ သို့သော အကုသိုလ်ကံကို ထုတ်ဖော်တော်မူကာ ...

"ရဟန်းတို့ ထိုအခါက စက္ခုပါလပြုခဲ့ဖူးသော ထိုအကုသိုလ် ကံသည် သူ့နောက်သို့ အစဉ်လိုက်ပါ၍ နေပေသည်"ဟူ၍ မိန့်ကြား တော်မူပြီးလျှင် ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော် မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူသည်။

တရားနာပရိသတ်အပေါင်းနှင့် ရဟန်းသာမဏေ အပေါင်းတို့ သည်း သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်း မကောင်းသော အပြုအမူတို့သည် မည်သည့်တဝသို့ပင် ရောက်နေပါစေ ထိုဝဋ်ကြွေး ကို ခံရစမြဲဟု သိသွားသဖြင့် ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ကာ ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ကောင်းမှု၌ မွေ့လျော်ကြလေ ကုန်သတည်း။

(ဓမ္မပဒ)

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ၄၄။ ပြိတ္တာဖြစ်သွားသောမိသားစု

အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးသည် ခရီးလှည့်လည်သွားလာရင်း 'ဝိဇ္ဈုဋ္ဌဝီ'အမည်ရှိသော တောအုပ်ကြီးသို့ ရောက်ခဲ့သည်။

စိမ်းညို့ညို့ တောင်တန်းနှင့်အတူ သစ်ပင်ကြီးငယ်တို့ကလည်း ပင်ချင်းယှက်မျှ ပေါက်ရောက်နေကြသည်။

သစ်ပင်ကြီးများပေါ်မှ ကျေးငှက်သာရကာတို့က တေးသံအောင်မြည် ဟစ်ကြွေးနေသည်။

သစ်ပင်အချို့ထက်မှ ရောင်စုံပန်းပွင့်တို့ကလည်း လှချစ်တိုင်းလှနေသည်။

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်လည်း လူသွားထားသည့် လမ်းလေးအတိုင်း တဖြည်းဖြည်းချင်း လျှောက်လှမ်းသွားနေသည်။





ထိုကဲ့သို့ လျှောက်လှမ်းသွားနေရာက ထူးထူးခြားခြား အသွင်သဏ္ဌာန်လေးမျိုးရှိနေသည့် ပြိတ္တာတစ္ဆေလေးဦးကို တွေ့လိုက်သည်။

ထိုပြိတ္တာလေးဦးကို အရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးက တည်ငြိမ်စွာကြည့်လိုက်ပြီး စိတ်ထဲမှ ...

"ထူးခြားလှပေစွ"ဟု မှတ်ချက်ချလိုက်သည်။

ပြိတ္တာလေးဦးက သူတို့၏ ဝဋ်ကြွေးများ ဒုက္ခမွှမ်ခံစားနေရ၍လည်းဖြစ်သည်။

တစ္ဆေပြိတ္တာတစ်ဦးမှာ ...

ရဲရဲပြောင်ပြောင် တောက်လောင်နေသည့် ဖွဲနှင့် စပါးမှော်တို့အား လက်နှစ်ဖက်နှင့်ဆွဲယူလျက် မိမိ၏ ဦးခေါင်းထက်သို့ ကြဲဖြန့်ကာ ကြီးစွာဆင်းရဲဒုက္ခခံစားနေသည်။

တစ်ဦးသော ပြိတ္တာက သံမြင့်ပြုလုပ်ထားသော ပေါင်းပုတ်လက်ရိုက်၊ လက်နက်တို့ဖြင့် မိမိ၏ ဦးခေါင်းအား မိမိကိုယ်တိုင်ထုခွဲ၍ ဆင်းရဲဒုက္ခမျိုးစုံ ခံစားနေရ၏။

ကျန်ပြိတ္တာတစ်ဦးက မိမိ၏ ချွန်ထက်သော လက်သည်းများဖြင့် မိမိ၏ ကျောကုန်းသားကို အတိုင်းမသိ လှီးဖြတ်စား၍ ဒုက္ခခံစားနေ၏။

နောက်ဆုံးလေးယောက်မြောက် တစ္ဆေပြိတ္တာက များပြားလှ



www.burmeseclassic.com

www.burmeseclassic.com



သော ပိုးလောက်တို့ဖြင့် ပြွမ်းပြီး အနံ့အသက် ဆိုးရွားလှသော မစင်တို့အား လက်နှစ်ဖက်ဖြင့် သိမ်းကျုံးယူ၍ စားသောက်ပြီး ခုက္ခခံစားနေသည်။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ထိုတစ္ဆေပြိတ္တာလေးဦး၏ အဖြစ်ကိုကြည့်ရင်း ကရုဏာ သက်သွားမိ၏။

"အင်း ဆင်းရဲမှုက ကြီးစွာခံရဘိ၏"

ဟု ရေရွတ်ပြီး ပြိတ္တာလေးဦးအား အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးက ...

"သင်တို့သည် အတိတ်ဘဝက မကောင်းမှု အကုသိုလ်ကံကို ပြုခဲ့သဖြင့် ဤသို့ ခံစားရသနည်း" ဟု မေးလေသည်။

ထိုအခါ ပြိတ္တာတစ္ဆေတို့မှ သူတို့၏ အတိတ်ဘဝအကြောင်း အဖြစ်အပျက်များကို ပြောပြခဲ့လေသည်။

*******

သာဝတ္ထိပြည်အနီးတွင် ရွာငယ်များစွာရှိ၏။ ထိုရွာငယ်များ အနက် တစ်ခုသော ရွာငယ်၌ ကောက်ကျစ်စဉ်းလဲသည့် ကုန်သည် တစ်ဦးရှိသည်။

သူ့တွင် ဇနီးမယားနှင့် သားတစ်ယောက်ရှိသလို သားတွင် ဇနီးရှိပြီး အတူတကွ နေထိုင်ကြသည်။



သူတို့မိသားစု လေးဦးစလုံး စိတ်ထားကောက်ကျစ်ကြသည်။ ထိုကုန်သည်သည် မိမိအကျိုးမှတစ်ပါး အခြားကိစ္စ ဘာမှမသိ၊ ကုန်သည်အချင်းချင်းအပေါ် အသာရလိုစိတ်သာရှိသည်။

မိမိအကျိုးအတွက်ဆိုလျှင် တောင်းနှင့်ချိန်တွယ်လျှင် တောင်း ပြည့် တင်းပြည့် မည်သည့်အခါမှမရှိ။

ချိန်တွယ်ရမည့် ပစ္စည်းမျိုးဆိုလျှင် အချိန်အတွယ် မှန်ကန်မှု မရှိ။ ထိုကုန်သည်သည် သူ့ဘက်က အသာရအောင် အမြဲကျင့် ကြံဆို ယူငင်တတ်သည်။

"ဟေ့ ဖေတလူ၊ မင်းကိုမှိုင်းထားတဲ့ ကိစ္စ၊ သလေးဖျင်း၊ သလေးပျက်တွေ ရခဲ့ပြီးပြီလား"

"ရခဲ့ပါတယ် သူဌေးမင်း။ သလေးဖျင်း၊ သလေးမှော်တွေ အတော်များများရခဲ့ပါတယ်"

"မနေ့က သယ်ယူထားတဲ့ မြေမှုန့် ခဲလေးတွေနဲ့ ရော လိုက်ပြီး သလေးစပါးနီမျိုးထဲ ထည့်ရောမွှေလိုက်ရင် ဘယ်သူ သိနိုင်တော့မှာလဲ သူဌေးမင်း"

"ဒီကိစ္စ ဘယ်သူ့မှ မပေါက်ကြားစေနဲ့။ လုပ်စရာရှိတာ မင်း ဦးစီးပြီး စိတ်ချရတဲ့ မင်းလူသုံးလေးယောက်ခေါ် လုပ်သွား လိုက်၊ ငါလုပ်အားခပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ သူဌေးမင်း ရောနှောပြီးသား သလေးစပါးတွေ ပွဲရုံအရောက် ပို့ပေးပါ့မယ်"

သို့ဖြင့် နီသော သလေးစပါးများနှင့် ရောနှော၍ တင်းတောင်းများနှင့် ချင်တွယ်ရောင်းချသည်။

ထို့ပြင် ချိန်တွယ်ရောင်းချရန်ရှိသော ကုန်ပစ္စည်းများကိုလည်း ချိန်တွယ်မည့် အလေးများကို လျော့အောင်ပြုလုပ်ထားသလို ကုန်ပစ္စည်းများကိုလည်း အလေးချိန်စီးအောင် လုပ်ထားသေးသည်။

ဝယ်သူစိတ်ကျေနပ်အောင် မလုပ်ဘဲ သူ့စီးပွားချမ်းသာအောင်သာ အစဉ်အမြဲ လုပ်ခဲ့သည်။

ထိုကုန်သည်၏သားသည်လည်း ဖခင်ကဲ့သို့ စိတ်ထား ကောက်ကျစ်သလို စရိုက်လက္ခဏာကြမ်းသည်၊ မိဘတို့ကိုလည်း ရိုသေရကောင်းမှန်း မသိ။

တစ်နေ့တွင် ထိုကုန်သည်၏သားသည် အရုပ်ဆိုး အမြင် မတော်သည့် အပြုကို ပြုမူခဲ့သည်။

ထိုသားထံသို့ ဧည့်သည်တစ်ယောက် ရောက်လာခဲ့သည်။ ထိုအချိန် တိုက်ဆိုင်စွာ မိခင်ကြီးမှာ ခေါင်းကိုက်သဖြင့် အိပ်ရာ ပေါ်လှဲနေသည့်အချိန်ဖြစ်သည်။

ခေါင်းကိုက်သည့် ဝေဒနာကြောင့် ဧည့်သည်ကို ထိုင်ခိုင်း





ထားပြီး ကျွေးမွေးမည့်ခံနိုင် ဖြစ်နေသည်။

ထိုအချိန် သားဖြစ်သူက ဇနီးဖြစ်သူနှင့်အတူ အပြင်သွားရာမှ ပြန်ရောက်လာသည်။

"ဟာ မိတ်ဆွေ ရောက်နေတာ ကြာပြီလား"

"အနည်းငယ် ကြာပါပြီ"

"ထမင်းသုံးဆောင်ချိန်တောင် လွန်နေပြီ၊ အမေ့ကို မှာထားခဲ့တယ်၊ ဒီနေ့ ဧည့်သည်လာစရာရှိတယ်၊ ကျွန်တော်တို့ လင်မယား အပြင်မသွားလို့မဖြစ်တဲ့ကိစ္စကြောင့် သွားရမယ်၊

ဧည့်သည်ရောက်လာရင် အစာပြေ စားချိန်ဆို အစာပြေ ထမင်းစားချိန်ဆို ထမင်းကျွေးထားဖို့ အမေ့ကို သေသေချာချာ မှာထားခဲ့တယ်၊

အခုတော့ နေ့လည်စာ စားချိန်ကျော်နေပြီ၊ ကျွန်တော်တို့က ဗိုက်ဆာတာနဲ့ လမ်းမှာဝယ်စားခဲ့ကြတယ်၊ မိတ်ဆွေကို အမေ ထမင်းထည့်မကျွေးဘူးထင်တယ်"

"ဒေါ်လေး ခေါင်းကိုက်လို့ အိပ်ရာထဲမှာ ဟုံးလုံးလှဲနေတယ်၊ ရပါတယ်မိတ်ဆွေ၊ ထမင်းတစ်နပ်မစားရတာ အကြောင်းကိစ္စ မဟုတ်ပါ၊

မိတ်ဆွေ ရောက်လာပြီဖြစ်လို့ ကျုပ်တို့ စီးပွားရေးကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ပြောကြတာပေါ့”

“မတတ်သေးဘူး မိတ်ဆွေ၊ ကျုပ်ဇနီးကလည်း ကျုပ်နဲ့ ပါသွားတော့၊ အဖေကလည်း ပွဲရုံရောက်နေတယ်၊ အမေ့ကို ဧည့်သည် လာရင် သေသေချာချာ ဧည့်ခံကျွေးမွေးဖို့ မှာထားတော့ ကျုပ် ဧည့်သည်ကို ပစ်ထားတယ် တောက် ... သိဦးမယ်”

“ကဲ ... လူကြီးကို စိတ်မဆိုးပါနဲ့။ မိတ်ဆွေ ကိစ္စပြီးတာနဲ့ ကျုပ်လည်း ပြန်မှာပါ”

ထို့နောက် ဧည့်သည်ပြန်သွားသည်နှင့် သားဖြစ်သူလည်း မိခင်ဖြစ်သူအား မကြားဝံ့မနာသာ ဆဲဆိုပြီး လှည်းတွင် အသုံး ပြုသည့် လှည်းစည်းကုန်းသားရေကြိုးကို ဆွဲယူကာ မိခင်ကို ရိုက်နှက်၏။

“ကျုပ် ဧည့်သည်ကို အခုလိုဆက်ဆံလိုက်တော့ ကျုပ်မျက်နှာ ပျက်ရတာပေါ့၊

ခင်များကြီးကို ခွင့်မလွှတ်ဘူး”

မိခင်မှာ နေမကောင်းသည့်ကြားက သား၏ ရိုက်နှက်မှုကြောင့် အိပ်ရာပေါ် လဲတော့သည်။

ထို့ပြင် သား၏ဇနီးကလည်း အသားအစားကြူးသည်။

အသားဟင်းချက်လျှင် အိမ်သားတွေ ကောင်းကောင်း စားရ



သည်မရှိ။

မယရ ယောက်ျားဖြစ်သူက အပြင်က ပြန်လာစဉ် ဝက်သား တစ်တွဲဆွဲပြီး ပြန်လာသည်။ ဇနီးဖြစ်သူအား ချက်ခိုင်းလိုက်သည်။

ဟင်းချက်ရင်း ဟင်းတစ်တုံး မြည်းစမ်းကြည့်ရာမှ တစ်တုံး ပြီးတစ်တုံး နှိုက်ယူစားနေတော့သည်။

စားချိန်ရောက်၍ ထမင်းဝိုင်းမှာ ဝက်သားဟင်း အနည်းငယ် သာ တွေ့သဖြင့် လင်ဖြစ်သူက မေးသည်။

“ကျွန်မ ချက်တုန်းကတော့ ချက်တာပဲ၊ ဟင်းကျက်တော့ လည်း အပေါ်အလွှာ အသားတစ်တုံးမြည်းပြီး မီးဖိုပေါ်က ချထားခဲ့ တာပဲ၊ တိရစ္ဆာန်တစ်ကောင်ကောင်များ ဝင်နှိုက်စားသွားတာလား မသိဘူး၊ ဒီပန်းကန်ဝက်လောက်ပဲ ကျန်တော့တယ်”

“နင်ချက်တာ ... နင်မစားလို့ ဘယ်သူစားမှာလဲ”

“ကျွန်မမစားပါဘူး”

“မိန်းမ မင်းအကြောင်း ငါသိတယ်၊ စားရင်စားတယ်ပြော”

“ရှင်မယုံဘူးလား ကျုပ် ကျိန်ပြောရမလား”

“မင်းကျိန်ပြလည်း ငါမယုံတာက မယုံတာပဲ၊ ဒီကတယ်ပဲ ဘယ်တော့မဖြစ်ဖြစ် အသားဟင်းချက်တိုင်း စားသူမရှိဘဲ ပျောက်သွားနေ တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘယ်လိုပြောပြော မယုံဘူး ...၊ ကျွန်မသည် ဝက်သားဟင်းကို စားလိုက်သည်ဆိုပါက ဖြစ်လေရာဘဝတိုင်း မိမိကျောကုန်းသားကို လှီးဖြတ်စားရပါစေသား"ဟူ၍ ကျိန်တွယ် ပြောဆိုလေသည်။

ထို့အခါ ကုန်သည်ကြီး၏ ဇနီးမယားကလည်း အသက်ကြီး သော်လည်း စကားကို လိမ်လည်ပြောဆိုတတ်သည်။

နှမြောတွန့်တိုတတ်၍ တစ်ဦးဦးက ပဲ့ငွေးတောင်းလျှင် တန်ဖိုးမရှိသော ပစ္စည်းဖြစ်ပါစေ၊ မရှိပါဟု ပြောတတ်သည်။

"အစ်မကြီးရယ် ကျွန်မကို ကူညီပါ ... စားရေးသောက်ရေး ခက်ခဲနေလို့ ငွေတစ်ပြားလောက်ဖြစ်ဖြစ် ချေးငှားပါ"

"မင်းရဲ့ ဦးလေးက ငါ့ကို ငွေအပ်တာ မတွေ့တတ်ဘူး။ ငွေ တစ်ပြားမပြောနဲ့၊ ငွေတစ်စတောင် မရှိပါဘူး"

"တစ်ကျပ် မချေးနိုင်ရင် ငွေတစ်စလောက်ပဲ ချေးငှားပါ ကျွန်မယောကျ်ား အလုပ်သွားလုပ်ရာက ပြန်လာရင် ပြန်ဆပ်ပါ့မယ်"

"နင့်ယောကျ်ား ပြန်လာရင် ငွေတစ်စပါမယ်ထင်လို့လား ငါ့မှာလည်း မရှိပါဘူးကွယ်၊ ငါရှိရက်နဲ့ မရှိဘူးလို့ ပြောနေ တာဆိုရင် ဖြစ်လေရာ ဘဝတိုင်း မစင်စားရပါစေ"

ဟူ၍ ပိုက်ဆံမချေးငှားချင်သဖြင့် 'မရှိဟု' ငြင်းဆိုကာ ...



သုံးကြည်အောင် ကျိန်တွယ်ပြောဆိုတော့သည်။

ထိုမိသားစုလေးဦးတို့သည် သက်တမ်းစေ့၍ ကွယ်လွန်ကြ သောအခါ ပြိတ္တာဘုံ၌ ပြိတ္တာများ သွားဖြစ်ခဲ့ကြသည်။

ပြိတ္တာတို့သည် မိမိတို့ဘဝဖြစ်စဉ်များနှင့် ပတ်သက်ပြီး အရှင် မဟာမောဂ္ဂလာန်မထေရ်အား သူတို့၏ အဖြစ်အသီးသီးကို ပြောပြ ကြသည်။

တစ္ဆေပြိတ္တာကြီးက ရဲရဲတောက်လောင်နေသည့် ဝပါးဖွဲ့တို့ ခေါင်းပေါ်ကျဲချရင်း ဆင်းရဲဒုက္ခခံရပုံကို ပြောပြသည်။

သားဖြစ်သူ ပြိတ္တာက သံတူများဖြင့် အဆက်မပြတ် မိမိ ခေါင်းကို ရိုက်နှက်ခံစားနေရသည့်အကြောင်း ပြောပြသည်။

သား၏ဇနီးတော်စပ်ခဲ့သူ ပြိတ္တာမက လက်သည်းများဖြင့် ကျောကုန်းသားကို ဖွဲ့ဆုပ်ကာ စားနေရကြောင်း ပြောပြသကဲ့သို့

ကုန်သည်ကြီး၏ ဇနီးဟောင်း ပြိတ္တာမကြီးက

အရှင်ဘုရား မြုခဲ့သော ကံတို့သည် ပျောက်ပျက်သွားသည် မရှိပါ။ သို့ကြောင့် ကျွန်ုပ်သည် အနံ့ပုပ်ဟောင်ပြီး ပိုးလောက်တို့နှင့် ပြည့်နေသောမစင်ကို ဒုက္ခကြီးစွာ စားသုံးနေရပါ၏ ဘုရား"

ဟူ၍ လျှောက်ထား ရှင်းပြလေသည်။

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးသည် သားဖွဲ့ပြည်

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်ရောက်ပြီး ဇေတဝန်ကျောင်းတော်သို့သွားလေ၍ ဘုရားရှင်၏ တရားသဘင်၌ ထိုပြိတ္တာလေးဦးအကြောင်း မြတ်စွာဘုရား အရှင်မြတ်ကြီးအား လျှောက်ထားလိုက်သည်။

ဘုရားရှင်လည်း မိဘကို စော်ကားခြင်း၊ စားဦးစားဖျား စားသောက်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ ကျိန်တွယ်ညာပြောခြင်းတို့ကြောင့် ခံစားရသော ဝဋ်ဒုက္ခများကို တရားနာပရိသတ်တို့အား ပြောဆိုရှင်းပြ၍ တရားနာကြားရသောကြောင့် ပရိသ်သတ်တို့လည်း ထိတ်လန့်သော နှလုံးရှိသဖြင့် ထိုအပြုအမူများကို ရှောင်ကြည်ပြီး ဒါနအမှု၊ သီလအမှုကို များစွာအားထုတ်ကြသည့်အတွက် အကျိုးရှိကြကုန်၏။

**ဧကန်မင်း**

www.burmeseclassic.com